

mgyoe.com

SAMPLE BOOK

# မှတ်ထုံးထင်စွာ

ဇင်သန့်


# THE WHISTLER

JOHN GRISHAM

designed by tin htoon

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

SAMPLE BOOK

ပထမ အကြိမ်၊ ၂၀၁၉၊ ဖေဖော်ဝါရီ

| | |
|---|---|
| မျက်နှာဖုံး | ပန်းချီ တင်ထွဏ်း |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၅၀၀၀ ကျပ် |
| မျက်နှာဖုံးနှင့် အတွင်း ပုံနှိပ်သူ | ဒေါ်ခင်စီ (၀၂၄၈)၊ ပြည်ဦးဘော ပုံနှိပ်တိုက် ၁၅၈၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဒေါ်သင်းသင်းမွန် (၀၀၃၇၂)၊ သင်း စာပေ ၁၉၊ ယောသကလမ်း၊ သာယာကုန်း ရပ်ကွက်၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်။ |

mgyoe.com

mgyoe.com
SAMPLE BOOK

# ဇင်သန့်
# မှတ်ထုံးထင်စွာ

**THE WHISTLER**

John Grisham

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၁

ဂြိုဟ်တုမှ ထုတ်လွှင့်သော ရေဒီယိုမှ ဂျက်ဇ် တေးသွားလေးက ငြိမ့်ငြိမ့်ကလေး လာနေသည်။ လေစီမှာ ရက်ပ် တေးသွားများကို မကြိုက်။ ကားပေါ် ပါလာသည့် ဟူဂိုကလည်း ခေတ်သစ် ကျေးလက် သီချင်းများကို မကြိုက်တတ်။ အခြား ရာချီသော ရေဒီယို အသံလွှင့် ဌာနများကိုလည်း နှစ်ယောက်စလုံးက နား မထောင်ချင်ကြ။ သူမကလည်း စိတ်လောနေ၊ ဟူဂိုကလည်း နွမ်းနယ်နေသဖြင့် စောစောစီးစီး ဂျက်ဇ် တီးလုံးသည်သာ အဆင်ပြေဆုံး။ ငြိမ့်ငြိမ့်ကလေး ဖွင့် ထားသဖြင့် နှစ်ခြိုက်စွာ ငိုက်မျဉ်းနေသော ဟူဂိုကိုလည်း အနှောင့်အယှက် မဖြစ်နိုင်။ သူတို့ နှစ်ယောက် နှစ်ပေါင်း များစွာ အလုပ် အတူ တွဲလုပ်လာသည့် ကာလ အတွင်း ထိုသို့လျှင် အပေးအယူ မျှခဲ့သည်။ သူမက ကားမောင်းလာ သည်။ သူကလည်း အိပ်လာသည်။ အဆင်ကို ပြေလို့။

မဟာ စီးပွားရေး ကပ်ကြီး မတိုင်မီက တရားရေး ဆိုင်ရာ ဘုတ်အဖွဲ့ တွင် နိုင်ငံပိုင် ဟွန်ဒါ အမျိုးအစား ကားကလေးများသာ ရှိခဲ့သည်။ အဖြူရောင် ထိုကားလေးများမှာ ခရီးဝေး သွား၍ မရ။ ဌာန၏ ဘတ်ဂျက် အသုံးစရိတ် လျှော့ချလိုက်သော်လည်း နောက်ပိုင်း ထိုကားများ မရှိတော့။ လေစီနှင့် ဟူဂို တို့ အပါအဝင် ပြည်သူ့ ဝန်ထမ်း အားလုံး ပြည်နယ် အလုပ်ကို ကိုယ့်ကား ကိုယ်စီးကာ လုပ်နေကြရသည်။

ဟူဂိုမှာ ကလေး လေးယောက် ရှိပြီး အိမ်အတွက်လည်း အရစ်ကျ ငွေ သွင်းနေရသဖြင့် ကားအမျိုးအစားဟောင်း ဘရွန်ကို ကားကိုသာ စီးနိုင်သည်။ ထိုကားမှာ ရုံးကို လာရုံလောက်သာ စီးနိုင်သည်။ ခရီးဝေး ဆိုသည်မှာ ဝေး ရော။ ထို့ကြောင့် ကားပေါ်တွင် သူ အိပ်၍ ပါလာခြင်း ဖြစ်သည်။

ထိုသို့ စကား ပြောမနေရသည်ကို လေစီ ကြိုက်သည်။ သူမ၏ အမှုတွဲ များကို သူမဘာသာ ဆောင်ရွက်လေ့ ရှိသည်။ အခြား လုပ်ဖော်ကိုင်ဖက်များ



mgyoe.com

mgyoe.com SAMPLE BOOK

လည်း ထိုနည်း အတိုင်းပင်။ လူများတော့ ဇယား ရှုပ်သည်။ သည်လိုနှင့် တရားရေး လုပ်ငန်း ဆောင်ရွက်မှု စောင့်ကြည့်ရေး ဘုတ်အဖွဲ့ (ဘီဂျေစီ) တွင် အမှု လက်ကျန် ခြောက်မှုသာ ကျန်တော့သည်။ လူဦးရေ သန်းနှစ်ဆယ် ရှိသော သူမ၏ ပြည်နယ်တွင် တရားရုံးပေါင်း ခြောက်ရာ ရှိပြီး တရားသူကြီး တစ်ထောင် ရှိကာ နှစ်စဉ် အမှုတွဲပေါင်း သန်းဝက်ခန့် စီရင်နေရသည်။ ထို တရားသူကြီး အားလုံး ရိုးသား ကြိုးစားကာ သမာသမတ်ကျကြသဖြင့် လေစီ ဝမ်းသာနေရသည်။ သို့မဟုတ်ပါက သူမ အလုပ် ထွက်သည်မှာ ကြာပြီ ဖြစ် သည်။ စင်းလုံး မချောသည့် တရားသူကြီး အနည်းငယ်ကြောင့်သာ လေစီ တစ်ပတ်လျှင် နာရီ ငါးဆယ် အလုပ် လုပ်နေရခြင်း ဖြစ်သည်။

သူမက အချက်ပြ ခလုတ်ကို အသာ နှိပ်ကာ ခြံဝင်ပေါက် အတိုင်း ခပ် ဖြည်းဖြည်း မောင်းဝင်လိုက်သည်။ ကားကို ရပ်လိုက်သည်နှင့် ဟူဂို ငေါက် ခနဲ နိုးလာကာ 'အခု ဘယ်ရောက် နေပြီလဲ'

'ရောက်တော့မယ်၊ မိနစ် နှစ်ဆယ်လောက်ပဲ လိုတော့တယ်၊ ရှင် ပြတင်း ပေါက် မှန်ကို မှီပြီး တစ်ရေး ခေါလို့ ရသေးတယ်'

'ဆောရီးဗျာ၊ ကျုပ် ဟောက်များသွားမိလား မသိဘူး'

'ရှင့်မိန်းမ ပြောတာကတော့ ရှင်က အမြဲ ဟောက်တတ်တယ်တဲ့'

'အမယ်၊ ကျုပ်က မနက် သုံးနာရီ ကတည်းက ကိုယ်ဝန်ကြီးနှင့် သူ့ကို အိမ်ပေါ်မှာ လမ်းတွဲလျှောက်ပေးနေတာပါဗျာ၊ ဗိုက်ထဲက ကလေးကတော့ မိန်းကလေး ဖြစ်မယ် ထင်တာပဲ၊ ဒါနှင့် သူ့နာမည် ဘာပါလိမ့်'

'မိန်းမကို ပြောတာလား၊ ကလေးကို ပြောတာလား'

'ဟား ဟား ဟား ဟား'

ချစ်စရာ ကောင်းပြီး မကြာခဏ ကိုယ်ဝန် ရှိနေသော ဇာနာကလည်း ခင်ပွန်းသည် ဟူဂိုနှင့် ပတ်သက်သည့် အတွင်း စကားတွေကို သိပ်မပြော တတ်။ ထိုသည်ကလည်း ခင်ပွန်းသည် အပေါ် အလိုက်သိသည့် သဘော ဖြစ် သည်။

ဟူဂိုကလည်း ကျောင်းတုန်းက ဘောလုံး အကျော်အမော်။ ဖလော်ရီဒါ ပြည်နယ်တွင် သူက ထိပ်တန်း တစ်ယောက်။ ပွဲထွက် လူစာရင်းတွင်လည်း သူ အမြဲ ပါသည်။ သည်လိုနှင့် နောက်တန်းက ကစားသော ဟူဂိုမှာ ကျောရိုး ဒဏ်ရာ ရခဲ့သည်။ သူက ပြန်ကစားရန် အားခဲထားသော်လည်း သူ့မိခင်က ခွင့်မပြုခဲ့။ သို့ဖြင့် ကျောင်းတွင် ဂုဏ်ထူးဖြင့် အောင်ကာ ဥပဒေကျောင်းကို

mgyoe.com

mgyoe.com SAMPLE BOOK
တက်ခဲ့သည်။ ထို့ကြောင့် သူ၏ အားကစား စန်းမှာလည်း လွင့်ပြယ်ခဲ့တော့သည်။ သို့သော် ထိုအားကစားကို ဝါသနာ ကြီးနေဆဲ။

'မိနစ် နှစ်ဆယ် လိုသေးတယ် ဟုတ်လား' သူက မေးသည်။

'လိုလို မလိုလို ရှင် အိပ်ချင်ရင် ကျွန်မ ကားကို စက်နှိုးထားခဲ့မယ်၊ ကားထဲမှာ တစ်နေ့လုံး အိပ်နေ'

သူက ညာဘက်သို့ တစ်ချက် လူးလွန့်လိုက်ကာ မျက်စိ မှိတ်လျက် 'ကျုပ် တခြား တစ်ယောက်နှင့်သာ တွဲပြီး အလုပ် လုပ်ချင်တော့တယ်'

'ဒါလည်း ကောင်းတာပဲ၊ ဒါပေမဲ့ ရှင်နှင့် ဘယ်သူမှ တွဲမလုပ်ချင်ကြဘူး'

'ကားကြီးကြီး ရှိတဲ့ တစ်ယောက်နှင့်ပေါ့'

'အဲဒီ ကားမျိုးက တစ်ဂါလန်ကို မိုင်ငါးဆယ်ပဲ ရမယ်'

ဟူဂိုက ပိုလန်းလာပြီး တအင်းအင်း တအဲအဲ အပျင်းဆန့်ကာ မတ်မတ် ထထိုင်သည်။ ပြီးတော့ မျက်လုံးကို ပွတ်ကာ 'တို့တွေ ဘာပြောနေကြတာလဲ'

'ကျွန်မတို့ တယ်လာဟက်စီက ထွက်လာကတည်းက ရှင်နှင့် ဒါတွေပဲ ပြောခဲ့ရတာ၊ ရှင် မခေါ်ခင်ပေါ့'

'ကျုပ် မောင်းပေးမယ်လို့ ပြောပါသေးတယ်'

'ဟုတ်ပါတယ်၊ မျက်စိ တစ်ဖက်က အိပ်ရင်း မောင်းမှာလား၊ တော်ပါတော့၊ ဒါထက် ပစ်ပင်ကလေးရော နေကောင်းလား'

'အရမ်း ငိုတာပဲကွာ၊ ကျုပ် အတွေ့အကြုံ အရ ကလေး ဆိုတာ စားချင်ရင်၊ သောက်ချင်ရင်၊ အနီး စိုရင်၊ အမေ့ကို မတွေ့ရင် ငိုရမယ်၊ ဒီကလေးက ဒီလို မဟုတ်ဘူး၊ အလကား ငိုနေတာ၊ ဘာလုပ်ပေးရမှန်းလည်း မသိ'

'ကျွန်မ ပစ်ပင်ကို နှစ်ခါ လာထိန်းသေးတယ်၊ မှတ်မိလား'

'မှတ်မိပါတယ်၊ ကျေးဇူးပါ၊ ဒီညရော လာနိုင်မလား'

'အချိန်မရွေး လာနိုင်တယ်၊ သူက လေးယောက်မြောက်နော်၊ ရှင်တို့ သားကြော ဖြတ်ဖို့ စိတ်မကူးဘူးလား'

'ကျုပ်တို့ လင်မယား တိုင်ပင်နေပါတယ်၊ ဒီစကား ပြောလို့ ခင်ဗျားရဲ့ ချစ်ရေးချစ်ရာ ကိစ္စကရော ဘယ်လိုလဲ'

'အဲဒါကတော့ ကျွန်မရဲ့ အမှားကြောင့်ပါ'

လေစီမှာ အသက် ၃၆ နှစ်တွင် ချောမော လှပနေသည့်တိုင် အိမ်ထောင် မရှိသေး။ သူမ၏ အချစ်ရေးနှင့် ပတ်သက်၍လည်း ရုံးတွင် အမျိုးမျိုး ထင်ကြေးပေးနေကြသည်။


mgyoe.com

mgyoe.com SAMPLE BOOK

သူတို့ အရှေ့ဘက် အတ္တလန္တိတ် သမုဒ္ဒရာဆီသို့ ဦးတည် သွားနေကြသည်။ စိန့်သြဂတ်စတင်း မြို့မှာ ရှေ့ဘက် ရှစ်မိုင်ခန့်သာ ဝေးတော့သည်။ လေစီက ရေဒီယိုကို ပိတ်လိုက်စဉ် ဟူဂိုက မေးပြန်သည်။ 'မင်း အရင်က ဒီနေရာကို ရောက်ဖူးလား'

'ရောက်ဖူးတယ်၊ အရင် တစ်နှစ် နှစ်နှစ်လောက်က၊ ရည်းစားနှင့်လေ၊ ကျွန်မတို့ သူငယ်ချင်းရဲ့ ကွန်ဒို တိုက်ခန်းမှာ တည်းခဲ့ကြတယ်'

'သိပ်ပျော်ကြမှာပေါ့'

'လာပြန်ပြီ၊ ရှင်ကတော့ ကာမဂုဏ် ကိစ္စပဲ တွေးနေတယ်'

'ဒါကိုတော့ ဟုတ်တယ်လို့ ဝန်ခံရမှာပဲ၊ ပစ်ပင်ဟာ အခု တစ်လသား ဖြစ်နေပြီ၊ ဒီတော့ ဗာနာနှင့် ကျုပ် ပုံမှန် မဆက်ဆံရတာ အနည်းဆုံး သုံးလ ရှိပြီ၊ ကျုပ်ဘက်ကလည်း တတ်နိုင်သလောက်တော့ ထိန်းထားနိုင်ပါတယ်၊ ဒါပေမဲ့ သူက ကျုပ်ကို သုံးပတ်လောက် ကြိုပြီး ဖြတ်ထားတယ်၊ ဒီတော့ ကျုပ်ဘက်က ဘယ်နေနိုင်တော့မလဲ၊ သူ့ဘက်လည်း အဲဒီလို ဖြစ်နေမလားတော့ မသိဘူး၊ အကြီး သုံးယောက်နှင့် နောက်ဆုံး ဒီကလေးကို မွေးတဲ့ အချိန်တွေမှာ ကျုပ်တို့ လင်မယား သိပ်အဆင်မပြေဘူး'

'အဲဒါ ကျွန်မမှ မသိတာ'

သူသည် လမ်းတူရူကို ကြည့်၍ လိုက်ပါလာပြီး တစ်မိုင် နှစ်မိုင်လောက် ရောက်တော့ သူ့မျက်ခွံတွေ လေးလာပြန်သည်။ လေစီက သူ့ကို တစ်ချက် စွေကြည့်ကာ ပြုံးလိုက်မိသည်။ ဤဌာနတွင် သူမ အလုပ် လုပ်လာသည့် ကိုးနှစ်လုံးလုံး ဟူဂိုနှင့် အမှုပေါင်း တစ်ဒါဇင်လောက် အတူ တွဲလုပ်ခဲ့ရသည်။ နှစ်ယောက်သား တွဲဖက်လည်း ညီသည်။ ဟူဂိုဘက်က သဘောမကျစရာ အပြုအမူမျိုးလည်း မရှိခဲ့။ ယနေ့ အထိ သူ့ဇနီး ဗာနာကို ပြန်တိုင်ရသည် ဟူ၍လည်း မရှိခဲ့။ လေစီမှာ ဟူဂိုနှင့် အလုပ်သာ အတူ လုပ်သည်၊ ဗာနာနှင့်တော့ အတူ ဈေးဝယ်သည်။ အတင်းအဖျင်း ပြောသည်။

စိန့်သြဂတ်စတင်း မြို့မှာ အမေရိကန် နိုင်ငံ၏ ရှေးအကျဆုံး မြို့ ဖြစ်သည်။ ရှည်လျားသော သမိုင်းကြောင်းလည်း ရှိကာ ကမ္ဘာလှည့် ခရီးသည်များ အများဆုံး လာရောက်သည့် မြို့လည်း ဖြစ်သည်။ ရေညှိတွေ ဖုံးသည့် စပိန်လက်ရာ ဝက်သစ်ချသား သမိုင်းဝင် အဆောက်အအုံများလည်း ရှိသည်။

သူတို့ မြို့ထဲ ဝင်လာတော့ ယာဉ်ကြောမှာ နှေးကွေးသွားပြီး ကမ္ဘာလှည့် ခရီးသည်တင် ဘတ်စ်ကားကြီးများ ရပ်ထားသည်ကို တွေ့ရသည်။ လက်ယာ


mgyoe.com

mgyoe.com SAMPLE BOOK

ဘက် ခပ်လှမ်းလှမ်းမှာတော့ ရှေးဟောင်း ဘုရားကျောင်းကြီးက မြို့ကို အုပ်မိုး နေသယောင်။ လေစီ သည်နေရာတွေကို အကုန် မှတ်မိနေသည်။ ရည်းစား ဟောင်းနှင့်တော့ ပြတ်ခဲ့ပြီ။ သို့သော် စိန့်ဩဂတ်စတင်း မြို့ကိုတော့ မှတ်မိ နေဆဲ။

ပြတ်ခဲ့တဲ့ ရည်းစားတွေကတော့ များပါပြီ။

'ဒါနှင့် ကျုပ်တို့ကို ပြောပြမယ် ဆိုလို့ တွေ့မယ့် လူက ဘယ်သူတုံး' ဟူဂိုက မျက်လုံးကို ပွတ်ပြန်ရင်း မေးသည်။ အခုတော့ သူ အတော် ပင်ပန်း နေလေပြီ။

'မသိသေးဘူး၊ သူ့နာမည်ဝှက်ကတော့ ရန်ဒီတဲ့'

'ကောင်းပြီလေ၊ အခု အထိ တရားသူကြီး တစ်ယောက်နှင့် ပတ်သက် လို့ တရားဝင် တိုင်တန်းတာ မလုပ်သေးဘဲ နာမည်ဝှက် သုံးထားတဲ့ လူကို ကျုပ်တို့ ဘာကြောင့် သွားတွေ့ရမယ် ဆိုတာလည်း ရှင်းပြပါဦး'

'ကျွန်မလည်း ရှင်းမပြတတ်သေးဘူး၊ ကျွန်မ ဖုန်းနှင့် သုံးကြိမ် ပြော ကြည့်ရသလောက်တော့ သူဟာ အမှန်အကန် လေးလေးအနက်နက် ပြောနေပုံ ရတယ်'

'ကောင်းပြီ၊ မမှန်မကန် လုပ်နေတဲ့လူ ရှိနေပါတယ်လို့ မင်းကို သူ ဖုန်း နှင့် ပြောတာ နောက်ဆုံး ဘယ်အချိန်ကလဲ'

'အဲဒါက ကျွန်မ ကိစ္စ ထားလိုက်ပါ၊ မိုက်ကယ်က သွားဆိုလို့ အခု ကျွန်မတို့ လာရတာလေ'

မိုက်ကယ်မှာ သူတို့၏ အထက် အရာရှိ ဒါရိုက်တာ ဖြစ်သည်။

'ဟာကွာ၊ မမှန်မကန် လုပ်တယ် ဆိုတာကို အထောက်အထား မရှိဘဲ နှင့်လား'

'ဟုတ်တယ်၊ ရန်ဒီကတော့ အမှုက ကြီးတယ်တဲ့'

'အောင်မယ်လေး၊ ဒါမျိုး တစ်ခါမှ မကြားဖူးသေးဘူး'

သူတို့ ကင်းလမ်းထဲသို့ ချိုးကာ မြို့လယ် ယာဉ်ကြောထဲသို့ ဝင်လိုက် သည်။ အချိန်မှာ ဇူလိုင်လ နေ့လယ်ခင်း ဖြစ်သည်။ ကမ္ဘာလှည့် ခရီးသည်များ ဘောင်းဘီတို၊ ခြေညှပ် ဖိနပ်များဖြင့် လမ်းဘေး၌ သွားလာနေကြသည်။ ဘယ် ကို သွားမည်ဟု ရည်ရွယ်ချက် ရှိဟန် မတူ။

လေစီသည် ကားကို လမ်းဘေး တစ်နေရာတွင် ထိုးရပ်ကာ ကမ္ဘာလှည့် များ ကြားတွင် သူတို့ လျှောက်လာကြသည်။ ထို့နောက် ကော်ဖီဆိုင် တစ်ဆိုင်

mgyoe.com

mgyoe.com SAMPLE BOOK

တွင် ဝင်၍ ထိုင်ရင်း အိမ်ခြံမြေ ကြော်ငြာ စာရွက်ကို လှန်လှောကြည့်နေသည်။ မွန်းတည့်သည်တွင် ချိန်းထားသည့် အတိုင်း လူကာဂရီး အမည်ရှိ ဆိုင်ထဲသို့ ဝင်ကာ သုံးယောက်စာ စားပွဲ တစ်လုံးတွင် ဝင်ထိုင်လိုက်ကြသည်။ သူတို့က ရေခဲစိမ် လက်ဖက်ရည်ကို မှာကာ စောင့်နေသည်။ နာရီဝက်လောက် အထိ ရန်ဒီ၏ အရိပ်အယောင် ပေါ်မလာသေး။ ထို့ကြောင့် အသားညှပ် ပေါင်မုန့် ထပ်မှာသည်။ ဖြည်းဖြည်း စားရင်း တံခါးပေါက်ကိုသာ ကြည့်ကာ စောင့်နေကြသည်။

ရှေ့နေ ဆိုသည်က အချိန်ကို လေးစားသည်။ စုံစမ်းရေးမှူးတွေက စိတ်ရှည်ရသည်။ ထိုနှစ်ခုက မကြာခဏ ဝိရောဓိ ဖြစ်နေသည်။

မွန်းလွဲ နှစ်နာရီခွဲလောက်တွင် သူတို့ လက်လျှော့ကာ ကားဆီသို့ ပြန်လာခဲ့ကြသည်။ လေစီ ကားသော့ကို ဖွင့်လိုက်စဉ် ဖုန်းက မြည်လာသည်။ ဖုန်းဆက်သူ၏ အမည် ဖုန်းတွင် ပေါ်မလာ။

လေစီက ချက်ချင်း ဖုန်းကို ကိုင်ကာ 'ဟုတ်ကဲ့'

ယောကျ်ားသံ တစ်သံက 'ကျွန်တော် ခင်ဗျားကို တစ်ယောက်တည်း လာပါလို့ ပြောထားရက်သားနှင့်' ပြောနေသူမှာ ရန်ဒီ ဖြစ်သည်။

'ရှင် ပြောမယ်လို့တော့ အထင်သား၊ ကျွန်မတို့ နေ့လယ်စာ စားရင်း တွေ့ဖို့ ပြောထားတယ် မဟုတ်လား'

တစ်ဖက်က ခဏ ငြိမ်သွားပြီးနောက် 'အခု ကျွန်တော် ခင်ဗျားတို့နှင့် သုံးဘလောက် အကွာ ကင်းလမ်း အဆုံးမှာ ရှိတဲ့ စည်ပင် ဆိပ်ကမ်းမှာ ရှိနေတယ်၊ ခင်ဗျားလူကို နေခဲ့ဖို့ ပြောပြီး ကျွန်တော်တို့ နှစ်ယောက်ချင်းပဲ ပြောကြမယ်'

'ဒီမယ် ရန်ဒီ၊ ကျွန်မက ရဲ မဟုတ်ဘူး၊ ကျွန်မ တိတ်တိတ်ပုန်း အလုပ်တွေလည်း မလုပ်ဘူး၊ ရှင့်ကို တွေ့ပြီး ကျွန်မ နှုတ်ဆက်ရုံပဲ၊ ဒါပေမဲ့ ရှင့် နာမည်မှန်ကို စက္ကန့် ခြောက်ဆယ် အတွင်း မပြောရင်တော့ ကျွန်မ ပြန်တော့မယ်'

'ကြိုက်ပြီ'

လေစီ ဖုန်းကို ချလိုက်ပြီး သူ ပြောသည့် 'ကြိုက်ပြီ' ဆိုသည်ကို ပြန်ရေရွတ်နေမိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆိပ်ကမ်းမှာ အပျော်စီး ရေယာဉ်များ၊ ငါးဖမ်း စက်လှေများ ဝင်လိုက် ထွက်လိုက်နှင့် အလုပ် များနေသည်။ ခပ်ရှည်ရှည် မော်တော်ဘုတ် တစ်စီးမှာ ကမ္ဘာလှည့် ခရီးသည်များ တင်နေသဖြင့် ဆူညံနေသည်။ ကမ်းစပ်ရှိ စားသောက်ဆိုင်တစ်ခု၏ ရှေ့မြေကွက်လပ်တွင် အရောင်းအဝယ်သမားတို့ တက်သုတ်ရိုက် ပြောဆိုနေကြသည်။ အငှား ရေယာဉ်များက ကုန်းပတ်များကို ဆေးကြောကာ နောက်နေ့ အတွက် အသင့် ပြင်နေကြသည်။

လေစီက အလယ် ဆိပ်ခံ တံတား အတိုင်း လျှောက်လာရင်း မိမိ မမြင်ဖူးသော ချိန်းထားသည့် လူကို လိုက်ရှာနေသည်။ ဟိုရှေ့ဘက်ဆီတွင် ဆီပန့်တစ်ခု ဘေးမှ ကမ်းခြေပျော် အသက်ကြီးကြီး လူတစ်ယောက်က လက်လှမ်းပြကာ ခေါင်းညိတ် ခေါ်နေသည်။ သူမလည်း ပြန်ခေါင်းညိတ်ပြကာ ဆက်လျှောက်လာသည်။ ထိုလူမှာ အသက် ခြောက်ဆယ်ခန့် ရှိပြီး ပနားမား ဒေသထွက် ဦးထုပ်ကို ဆောင်ထားသည်။

ထိုလူမှာ ဘောင်းဘီတို၊ ကြိုးသိုင်း ဖိနပ်၊ ပွင့်ရိုက် အင်္ကျီများ ဝတ်ဆင်ထားပြီး နေရောင် အောက်တွင် အနေ များသူတို့ အတိုင်း အသားက ကြေးဝါရောင် ထွပ်နိုးပိန်းနှင့်။ မျက်လုံးများကိုမူ နေကာ မျက်မှန် ဖုံးအုပ်ထားသည်။ သူက ပြုံးကာ ရှေ့သို့ လှမ်းလာပြီး 'လေစီ စတိုဗ် ထင်ပါရဲ့'

လေစီက သူ့ကို လက်ဆွဲ နှုတ်ဆက်ကာ 'ဟုတ်ပါတယ်၊ ရှင်ကရော'

'နာမည်က ရမ်ဆေး မစ်ပါ၊ တွေ့ရတာ ဝမ်းသာပါတယ်'

'ဝမ်းသာပါတယ်၊ ကျွန်မတို့ မွန်းတည့်မှာ တွေ့ကြရမှာနော်'

'တောင်းပန်ပါတယ်၊ မော်တော်ဘုတ်က နည်းနည်း ဒုက္ခ ပေးနေလို့' သူက ပြောရင်း ဆိပ်ခံ တံတား အဆုံးတွင် ဆိုက်ထားသော မော်တော်ဘုတ်ကြီး တစ်ခုဆီသို့ ခေါင်းဆတ်ပြသည်။ ထိုမော်တော်ဘုတ်မှာ ဆိပ်ကမ်းတွင် အကြီးဆုံးဟု မဆိုသာသော်လည်း အကြီးဆုံး နီးပါးလောက် ရှိသည်။ သူက 'ဟိုမှာ သွားပြောကြရအောင်'

'မော်တော်ဘုတ်ပေါ်မှာလား'

'ဟုတ်တယ်၊ အဲဒီမှာ ပိုပြီး လွတ်လပ်တယ်'

သူစိမ်း တစ်ယောက်နှင့် မော်တော်ဘုတ်ထဲ ဝင်သွားရမည် ဆိုသည်ကို လေစီ မလုံမလဲ ဖြစ်ကာ အတန်ငယ် တုံ့ဆိုင်းနေမိသည်။ သူမ ပြန်မဖြေနိုင်မီ



mgyoe.com

mgyoe.com
SAMPLE BOOK
မစ်က 'ဟိုလူမည်းက ဘယ်က လူလဲ' ကင်းလမ်းဘက်သို့ လှမ်းကြည့်ရင်း မေးသည်။ လေစီ လှမ်းကြည့်လိုက်တော့ ဟူဂိုမှာ ဆိပ်ကမ်း အနီး ကမ္ဘာလှည့် များနှင့် အတူ ရောၛ လျှောက်လာနေသည်ကို တွေ့လိုက်ရသည်။

'ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက်ပါ'

'သက်တော်စောင့် ဆိုပါတော့'

'ကျွန်မမှာ သက်တော်စောင့် မလိုဘူး၊ သေနတ်လည်း မကိုင်ဘူး၊ ဒါပေမဲ့ ကျွန်မ မိတ်ဆွေက ရှင့်ကို နှစ်မိနစ် အတွင်း ရေထဲ ပစ်ချပစ်နိုင်တယ်'

'အဲဒီလောက်တော့ မလိုအပ်ဘူးလို့ ထင်ပါတယ်၊ ကျွန်တော်က အေးအေး ဆေးဆေးပါ'

'ကြားရတာ ဝမ်းသာပါတယ်၊ မော်တော်ဘုတ် မထွက်ဘူး ဆိုမှ ကျွန်မ အဲဒီ အပေါ် တက်မှာနော်၊ စက်နှိုးလိုက်တာနှင့် ကျွန်မတို့ တွေ့ဆုံပွဲ ပျက်ပြီပဲ မှတ်ပါ'

'ကြိုက်တယ်'

သူတို့ ဆိပ်ခံ တံတား အတိုင်း မထွက်သည်မှာ ကြာပြီ ဖြစ်ဟန် တူသော ရွက်လှေ များစွာကို ကျော်ဖြတ်ကာ မစ်၏ မော်တော်ဘုတ် ရှိရာသို့ လျှောက် လာခဲ့ကြသည်။ မော်တော်ဘုတ် နာမည်က 'ပူးပေါင်း ကြံစည်သူ' ဟူ၏။ သူ က မော်တော်ဘုတ်ပေါ် အရင် တက်ကာ သူမအား လက်ကမ်းပေးသည်။ ကုန်းပတ်ပေါ်တွင် ကနားဖျင်း တစ်ခု အောက်၌ စားပွဲ တစ်လုံး ရှိသည်။ ကုလားထိုင်က လေးလုံး။ သူက ထိုစားပွဲ၊ ကုလားထိုင်များသို့ လက်ဖွေ့ ယမ်းပြကာ 'မော်တော်ဘုတ်က ကြိုဆိုပါတယ်၊ ထိုင်ပါ'

လေစီက မထိုင်သေးဘဲ အနီး ပတ်ဝန်းကျင်ကို ဖျတ်ခနဲ လှည့်ပတ်ကြည့် လိုက်သည်။ ပြီးမှ 'ကျွန်မတို့ချည်းပဲလား'

'အဲဒီလိုတော့ မဟုတ်သေးဘူး၊ ကျွန်တော်နှင့် မော်တော်ဘုတ် လိုက်စီး ချင်တဲ့ မိတ်ဆွေ တစ်ယောက် ရှိသေးတယ်၊ နာမည်က ကာလစ်တာတဲ့၊ သူ့ ကို တွေ့ချင်သေးလား'

'ရှင် ပြောမယ့် အကြောင်းနှင့် သက်ဆိုင်လို့လား'

'မသက်ဆိုင်ပါဘူး' မစ်က ဆိပ်ကမ်း လက်ရမ်းကို မှီကာ ရပ်နေသော ဟူဂိုဘက်သို့ လှမ်းကြည့်လိုက်သည်။ ဟူဂိုက မိမိတို့ကို သူ တွေ့နေသည် ဆိုသည့် သဘော လက်ယမ်းပြနေသည်။ မစ်ကလည်း ပြန်လက်ပြလိုက်ပြီး 'တစ်ခုလောက် မေးချင်တယ်'

mgyoe.com

mgyoe.com
SAMPLE BOOK

'ရပါတယ်၊ မေးပါ' လေစီက ပြောလိုက်သည်။

'ကျွန်တော် ခင်ဗျားကို ပြောပြမှာတွေ ခင်ဗျား မစွတာ ဟက်ချ်ကို ချက်ချင်း ပြန်ပြောလို့ စိတ်ချရပါ့မလား'

'သူက ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက်ပါ၊ သူနှင့် ကျွန်မ အမှုတွေ တွဲကိုင်လာတာ၊ ဒီတစ်ခု အပါအဝင်ပေါ့၊ သူ့နာမည်ကို ရှင် ဘယ်လိုလုပ် သိတာလဲ'

'ကျွန်တော့်မှာ ကွန်ပျူတာ ရှိတယ်၊ ဝက်ဘ်ဆိုက်တွေကို ကြည့်လို့ ရတယ်၊ တရားရေး လုပ်ဆောင်ချက် ကြီးကြပ်မှု ဘုတ်အဖွဲ့ (ဘီဂျေစီ) ရဲ့ ဝက်ဘ်ဆိုက် အသစ် ဖြည့်တင်းဖို့ လိုနေပြီ'

'သိတယ်၊ ဘတ်ဂျက်က မရှိတာ'

'သူ့နာမည်ကို ကြားဖူးသလိုပဲ'

'သူက ဖလော်ရီဒါ ပြည်နယ် ကိုယ်စားပြုပြီး ဘောလုံး ကစားခဲ့သေးတယ်လေ'

'ဟုတ်မယ်၊ ကျွန်တော်က ဂက်တာ အသင်းရဲ့ ပရိသတ်လေ'

ထိုသည်ကိုတော့ လေစီ ပြန်မပြော။ ကောလိပ် ဘောလုံး အသင်းများကို အစွဲကြီးသည်မှာ တောင်ပိုင်းသားတို့၏ ဝသီ ဖြစ်သည်။ မစ်က ဆက်၍ 'ဒါဆိုရင် သူ့ကို အကုန် ပြောပြမှာပေါ့နော်'

'ဟုတ်တယ်'

'ဒါဆိုလည်း ခေါ်လိုက်ပါ၊ ကျွန်တော် သောက်စရာ တစ်ခုခု စီစဉ်လိုက်ဦးမယ်'



mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၂

ကာလစ်တာက ဝါးဗန်းကလေးဖြင့် သောက်စရာများကို ချပေးလာသည်။ ဓာတ်စာ ဆိုဒါများ ဖြစ်၏။ မစ် အတွက်တော့ ဘီယာ တစ်ပုလင်း ဖြစ်သည်။ ကာလစ်တာမှာ ချစ်စရာ ကောင်းသော စပိန် စကားပြော အမေရိကန်မ ဖြစ်သည်။ မစ်ထက် အသက် နှစ်ဆယ်ခန့် ငယ်ဟန် ရှိပြီး အမျိုးသမီး ညှော်သည် ရောက်လာသည့် အတွက် မစ်က ကျေနပ်နေပုံလည်း ရသည်။

လေစီက မှတ်စု စာအုပ်တွင် တစ်စုံတစ်ခု ရေးမှတ်လိုက်ပြီး 'တစ်ခု လောက် မေးချင်လို့၊ ခုနက ရှင် ဆက်လိုက်တဲ့ ဖုန်းနံပါတ်က ကျန်ခဲ့တဲ့ အပတ်က ရှင်ဆက်တဲ့ ဖုန်းနံပါတ်နှင့် မတူပါလား'

'ဒါကို မေးချင်တာလား' မစ်က ပြန်မေးသည်။

'အဲဒါလည်း သိချင်လို့ပါ'

'ကျွန်တော်က ကတ်ဖုန်းတွေ အများကြီး သုံးတယ်၊ အချိန်တိုင်းမှာလည်း နေရာ အနှံ့ ပြောင်းနေတယ်၊ ခင်ဗျား သုံးတဲ့ ဖုန်းကတော့ ခင်ဗျား ဌာနက ပေးတဲ့ ဖုန်း ဖြစ်မယ် ထင်ပါတယ်၊ ဟုတ်တယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ ကျွန်မတို့က အလုပ် ကိစ္စ အတွက် ကိုယ်ပိုင်ဖုန်းကို မသုံးဘူး၊ ဒါကြောင့် ကျွန်မ ဖုန်းနံပါတ်က အပြောင်းအလဲ ရှိမှာ မဟုတ်ဘူး'

'ကျွန်တော့် ဖုန်းကတော့ တစ်လ တစ်ခါ ပြောင်းတယ်၊ တစ်ခါတလေ တစ်ပတ် တစ်ခါ ပြောင်းတယ်'

သူတို့ တွေ့စ ငါးမိနစ်တွင် မစ် ပြောသမျှတွေမှာ နောက်ထပ် မေးနိုင်ရန် အတွက် လမ်းဖွင့်ပေးထားသည့် သဘော တွေ့ရသည်။ လေစီကတော့ မစ်၏ အစပျိုးနေပုံကို သိပ်သဘောမကျချင်။ ထို့ကြောင့် သူမက 'ကဲ မစ္စတာ မစ်၊ အခု ကျွန်မနှင့် ဟူကို ဘာမှ မပြောတော့ဘူး၊ ရှင် စပြောပေတော့၊ ရှင် ပြောမယ် ဆိုတာတွေ ပြောပါ၊ ကျွန်မတို့ နားဝေတိမ်တောင် ဖြစ်အောင် လှည့်ပတ်



mgyoe.com

mgyoe.com SAMPLE BOOK

ပြောနေမယ် ဆိုရင်တော့ ကျွန်မတို့ ထပြန်ရုံပဲ၊ ဖုန်းထဲမှာ ရှင် ကျွန်မကို လာချင်အောင် စည်းရုံးတာ တော်တယ်၊ ကဲ ပြောတော့'

မစ်က ဟူဂိုအား ခပ်ပြုံးပြုံး ကြည့်လျက် 'ဒီမိန်းမ အမြဲတမ်း ဒီလိုပဲ တုံးတိကြီးလား'

ဟူဂိုက ပြုံးမပြဘဲ ခေါင်းသာ ညိတ်ပြလိုက်သည်။ သူက စားပွဲပေါ် လက်နှစ်ဖက် တင်ကာ နားထောင်ရန် စောင့်နေလိုက်သည်။ လေစီကလည်း ဘောပင်ကို စားပွဲပေါ် ချလိုက်၏။

မစ်က ဘီယာ ပလုတ်ပလောင်းကို မျိုချကာ စပြောသည်။ 'ကျွန်တော်ဟာ ဥပဒေ အလုပ်ကို လုပ်လာတာ နှစ်ပေါင်း သုံးဆယ် ရှိခဲ့တယ်၊ ပင်ဆာကိုလာနယ်မှာ ရှိတဲ့ ကုမ္ပဏီလေးမှာပေါ့၊ အဲဒီမှာ ရှေ့နေ ငါးယောက် ခြောက်ယောက်လောက်ပဲ ရှိတယ်၊ အဲဒီတုန်းကတော့ အဆင်ပြေတယ်၊ ကျွန်တော်တို့ဘဝတွေလည်း စိုပြည်လို့ပေါ့၊ ကျွန်တော့်ရဲ့ စောစောပိုင်း အမှုသည်တွေထဲမှာ ဆောက်လုပ်ရေး လုပ်ငန်းရှင် တစ်ယောက် ပါတယ်၊ လက်ကြီးသမားပဲ၊ ကွန်ဒိုတွေ၊ ဟိုတယ်တွေ၊ ကုန်တိုက်တွေ စတဲ့ ဖလော်ရီဒါ ပြည်နယ်မှာ နေ့ချင်းညချင်း ပေါ်လာတဲ့ အဆောက်အဦတွေကို ဆောက်တဲ့ လူပေါ့၊ ပထမတော့ ကျွန်တော် သူ့ကို မယုံဘူး၊ သူက ငွေလည်း ရွှင်တယ်၊ ဒါကြောင့် နောက်တော့ သူ့ဘက် ကျွန်တော် ပါသွားတော့တယ်၊ သူက ကျွန်တော့်ကို လုပ်ငန်းငယ်ကလေးတွေကို ဟိုတစ်ခု ဒီတစ်ခု ချပေးတယ်၊ အဲဒီ အလုပ်ကလေးတွေကလည်း အဆင်ပြေသား၊ အဲဒီ အခါ ကျွန်တော် ချမ်းသာချင်လာတယ်၊ ဖလော်ရီဒါမှာ အဲဒီ ဆန္ဒဟာ အကြီးအကျယ် ဒုက္ခ တွေ့တတ်တယ်၊ ကျွန်တော့်လူက စာရင်းတွေ အမျိုးမျိုး လိမ်တယ်၊ ကြွေးတွေလည်း ထူလာတယ်၊ အဲဒါတွေကို ကျွန်တော် မသိလိုက်ဘူး၊ နောက်တော့ သူ လိမ်ထားတာတွေကြောင့် အက်ဖ်ဘီအိုင်က ဝင်လာပြီး ကျွန်တော် အပါအဝင် ပန်ဆာကိုလာကို တရားစွဲတော့တာပဲ၊ လူတွေ အများကြီး ပါသွားတယ်၊ ဆောက်လုပ်ရေး လုပ်ငန်းရှင်တွေ၊ ဘဏ် လုပ်ငန်းရှင်တွေ၊ အိမ်ခြံမြေ လုပ်ငန်းရှင်တွေ၊ ရှေ့နေတွေ စသည်ဖြင့်ပေါ့၊ ခင်ဗျားတို့က တရားသူကြီးတွေကိုပဲ လိုက်ထောက်လှမ်းနေတာ၊ ရှေ့နေတွေကို လိုက်မထောက်လှမ်းဘူး ဆိုတော့ ဒါကို သိလိုက်မှာ မဟုတ်ဘူး၊ ကျွန်တော်လည်း အဲဒီအထဲက အမှု တစ်ခုနှင့် ငြိပြီး ပြည်နယ် အကျဉ်းထောင်မှာ ၁၆ လ နေခဲ့ရတယ်၊ ရှေ့နေ လိုင်စင်လည်း အသိမ်းခံရ၊ ရန်သူတွေလည်း များလာ၊ အခုတော့ ကျွန်တော် ပုန်းလျှိုးနေရတယ်၊ ရှေ့နေ လိုင်စင် ပြန်လျှောက်



mgyoe.com

mgyoe.com SAMPLE BOOK

တော့ ပြန်ရတယ်၊ လောလောဆယ် ကျွန်တော့်မှာ အမှုသည် တစ်ယောက် ရှိတယ်၊ ကျွန်တော်တို့ အခု ပြောမှာ သူ့အကြောင်းပဲ၊ ဘာမေးစရာရှိလဲ'

သူက ပြောပြီး ကုလားထိုင် အလွတ် တစ်လုံးပေါ်မှ အမှတ်အသား မပါသည့် ဖိုင်တစ်ခုကို ယူလိုက်ကာ လေစီအား လှမ်းပေးရင်း 'ဒါက ကျွန်တော်နှင့် ပတ်သက်တဲ့ အချက်အလက် ဖိုင်ပဲ၊ သတင်းစာတွေထဲက သတင်း ဆောင်းပါးတွေ ပါတယ်၊ ကျွန်တော့်ရဲ့ အယူခံလွှာ စတဲ့ ခင်ဗျားတို့ လိုအပ်မယ် ထင်သမျှ အကုန် ပါတယ်၊ ကျွန်တော်ဟာ တရားဝင် (ရှေ့နေ) တာဝန် ရှိသူ အနေနှင့်ပဲ ဖြစ်ဖြစ်၊ တာဝန်က ထွက်ခဲ့ရသူ အနေနှင့်ပဲ ဖြစ်ဖြစ် ကျွန်တော် ပြောတာတွေဟာ အကုန် အမှန်တွေချည်းပဲ'

'ရှင့်ရဲ့ အခု နေတဲ့ လိပ်စာကရော'

'အထက်ပိုင်းက မြာတဲ ကမ်းခြေမှာ ကျွန်တော့် ညီ တစ်ယောက် ရှိတယ်၊ တရားဝင် အဆက်အသွယ်တွေကိုတော့ သူ့လိပ်စာနှင့်ပဲ ဆက်သွယ်တယ်၊ ကာလစ်တာ တမ်ပါ မြို့မှာ နေခဲ့တုန်းက အိမ်လိပ်စာ တစ်ခုနှင့်တော့ တချို့ စာ အဆက်အသွယ်တွေ လုပ်တယ်၊ ကျွန်တော် ကိုယ်တိုင်ကတော့ ဒီ မော်တော်ဘုတ်ပေါ်မှာပဲ အနေ များတယ်၊ ဒီမှာ ဖုန်းလည်း ရှိတယ်၊ ဖက်စ် ဝိုင်ဖိုင်တွေလည်း ရှိတယ်၊ ရေချိုးဖို့ ရေပန်းကလေးလည်း ရှိတယ်၊ ဘီယာ ရေခဲစိမ်လည်း ရတယ်၊ ပြီးတော့ မိန်းမချောကလေးက တစ်ယောက်၊ ကျွန်တော် ပျော်ပြီပေါ့၊ ကျွန်တော်တို့ ဖလော်ရီဒါ တစ်ပိုက် ကေးကျွန်းစုတွေ၊ ဘဟားမား ကျွန်းတွေကို ပတ်နေတာပဲ၊ အမေရိကန် နိုင်ငံတော်ရဲ့ ကျေးဇူးကြောင့် ကျွန်တော်ဟာ အခြေအနေ မဆိုးလှတဲ့ ပင်စင်စား တစ်ယောက်ပေါ့'

'ရှင်က အမှုသည် ဘယ်လို ရလာတာလဲ' လေစီက ဖိုင်ကို မကြည့်ဘဲ မေးလိုက်သည်။

'သူက ကျွန်တော့် မိတ်ဆွေဟောင်း တစ်ယောက်ရဲ့ မိတ်ဆွေပါ၊ ကျွန်တော့် နောက်ကြောင်းကို သူက သိထားတယ်၊ ကျွန်တော်ဟာ ကိုယ့်အမှန်တရားကို ဖော်ထုတ်ဖို့ ကြိုးစားချင်နေတဲ့ လူ ဆိုတာကိုလည်း သူ သိနေတယ်၊ သူ့အမြင်လည်း မှန်သွားတယ်၊ ကျွန်တော့် မိတ်ဆွေကလည်း ဒီအမှုကို လက်ခံလိုက်ဖို့ ကျွန်တော့်ကို နားချတယ်၊ အမှုသည် နာမည်ကိုတော့ မမေးပါနှင့်၊ ကျွန်တော် ကိုယ်တိုင်လည်း မသိလို့ပါ၊ ကျွန်တော့် မိတ်ဆွေကပဲ ကြားကနေ ဆက်သွယ်ပေးတာ'

'ဒါဆိုတော့ ရှင်က ရှင့်အမှုသည်ရဲ့ နာမည်ကို မသိဘူးပေါ့'



mgyoe.com

mgyoe.com SAMPLE BOOK

'မသိဘူး၊ သိလည်း မသိချင်ဘူး'

ဟူဂိုက 'မေးပါရစေဦး၊ ဘာကြောင့် ဒီအမှုကို လက်ခံလိုက်တာလဲ'

ဤတွင် လေစီက ဝင်၍ 'ဒါက မြွေပွေးကွက်လို ဖြစ်နေတယ် မစ္စတာ မစ်၊ ကျွန်မတို့ကို အကုန် ပြောပြရင် ပြ၊ အကုန် ပြောမပြရင် ကျွန်မတို့ လက်မခံဘဲ ပြန်သွားမှာနော်'

'အေးဆေးပေါ့ဗျာ၊ ကောင်းပါပြီ' မစ်က ဘီယာကို မော့လိုက်ပြီး 'ပြောရမှာက အရှည်ကြီး၊ ရှင်းအောင် ပြောပြရမယ် ဆိုရင် အတော် အချိန်ယူရမယ်၊ အဖြစ်အပျက်ပေါင်းတွေ၊ အံ့သြလောက်တဲ့ အဂတိမှုတွေ၊ ခင်ဗျားတို့ ကျူပ်တို့ ကျူပ်အမှုသည်တို့ အပါအဝင် ဘယ်သူ့ကိုမဆို အမေးအမြန်း ထူလာရင် နဖူးကို ကျည်ဆန် ပစ်သွင်းဖို့ နှစ်ခါ မစဉ်းစားတဲ့ လူတွေ ပါလာမယ်'

အတန်ကြာအောင် စကား မပြောဖြစ်ကြ။

နောက်ဆုံးတွင် လေစီက 'ဒါနှင့် ရှင်က ကျွန်မတို့ကိုရော ဘာလို့ ဆွဲထည့်လာတာလဲ'

'ငွေကြောင့်ပေါ့၊ ကျွန်တော့် အမှုသည်က ဖလော်ရီဒါ ပြည်နယ်ရဲ့ သတင်းပေး တိုင်ကြား ဥပဒေ အရ လိုက်နေတာ၊ ဆုငွေ အများကြီး ရမယ်လို့ သူမျှော်လင့်နေတယ်၊ ကျူပ်လည်း ဝေစု ကောင်းကောင်း ရမယ်လေ၊ အစစအရာရာ အဆင်ပြေနေရင်တော့ ကျွန်တော်လည်း အမှု ဘယ်လက်ခံမလဲ'

'ဒါဆို သူက ပြည်နယ် ဝန်ထမ်း ဖြစ်မယ်' လေစီက ခန့်မှန်းသည်။

'ကျွန်တော်လည်း ဥပဒေကို နားလည်ပါတယ် မစ္စ စတိုဇ်၊ ခင်ဗျားတို့မှာ အလုပ်တွေနှင့် ပိနေတယ်၊ ကျွန်တော့်မှာက ဒီလောက် မရှိဘူး၊ ဒီတော့ အမှုနှင့် ပတ်သက်တဲ့ ဥပဒေတွေကို စိမ်ပြေနပြေ လေ့လာဖို့ အချိန် အများကြီး ရတယ်၊ ဟုတ်ပါတယ်၊ ကျွန်တော့် အမှုသည်က ဖလော်ရီဒါ ပြည်နယ် ဝန်ထမ်းပါ၊ သူ့ရဲ့ ရာထူး ဌာနကိုတော့ ပြောမပြနိုင်ဘူး၊ လောလောဆယ်ပေါ့လေ၊ စားပွဲပေါ်ကို ငွေ ရောက်လာပြီ ဆိုရင်တော့ အမှုကို ပိတ်လိုက်ဖို့ တရားသူကြီးကို ပြောပေးနိုင်တယ်၊ ဒါပေမဲ့ ဒီကြားထဲမှာတော့ ကျူပ် အမှုသည်က တရားရေးဆိုင်ရာ လုပ်ဆောင်ချက်နှင့် ပတ်သက်တဲ့ တရားဝင် လက်မှတ် ထိုးတာမျိုးတွေ လုပ်ရဲမှာ မဟုတ်ဘူး'

'ကျွန်မတို့ကတော့ လက်မှတ် မထိုးဘဲ ဆက်လုပ်လို့ မရဘူး၊ တရားဝင် တိုင်ကြားတာမျိုး ဖြစ်မှ ရမယ်' လေစီက ဆက်၍ 'ဥပဒေက သိတဲ့ အတိုင်း တိကျတယ်'

mgyoe.com

mgyoe.com
SAMPLE BOOK

'ဒါကို ကျွန်တော် သိပါတယ်၊ တိုင်ချက်ကို ကျွန်တော် လက်မှတ် ထိုးမှာပါ'

'လက်မှတ် ထိုးရင် ကျမ်းကျိန်ရမှာနော်' ဟူဂိုက ဝင်ထောက်သည်။

'ရပါတယ်၊ လိုအပ်သလိုပေါ့၊ ကျွန်တော့် အမှုသည်ဟာ အမှန်တွေ ပြောနေတယ် ဆိုတာ ကျွန်တော် ယုံတယ်၊ ကျွန်တော် လက်မှတ် ထိုးရဲတယ်'

'ရှင်ရော မကြောက်ဘူးလား'

'ကျွန်တော် အကြောက် တရားနှင့် နေလာတာ ကြာပြီ၊ အခြေအနေ ဆိုးချင် ဆိုးသွားနိုင်ပေမဲ့ ကျွန်တော့် အတွက်တော့ မဆန်းတော့ဘူး' မစ်က အခြားဖိုင် တစ်ခုကို လှမ်းယူကာ အတွင်းမှ စာရွက် အချို့ကို ထုတ်ကာ စားပွဲပေါ် တင်လိုက်သည်။ ပြီး ဆက်၍ 'လွန်ခဲ့တဲ့ ခြောက်လက ကျွန်တော် တရားရုံးမှာ နာမည် သွားပြောင်းတယ်၊ အခု ကျွန်တော့် နာမည် ဂရက် မိုင်ယာ ဖြစ်သွားပြီ၊ တိုင်ချက်မှာ ဒီနာမည်နှင့် ကျွန်တော် လက်မှတ် ထိုးမှာ'

တောင် ကာရိုလိုင်းနား ပြည်နယ်မှ တရားရုံး အမိန့်ကို လေစီ ဖတ်ကြည့်ရင်း မိမိတို့ စိန့်ဩဂတ်စတင်း မြို့သို့ လာကာ သည်လူအား လာတွေ့သည့် အပေါ် သံသယ ဖြစ်လာမိသည်။ ပြည်နယ် ဝန်ထမ်း တစ်ယောက်က ကြောက်လွန်းသဖြင့် ရှေ့သို့ မထွက်ရဲ ဖြစ်နေသည် ဟူ၏။ တစ်ကျော့ပြန် ရှေ့နေကလည်း အခြား ပြည်နယ်တွင် သွားကာ နာမည် ပြောင်းခဲ့ပြန်သည်။ ရှေ့နေဟောင်း ဖြစ်လျက်နှင့် လိပ်စာ မရှိဟု ဆိုပြန်သည်။

ဟူဂို တရားရုံး အမိန့်ကို ဖတ်ကြည့်လိုက်ရင်း ဤအလုပ်ကို လုပ်လာခဲ့သည့် နှစ်ပေါင်း များစွာ အတွင်း ပထမဆုံး အကြိမ် သေနတ် ကိုင်ချင်စိတ်ပေါက်လာမိသည်။ သူက 'လက်ရှိ ခင်ဗျားဟာ ပုန်းလျှိုးနေရတယ်လို့ ခင်ဗျားကိုယ် ခင်ဗျား ယူဆနေလား'

'ကျွန်တော် အထူး သတိထားပြီး နေတယ်လို့ ဆိုရမှာပေါ့ မစ္စတာ ဟက်ချ်၊ ကျွန်တော်ဟာ ရေ၊ ပင်လယ်၊ ရေစီးကြောင်းတွေ၊ ကျွန်းကြီး ကျွန်းငယ်တွေ၊ ရှိသမျှ ကမ်းခြေတွေ အကြောင်း ကျွန်တော့်ကို လိုက်ရှာတဲ့ လူတွေထက် ပိုသိတယ်၊ လိုက်ရှာမယ် ဆိုရင်ပေါ့လေ'

လေစီက ဝင်၍ 'ဒါဆိုတော့ ရှင်က ပုန်းနေတဲ့ သဘောပေါ့'

မိုင်ယာက ဝန်ခံသည့် သဘော ခေါင်းညိတ်ပြသည်။ သုံးယောက်သား သောက်စရာများကို သုံးဆောင်နေကြသည်။ လေအေးကလေး တစ်ချက် တိုက်လိုက်သဖြင့် အနည်းငယ် အအိုက်ပြေသွားသည်။


mgyoe.com

mgyoe.com SAMPLE BOOK

လေစီက ဖိုင်ကို တစ်ရွက်ချင်း လှန်ကြည့်ရင်း 'မေးရဦးမယ်၊ အခု ကိစ္စဟာ ရှင့်ရဲ့ အလုပ် ပြဿနာ ဖြစ်တဲ့ ကိစ္စနှင့် ဆက်စပ်မှု ရှိသလား'

ထိုမေးခွန်းကို ဖြေရန် စဉ်းစားဟန်ဖြင့် ခေါင်းညိတ်နေသည်ကို သူ ရပ်လိုက်သည်။ ပြီးမှ 'မပတ်သက်ပါဘူး' ဟု ဖြေသည်။

ဟူဂိုက 'ခင်ဗျားရဲ့ လျှို့ဝှက် အမှုသည်နှင့် ခင်ဗျား တိုက်ရိုက် အဆက်အသွယ် ရှိသလား'

'အဲဒီလိုတော့လည်း မရှိဘူး၊ သူက အီးမေးတို့ စာတိုက်တို့ ဖက်စ်တို့ ခြေရာ ခံလို့ ရမယ့် ဖုန်း အဆက်အသွယ်တို့ လုပ်တာ မကြိုက်ဘူး၊ သူက ကြားခံလူက တစ်ဆင့် ကျွန်တော့်ကို သူ ပြောချင်တာ ပြောတယ်၊ ကြားခံလူက ကျွန်တော့်ကို တိုက်ရိုက် လာတွေ့တာလည်း ရှိတယ်၊ တစ်ခါသုံး ဖုန်းကတ်နှင့် သုံးပြီး ဆက်တာလည်း ရှိတယ်၊ နည်းနည်းတော့ လက်ဝင်တယ်၊ အချိန်လည်း ပုပ်တယ်၊ ဒါပေမဲ့ စိတ်ချရတယ်၊ ခြေရာလက်ရာ ဘာမှ မကျန်ခဲ့ဘူး'

'အခု ရှင် သူ့ကို တွေ့ချင်တယ် ဆိုရင် သူ့ကို ဘယ်လို ရှာမလဲ'

'အဲဒါမျိုးတော့ မရှိဖူးဘူး၊ အဲဒီလို ရှိလာရင်လည်း ကျွန်တော်က ကြားခံလူကို ဖုန်းဆက်ပြီး တစ်နာရီလောက် ထိုင်စောင့်လိုက်ရုံပေါ့'

'အဲဒီ အမှုသည်က ဘယ်မှာ နေတာလဲ'

'သိပ်တော့ မသေချာဘူး၊ ဖလော်ရီဒါမှာ ဟိုလျှောက်နေ ဒီလျှောက်နေလို့ ထင်တာပဲ'

လေစီမှာ သက်ပြင်းကို လေးတွဲ့စွာ ချကာ ဟူဂိုနှင့် မျက်လုံးချင်းဆိုင်ကြည့်လိုက်သည်။ ပြီး 'ကောင်းပြီလေ၊ လိုရင်းကို ပြောတော့'

မိုင်ယာသည် ရေယာဉ်များကို လွန်၍ ရေပြင်ကို ကျော်ကာ အဝေးဆီသို့ လှမ်းငေးနေလိုက်သည်။ သူက ဆိပ်ကမ်း အဝင် ဂိတ်တံခါးကို အညှို့ခံထားရသည့်ပမာ စိုက်ကြည့်နေသည်။

နောက်ဆုံးကျမှ သူက 'အဲဒီ အကြောင်းက အခန်းတွေ အများကြီး ရေးထားရတယ်၊ တချို့ အခန်းတွေ ရေးနေတုန်း၊ အခု ခင်ဗျားတို့နှင့် တွေ့ရတာက ခင်ဗျားတို့ စိတ်ဝင်စားလာရုံလောက်ပဲ၊ ကြောက်မယ် ဆိုရင်လည်း ခင်ဗျားတို့ နောက်ဆုတ်သွားနိုင်အောင်လို့၊ အခု အရေးကြီးတဲ့ မေးခွန်းကို ရောက်လာပြီ၊ ဒီအမှုကို ခင်ဗျားတို့ လိုက်ချင်ပြီလား'

'တရားရေး မသမာမှုနှင့် ပတ်သက်နေသလား' လေစီက မေးသည်။



mgyoe.com

mgyoe.com SAMPLE BOOK

'မသမာမှု ဆိုတဲ့ အသုံးအနှုန်းက သိပ်ပျော့နေတယ်၊ အခု ဖြစ်တဲ့ အဂတိမှုဟာ တိုင်းပြည်မှာ တစ်ခါမှ မဖြစ်ဖူးသေးတဲ့ အမှုပဲ၊ ကျွန်တော် ၁၆ လ ထောင်ထဲမှာ နေခဲ့ရတာ အချည်းအနှီး မဖြစ်ခဲ့ဘူး၊ သူတို့က ကျွန်တော့်ကို ဥပဒေရေးရာ စာကြည့်တိုက်မှာ ကွပ်ကဲခိုင်းခဲ့တယ်၊ အဲဒီတော့ ကျွန်တော် စာအုပ်တွေ မွှေနိုင်တာပေါ့၊ ဒီတော့ ပြည်နယ် ငါးဆယ်မှာ ဖြစ်ခဲ့တဲ့ တရားရေး မသမာမှုတွေကို အကုန် လေ့လာခွင့် ရခဲ့တယ်၊ သုတေသန စာတမ်းတွေ၊ အမှုတွဲတွေ၊ မှတ်တမ်းတွေ အကုန် ကျွန်တော့်မှာ ရှိတယ်၊ ခင်ဗျားတို့ လိုအပ်ရင်လည်း ယူဖတ်လို့ ရတယ်၊ အခု ကျွန်တော် ပြောတဲ့ အမှုဟာ အဲဒီ အမှုတွေ အားလုံးပေါင်းထက် အများကြီး ပိုယုတ်မာတယ်၊ လာဘ်ပေး လာဘ်ယူမှုတွေ၊ လှည့်ဖြားမှုတွေ၊ အကျပ်ကိုင်မှုတွေ၊ ဖြောင်လိမ် တရားခွင်တွေ၊ လူသတ်မှု နှစ်ခုတောင် ပါတယ်၊ မမှန်မကန် စီရင်ချက်ချတဲ့ အမှု တစ်ခုလည်း ပါတယ်၊ အကွက်ဆင်ခံရတဲ့ လူတစ်ယောက် သေလို့ ပုပ်သိုး ဆွေးမြည့်နေတာ၊ ဒီကနေ တစ်နာရီ ခရီး အကွာလောက်မှာပဲ၊ အဲဒီ အမှုရဲ့ တရားခံ အစစ်ကတော့ ခုဆို ကျွန်တော့်ရဲ့ မော်တော်ဘုတ်ထက် အများကြီး ကောင်းတဲ့ မော်တော်ဘုတ် တစ်စီးပေါ်မှာ အခန့်သား ထိုင်နေလေရဲ့'

သူက ပုလင်းမှ ဘီယာကို တစ်ချက် စုပ်ကာ မိမိ အပြောတွင် သူတို့ ကျလာပြီဟု ကျေနပ်သော အကြည့်ဖြင့် သူတို့ကို ပြန်ကြည့်နေရင်းက 'မေးစရာ ရှိတာက ခင်ဗျားတို့ ဒီအမှုကို လိုက်ချင်သလား ဆိုတာပဲ၊ အန္တရာယ်တော့ ရှိတယ်နော်'

'ဘာဖြစ်လို့ ကျုပ်တို့ကို ဖုန်းဆက်ပြောတာလဲ၊ အက်ဖ်ဘီအိုင်ကို ဘာလို့ မတိုင်ရသလဲ' ဟူဂိုက မေးလိုက်သည်။

'ကျွန်တော် အက်ဖ်ဘီအိုင်နှင့် ချိတ်ကြည့်ပြီးပြီ မစ္စတာ ဟက်ချ်၊ အဆင်မပြေဘူး၊ ကျွန်တော်ကတော့ တာဝန်ရှိ ရင်ထိုး တံဆိပ် တပ်ထားတဲ့ လူတွေကို မယုံဘူး၊ အထူးသဖြင့် ဒီပြည်နယ်က လူတွေပေါ့'

လေစီက 'ပြောရဦးမယ်၊ ကျွန်မတို့မှာ လက်နက် ပါတာ မဟုတ်ဘူး မစ္စတာ မိုင်ယာ၊ ရာဇဝတ်မှုကို စုံစမ်း ထောက်လှမ်းတဲ့ လူတွေလည်း မဟုတ်ဘူး၊ ရှင် ပြောပုံ ကြည့်ရတာက အစိုးရ ဌာန အများကြီး စုပေါင်း လုပ်မှ ရမယ့် ပုံပဲ'

'ခင်ဗျားတို့မှာ တရားရုံး အမိန့် အာဏာ ရှိနေတယ်လေ၊ ခင်ဗျားတို့မှာ သက်သေတွေကို ခေါ်ပြီး စစ်ဆေးနိုင်တဲ့ အခွင့် အာဏာလည်း ရှိနေတယ်၊ ဒီ



mgyoe.com

mgyoe.com SAMPLE BOOK

ပြည်နယ်က ဘယ်တရားသူကြီးကိုမဆို သူတို့ သိမ်းထားတဲ့ မှတ်တမ်းတွေကို ခင်ဗျားတို့ အကုန် တောင်းကြည့်ခွင့် ရှိတယ်၊ ခင်ဗျားတို့မှာ အခွင့် အာဏာတွေ အများကြီး ရှိနေတယ် မစ္စ စတို့ဖ်၊ ရာဇဝတ်မှုတွေကို စုံစမ်း ထောက်လှမ်းနိုင်တဲ့ အခွင့်အလမ်းတွေ ခင်ဗျားတို့မှာ အများကြီး ရှိနေတယ်'

ဟူဂိုက 'မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့မှာ ဒုစရိုက်ဂိုဏ်းတွေနှင့် ရင်ဆိုင်ဖို့ လက်နက် ပါတာ မဟုတ်ဘူး၊ ခင်ဗျား ပြောတဲ့ အတိုင်းသာ မှန်ခဲ့ရင် ဒီအထဲမှာ လူဆိုး လူမိုက်တွေ ကောင်းကောင်း ပါနေမှာပဲ'

မိုင်ယာက ဘီယာကို ကြာကြာ စုပ်သောက်လိုက်ပြီးနောက် 'ငါးစင်ရိုင်း မာဖီးယားဂိုဏ်း ဆိုတာ ကြားဖူးလား'

'မကြားဖူးဘူး' ဟူဂိုက ဖြေသည်။ လေစီက ခေါင်းခါပြသည်။

'ဒါဆို အဲဒီ အကြောင်းကို ပြောဖို့ နောက်ထပ် ကြာဦးမယ်၊ ဟုတ်ပါတယ် မစ္စတာ ဟက်ချ်၊ ဒီအထဲမှာ လူဆိုးဂိုဏ်းတွေ ကောင်းကောင်း ပါနေတယ်၊ သူတို့ ဒုစရိုက်တွေ ကျူးလွန်ခဲ့တာတော့ ကြာပြီ၊ ဒါပေမဲ့ ဒီအထဲမှာ တရားရေးနှင့် မပတ်သက်တော့ ခင်ဗျားတို့နှင့် မဆိုင်ဘူး၊ အဲဒီ အထဲက ဂိုဏ်းတစ်ဂိုဏ်းကတော့ တရားသူကြီး တစ်ယောက်ကို ဝယ်ခဲ့တယ်၊ အဲဒါကတော့ ခင်ဗျားတို့နှင့် ဆိုင်လိမ့်မယ်'

ပုစွန်ဖမ်း စက်လှေကြီး တစ်စီး ဖြတ်သွားသဖြင့် သူတို့ မော်တော်ဘုတ်မှာ လှုပ်သွားသည်။ သူတို့ သုံးယောက်လည်း ခေတ္တမျှ စကား မပြောဖြစ်ကြ။ ထို့နောက် လေစီက 'ကျွန်မတို့ ဒီအမှုကို မလိုက်ဘူး ဆိုရင်ရော၊ ရှင် ပြောတဲ့ ကိစ္စက ဘယ်လို ဖြစ်သွားနိုင်သလဲ'

'ကျွန်တော်သာ ဒီအမှုကို တရားဝင် တိုင်တန်းပြီး စွဲချက် တင်မယ် ဆိုရင် ခင်ဗျားတို့ ဘာဝင်လုပ်ပေးစရာ လိုမလဲ'

'သဘောတရား အရတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ရှင်လည်း သိပါတယ်၊ စွဲချက်တွေကို တင်ပြီး ဒီစွဲချက်တွေ ခိုင်မာမှု ရှိ မရှိ သုံးသပ်ဖို့ အချိန် ၄၅ ရက်ပဲ ရတယ်၊ အဲဒီနောက် ပစ်မှတ် ဖြစ်တဲ့ အဲဒီ တရားသူကြီးကို အသိပေးရမယ်၊ ဒါပေမဲ့ ကျွန်မတို့ရဲ့ စွဲချက်တွေကို ဥပေက္ခာ ပြုတာမျိုးလည်း ခံရနိုင်တယ်'

ဟူဂိုက ပြုံးရင်း 'အဲ ဟုတ်တယ်၊ ကျုပ်တို့က ဗျူရိုကရက် စနစ် ဆိုတော့ အဆင့်ဆင့် ရှိတယ်၊ ဒါကို ဖျောက်လည်း ထားနိုင်တယ်၊ နှောင့်နှေးအောင်လည်း လုပ်ထားနိုင်တယ်'



mgyoe.com

mgyoe.com

SAMPLE BOOK

'ဒါကိုတော့ ဖျောက်ထားလို့ မရဘူး၊ အမှုက သိပ်ကြီးတယ်' မိုင်ယာက ထောက်သည်။

'ဒါလောက် ကြီးတယ် ဆိုရင် အရင် ကတည်းက ဘာလို့ မပေါ်ရတာလဲ' လေစီက မေးလိုက်သည်။

'အထုပ် မပြေသေးလို့ပေါ့၊ အချိန်ကလည်း မကျသေးလို့လေ၊ မပေါ် ရသေးတဲ့ အကြောင်းတွေ အများကြီး ရှိတယ် မစ္စ စတို့ဇ်၊ အရေးကြီးဆုံး အကြောင်းရင်းက ဒါကို သိနေတဲ့ လူတွေထဲမှာ ဘယ်သူကမှ ရှေ့တန်း မထွက် ရဲကြသေးတာပဲ၊ အခု ကျွန်တော်က ရှေ့တန်း ထွက်လာတာ၊ အခု မှုတည်နေ တာက တရားရေး လုပ်ငန်းစစ် ဘုတ်အဖွဲ့ (ဘီဂျေစီ) အနေနှင့် အမေရိကန် သမိုင်းမှာ အကြီးမားဆုံး တရားရေး မသမာမှုကြီးကို စုံစမ်း ထောက်လှမ်း မလား ဆိုတာပဲ'

'ကျွန်မတို့ ဌာန တစ်ခုတည်း သီးသန့်ပေါ့ ဟုတ်လား'

'ခင်ဗျား သဘောပေါက်သားပဲ'

ဟူဂိုက ဝင်၍ 'နာမည် ဘယ်တော့ သိရမလဲ'

'အဲဒါဟာ ယောကျ်ားလို့ပဲ လောလောဆယ် မှတ်ထားပေးပါ'

'ကျုပ်တို့ အခု ဘာမှ မတွေးတတ်သေးဘူး'

'အဲဒီလိုက စတာ ကောင်းပါတယ်'

လေပြည်က ပျော့သွားလေပြီ။ သူတို့ အပေါ်မှ ပန်ကာမှာလည်း စေးထန်းသော လေထဲတွင် လေးတွဲ့စွာ တအိအိ လည်နေ၏။ သူတို့ အင်္ကျီများလည်း သူတို့ ကိုယ်ပေါ်တွင် ကပ်နေပြီ ဖြစ်ကြောင်း အိမ်ရှင် အနေဖြင့် မိုင်ယာ စတင် သတိထားမိလာသည်။ ထို့ကြောင့် 'နည်းနည်း လမ်းလျှောက်ကြရအောင်လား၊ ဟိုစားသောက်ဆိုင်မှာ တစ်ခုခု သောက်ကြတာပေါ့၊ အဲဒီ အထဲမှာ ဘား ရှိတယ်၊ ယမကာ မျိုးစုံ ရတယ်'

သူက သူ့ အမြဲ ကိုင်သဖြင့် နွမ်း၍ပင်နေသော သံလွင်ရောင် ပစ္စည်းသယ် အိတ်ကို ကောက်ယူလိုက်သည်။

အထဲတွင် ဘာတွေများ ပါမည်နည်းဟု လေစီ တွေးကြည့်နေမိ၏။

ပစ္စတို အသေးလား၊ ငွေတွေလား၊ ပတ်စပို့ အတုလား၊ အခြား ဖိုင်တွေ လား။



mgyoe.com

mgyoe.com SAMPLE BOOK

သူတို့ ဘောတံတားပေါ် လျှောက်လာကြရင်း လေစီက 'ဒီနေရာက ရှင် ခိုအောင်းတဲ့ နေရာ တစ်ခုလား'

'ဒီမေးခွန်းကို ကျွန်တော် မဖြေနိုင်ဘူး' မိုင်ယာက ပြန်ပက်လိုက်သည်။ မိမိ မမေးမိလျှင် အကောင်းသားဟု လေစီ တွေးလိုက်မိသည်။ မိမိက ကိုယ်ဖျောက်နေရသူနှင့် ဆက်ဆံနေရသည် မဟုတ်လား။ သူက အခြား ရေယာဉ်သမားတွေလို ဆိပ်ကမ်း တစ်ခုမှ တစ်ခုသို့ ကူးပြောင်းနေသူ မဟုတ်။ သူ့လည်ပင်းက အမြဲတမ်း တုံးတင်ခံရဖို့ နီးနေသည့် လူ။

ဟူဂိုက ခေါင်းကို ယမ်းပြသည်။ လေစီမှာ မိမိကိုယ်ကို အပြစ် တင်နေမိသည်။

စားသောက်ဆိုင်မှာ လူရှင်းနေသည်။ သူတို့က ဆိပ်ကမ်းကို အပေါ်စီးမြင်ရသည့် အတွင်းပိုင်း စားပွဲတွင် ထိုင်လိုက်ကြ၏။ ပူအိုက်သည့် နေရာမှလာသဖြင့် ယခု တိုက်သည့် လေမှာ အေးစိမ့်နေတော့သည်။ စုံစမ်းရေးမှူးများအတွက် လက်ဖက်ရည်အေး၊ မစ္စတာ မိုင်ယာ အတွက်မူ ကော်ဖီ ဖြစ်သည်။ သူတို့ချည်း ရှိနေသဖြင့် သူတို့ ပြောသည်ကို ကြားမည့်သူ မရှိချေ။

'ဒီအမှုနှင့် ပတ်သက်ပြီး ကျုပ်တို့ သိပ်စိတ်မပါဘူး ဆိုရင် ဘယ့်နှယ်လဲ' ဟူဂိုက မေးသည်။

'အဲဒါ ဆိုရင်တော့ ကျွန်တော့် အစီအစဉ် နှစ်ကို ပြောင်းရမှာပေါ့၊ အဲဒါကိုတော့ ကျွန်တော် မပြောင်းချင်ဘူး၊ အစီအစဉ် နှစ်မှာ သတင်းစာ ပါလာမယ်၊ ကျွန်တော့် အသိ သတင်းထောက် နှစ်ယောက် ရှိတယ်၊ ဒါပေမဲ့ သူတို့က စိတ်မချရဘူး၊ တစ်ယောက်က မိုဘိုင်းမြို့မှာ၊ နောက်တစ်ယောက်က မိုင်ယာမီမြို့မှာ၊ မှန်တာ ပြောရရင် သူတို့က သတင်း နှိုက်လို့ သိပ်လွယ်တဲ့ လူတွေ'

'ရှင်ကရော အဲဒီလို မဖြစ်နိုင်ဘူးလား၊ ကျွန်မတို့က လူမိုက်ဂိုဏ်းတွေနှင့် ရင်ဆိုင်ဖူးကြတာ မဟုတ်ဘူး၊ နောက်ပြီး ကျွန်မတို့မှာက အလုပ်တွေနှင့်တန်းလန်း'

'ခင်ဗျားတို့ ဆိုရင် အဆင်ပြေမှာပါ၊ ခင်ဗျားတို့ ဆိုးသွမ်းတဲ့ တရားသူကြီးတွေနှင့် ရင်ဆိုင်ဖူးခဲ့တာပဲ'

'အဲဒါမျိုးက သိပ်မရှိပါဘူး၊ အနာအဆာတော့ နည်းနည်းပါးပါး ရှိတာပေါ့၊ သူတို့ အမှုတွေကိုတော့ ကျွန်မတို့ သိပ်ခက်ခက်ခဲခဲ မလုပ်ရပါဘူး၊ တိုင်ချက်တွေတော့ များတယ်၊ ဒါပေမဲ့ လုပ်ငန်း မကျွမ်းကျင်မှုတွေလောက် ဖြစ်ကြတာပါ'



mgyoe.com

mgyoe.com SAMPLE BOOK

'ဟုတ်ပါတယ်' မိုင်ယာက ခေါင်းအုပ် မပါ နေကာလျှာ သီးသန့်ကို ခေါင်းမှ ချွတ်ကာ စားပွဲပေါ် တင်လိုက်သည်။ သူ့မျက်လုံးများမှာ အရက်သောက်ထားသူပမာ သီဝေ၍ ရဲနေသည်။ မျက်စိ ပတ်လည်ရှိ သူ့အသားမှာလည်း ဖြူရော်နေ၏။ သူသည် မျက်မှန်ကို ချွတ်ထားလေ့ ရှိဟန် မတူ။

သူ့နောက်သို့ နောက်ယောင်ခံ လိုက်နေသူများ ရှိ မရှိ သေချာအောင် တစ်ချက် ဝေ့၍ အကဲခတ်လိုက်ပြီးမှ သူ စိတ်သက်သာရာ ရသွားဟန် ရှိသည်။

ဟူဂိုက 'ငါးစင်ရိုင်း မာဖီးယား ဆိုတာ ပြောပါဦး'

မိုင်ယာက ဟင်းခနဲ တစ်ချက် ပြုံးလိုက်ပြီးနောက် 'သိချင်တယ်ပေါ့ ဟုတ်လား'

'ခင်ဗျားပဲ စပြောပြီးတော့'

'ဟုတ်တယ်၊ ပြောမိပါတယ်' စားပွဲထိုးက သူတို့ အတွက် သောက်စရာများကို ချပေးပြီး ပျောက်ကွယ်သွားသည်။ မိုင်ယာက သူ့ကော်ဖီကို တစ်စုပ်စုပ်လိုက်ပြီး စပြောသည်။

'အဲဒါကို ကျန်ခဲ့တဲ့ နှစ်ငါးဆယ်လောက်က စပြောရလိမ့်မယ်၊ အဲဒီတုန်းက လူဆိုး ဂိုဏ်းငယ်လေးတွေဟာ နယ်ထိန်းကို လာဘ်ထိုးလို့ ရမယ့် အာကင်ဆော၊ မစ္စစ္စပီ၊ လူစီယားနား ပြည်နယ်တွေမှာ သောင်းကျန်းခဲ့ကြတယ်၊ အဓိက အားဖြင့် အရက်ပုန်း ချက်တာ၊ ပြည့်တန်ဆာ လုပ်ငန်း၊ လောင်းကစား စတဲ့ သမားရိုးကျ ဒုစရိုက် လုပ်ငန်းတွေ လုပ်ကြတာ ထင်ပါရဲ့၊ တိုက်ကြခိုက်ကြနှင့် သေလိုက်ကြတာလည်း မပြောပါနှင့်တော့၊ သူတို့ဟာ သူတို့ အတွက် အဆင်ပြေမယ့် ဘက်ပတစ် သဲကန္တာရနားက ခရိုင် တစ်ခုကို စိုးမိုးလိုက်ကြတယ်၊ နယ်ခံတွေက စိတ်ညစ်ပြီး နယ်ထိန်း အသစ် ရွေးချယ် တင်မြှောက်လိုက်တော့ သူတို့လည်း အဲဒီမြို့က ထွက်သွားကြတယ်၊ အတော် ကြာတော့ သူတို့ဟာ မစ္စစ္စပီ ကမ်းရိုးတန်းမှာ လာအခြေချကြတယ်၊ ဘိုင်လိုစီ ပင်လယ်ကွေ့ ဆိပ်ကမ်း အနီး တစ်ဝိုက်ပေါ့၊ သေနတ် အမှန် မခံရတဲ့လူ ဆိုရင် ထောင်ထဲ အရောက်ပဲ၊ မူလ ဂိုဏ်းသားတွေဟာ ၁၉၈၀ ပြည့်လွန်နှစ်တွေက စခဲ့ကြတာ၊ ဒါပေမဲ့ မျိုးဆက်တွေက ကျန်နေခဲ့တယ်၊ ဘိုင်လိုစီ အရပ်မှာ လောင်းကစားကို တရားဝင် ခွင့်ပြုလိုက်တော့ သူတို့ အတွက် စီးပွား ပျက်လာကြတာပေါ့၊ ဒါနှင့် သူတို့ ဖလော်ရီဒါကို ပြောင်းလာတော့ အဆင်ပြေတဲ့ မြေယာ အရောင်းအဝယ်ကို တွေ့လာကြတယ်၊ အဲဒီမှာက ကိုကင်း ကုန်ကူး လုပ်ငန်း



mgyoe.com

mgyoe.com SAMPLE BOOK

ကလည်း သိပ်မြတ်တယ်လေ၊ အဲဒါနှင့် အိတ်ဖောင်းလာကြတော့ ကမ်းရိုးတန်း မာဖီးယား ဆိုပြီး အသစ် ပြန်ဖွဲ့လာကြတယ်'

ဟူဂိုမှာ ခေါင်းတယမ်းယမ်း လုပ်ရင်း 'ကျုပ်က ဖလော်ရီဒါ မြောက်ပိုင်းမှာ ကြီးပြင်းခဲ့တာ၊ ကောလိပ်လည်း အဲဒီမှာပဲ တက်တာ၊ ဥပဒေကျောင်းလည်း အဲဒီမှာပဲ တက်ခဲ့တယ်၊ ကျုပ် တစ်သက်လုံး နေလာခဲ့တာ၊ ကျန်ခဲ့တဲ့ ဆယ်နှစ်လုံးလုံးလည်း အဲဒီမှာ တရားရေး မသမာမှုတွေကို စုံစမ်းတဲ့ တာဝန် ထမ်းဆောင်ခဲ့သေးတယ်၊ ဒါတောင် ကမ်းရိုးတန်း မာဖီးယား ဆိုတာ တစ်ခါမှ မကြားခဲ့ဖူးဘူး'

'သူတို့က ကြော်ငြာ နေတာမှ မဟုတ်တာ၊ အဲဒီ နာမည်က သတင်းစာထဲမှာ တစ်ခါမှ မပါဖူးဘူး၊ ကျန်ခဲ့တဲ့ ဆယ်နှစ် အတွင်း အဲဒီ ဂိုဏ်းသား တစ်ယောက်တလေတောင် အဖမ်းခံရတယ်လို့ ကျွန်တော် မထင်ဘူး၊ သူတို့ ကွန်ရက်က သိပ်သည်းတယ်၊ စနစ်ကြီးတယ်၊ ဂိုဏ်းသားတွေဟာ အမျိုးတွေလို့ ကျွန်တော် ထင်တယ်၊ အဲဒီ ဂိုဏ်းဟာ ထိုးဖောက် ဖြိုခွဲခံရပြီး တချို့ ထောင်ကျကုန်ခဲ့ဖူးပုံ ရတယ်၊ ဒါပေမဲ့ အိုမာလို့ ခေါ်တဲ့လူ တက်လာပြီး ကတည်းက အဲဒီလို မခံရတော့ဘူး၊ ဒီလူက လူဆိုး လူမိုက် ဆိုပေမဲ့ ကြော့ကြော့လေးရယ်၊ ၁၉၈၀ ပြည့်လွန်နှစ်တွေက အိုမာဟာ အဲဒီ ဂိုဏ်းကို တောင်ပိုင်း ဖလော်ရီဒါမှာ ဦးဆောင်လာခဲ့တာ၊ အဲဒီ အချိန်မှာ သူတို့ ကိုကင်း အရောင်းအဝယ် စလုပ်တာ၊ သုံးလေးနှစ်လောက်တော့ သူတို့ အတော်လေး အဆင်ပြေသွားကြတယ်၊ နောက်တော့ ကိုလံဘီယာ နိုင်ငံသား ကိုကင်း အရောင်းအဝယ် သမားတွေနှင့် တွေ့ပြီး အဆင်မပြေ ဖြစ်ကုန်ကြတယ်၊ အိုမာလည်း သေနတ်ပစ်ခံရတယ်၊ သူ့ညီလည်း သေနတ် မှန်ပြီး သေတယ်၊ အလောင်းကတော့ မပေါ်ဘူး၊ သူတို့ မိုင်ယာမီကနေ ထွက်ပြေးကြတယ်၊ ဖလော်ရီဒါကတော့ မထွက်ဘူး၊ အိုမာက ဒုစရိုက်ဉာဏ် ကောင်းတယ်၊ ကျန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်ကတည်းက အင်ဒီးယန်း လူမျိုးတွေရဲ့ ဒေသမှာ ကက်စီနို ဖွင့်ဖို့ သူ့မှာ စိတ်ကူး ရှိခဲ့တယ်'

'ဒါ ဘာအံ့သြစရာ ရှိလဲ' လေစီက ဝင်ပြောသည်။

'ခင်ဗျား ဘယ်အံ့သြမလဲ၊ ခင်ဗျား သိချင် သိမယ်၊ ဖလော်ရီဒါမှာ ကက်စီနို ကိုးခု ရှိတယ်၊ ခုနစ်ခုက သူတို့ လူမျိုးစုတွေထဲမှာ လူဦးရေ အများဆုံး ဖြစ်တဲ့ ဆမ်မီနိုး လူမျိုးစုက ပိုင်တယ်၊ အင်ဒီးယန်း လူမျိုးစု သုံးခုထဲက ဆမ်မီနိုး လူမျိုးစုကိုပဲ အစိုးရက အသိအမှတ် ပြုထားတာ၊ အဲဒီမှာ ဆမ်မီနိုးတွေရဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ကက်စီနိုတွေဟာ တစ်နှစ်ကို သန်းလေးထောင်လောက် အထိ မြတ်တယ်၊ ဒီတင် အိုမာနှင့် အပေါင်းပါတွေဟာ ဒီအခွင့်အလမ်းကို တွေ့သွားကြတယ်'

'ဒါဆိုတော့ ရှင် ပြောမယ့် အကြောင်းက ဒုစရိုက် ဂိုဏ်းတွေရယ်၊ ကက်စီနိုတွေ ပိုင်တဲ့ အင်ဒီးယန်း လူမျိုးစုတွေရယ်၊ မသမာ တရားသူကြီးရယ် ပေါင်းထားတာပေါ့' လေစီက မေးသည်။

'အချုပ် ပြောရရင် အဲဒီ အတိုင်းပါပဲ'

'အင်ဒီးယန်းတွေရဲ့ အရေးက အက်ဖ်ဘီအိုင်ရဲ့ တရားရေး လုပ်ဆောင်ခွင့်ထဲမှာ ပါတယ်' ဟူဂိုက ဝင်ပြောသည်။

'ဟုတ်ပါတယ်၊ ဒါပေမဲ့ အက်ဖ်ဘီအိုင်ဟာ အင်ဒီးယန်းတွေ ဘာပဲ မဟုတ်တာ လုပ်လုပ် ဘယ်တုန်းကမှ ဝင်မတားခဲ့ဘူး၊ နောက်ပြီး ကျွန်တော်ကလည်း အက်ဖ်ဘီအိုင်နှင့် မဆက်ဆံချင်ဘူး၊ သူတို့မှာ ဘာအချက်အလက်မှ မရှိဘူး၊ ကျွန်တော့်မှာသာ ရှိတာ၊ အဲဒီ အချက်အလက်တွေ ခင်ဗျားတို့ကို ကျွန်တော် ပြောပြမှာ'

'အပြည့်အစုံကို ကျွန်မတို့ ဘယ်တော့လောက် သိရမလဲ'

'ခင်ဗျားတို့ရဲ့ အထက်လူကြီး ဂေဆမာက ခင်ဗျားတို့ကို မီးစိမ်းပြလိုက်တာနှင့် ပြောမယ်၊ ခင်ဗျားတို့ သူ့ကို ကျွန်တော် ပြောတာတွေ ပြောပါ၊ အန္တရာယ်ရှိတယ် ဆိုတာလည်း သိအောင် ပြောထား၊ သူက ဒီကိစ္စကို တရားရေးလုပ်ငန်း စိစစ်ရေး ဘုတ်အဖွဲ့ (ဘီဂျေစီ) က အလေးအနက်ထားပြီး စုံစမ်းဖော်ထုတ်ပါ့မယ်လို့ ကျွန်တော့်ကို ဖုန်းနှင့် ပြောပြီ ဆိုတာနှင့် ပြောဖို့ ကျန်နေတဲ့ ကွက်လပ်တွေကို ဖြည့်ပြီး ပြောပါ့မယ်'

ဟူဂိုက စားပွဲကို လက်ဆစ်နှင့် ခေါက်ရင်း သူ့မိသားစု အကြောင်းကို တွေးနေသည်။ လေစီကတော့ ဆိပ်ကမ်း ရေယာဉ်များ အကြား ဖြတ်သွားသော အခြား ပုစွန် စက်လှေ တစ်စီးကို ကြည့်ရင်း မိမိတို့ ပြောပြသည့် အခါ ဂေဆမာ ဘာပြန်ပြောမည်ပါလိမ့်ဟု တွေးနေသည်။

မိုင်ယာမှာ သူတို့ကို ကြည့်ရင်း သနားသွားမိသည်။



mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၃

တရားရေး လုပ်ငန်း စိစစ်ရေး ဘုတ်အဖွဲ့ရုံး တည်ရာမှာ တယ်လာဟက်စီ မြို့လယ်ရှိ လေးထပ် ပါသော ပြည်နယ်ရုံး အဆောက်အအုံ၏ တတိယထပ်ကို တစ်ဝက် ယူထားခြင်း ဖြစ်သည်။ အခန်းတိုင်းမှာ ဟောင်းနွမ်းနေပြီး ကြမ်းခင်းကော်ဇောများလည်း ဆွေးနေကြသည်။ ပြတင်းပေါက်များမှာလည်း အကျဉ်းထောင်မှ ပြတင်းပေါက်များပမာ ကျဉ်းသော်လည်း နေရောင်တော့ ကာနိုင်သည်။ မျက်နှာကြက်များမှာ နှစ်ပေါင်း များစွာ ကြာပြီ ဖြစ်၍ စီးကရက်မီးခိုးများကြောင့် ရော်နေလေပြီ။ နံရံများတွင် ကပ်ထားသည့် စင်များမှာလည်း အနှစ်နှစ် အလလက မှတ်တမ်း စာအုပ်များ၏ အလေးကြောင့် ယိုင်နဲ့လျက်ရှိနေကြသည်။ ဤသည်တို့ကို ကြည့်ခြင်းအားဖြင့် ဌာန၏ ဘတ်ဂျက် မလုံလောက်မှုကို သိသာသည်သာမက ဌာန လုပ်ငန်းများကို တရားရေး ဌာနနှင့် ပြည်နယ် အုပ်ချုပ်ရေးမှူးတို့က သိပ်အလေးမထားမှန်း သိသာနေသည်။

နှစ်စဉ် ဇန်နဝါရီလ ဆိုလျှင် ဌာန၏ သက်တမ်းရှည် ဒါရိုက်တာ မိုက်ကယ် ဂေဆမာမှာ ပြည်နယ် ကွန်ဂရက်သို့ ခပ်ယို့ယို့ သွားကာ လွှတ်တော် နှစ်ရပ် အခွန်ဘဏ္ဍာ ခွဲဝေမှုကို ကြည့်ရှုရသည်။ အောက်ကျို့ရသည်။ ဘတ်ဂျက် ပိုတောင်းတိုင်း လျော့၍သာ ရသည်။ သည်ဒါရိုက်တာ သည်လို ဖြစ်နေရသည်ကို မည်သည့် အမတ်မျှ မသိကြ။

ဘုတ်အဖွဲ့တွင် အဖွဲ့ဝင် လူကြီး ငါးဦးကို ခန့်ထားသည်။ ပင်စင်စား တရားသူကြီးများနှင့် ရှေ့နေများ ဖြစ်၏။ ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် အဆင်ပြေသူများ ခန့်ထားခံရခြင်း ဖြစ်သည်။ ဘုတ်အဖွဲ့သည် တစ်နှစ်လျှင် ခြောက်ကြိမ် အစည်းအဝေး လုပ်ကာ တိုင်တန်းချက်များ၊ တရားရေး လုပ်ဆောင်မှု စိစစ်ချက်များကို ကြားနာကြသည်။ ဂေဆမာနှင့် သူ့ အဖွဲ့သားများ၏ လုပ်ဆောင်ချက်များကိုလည်း အစီရင်ခံရ၏။ ဝန်ထမ်းများ ထပ်လိုသည်။ သို့သော်



mgyoe.com

mgyoe.com SAMPLE BOOK

ဘတ်ဂျက်က မရှိ။ သူ၏ စိစစ်ရေးမှူးများမှာ တစ်ပတ်လျှင် နာရီ ငါးဆယ် အလုပ် လုပ်ကြရပြီး သူတို့လည်း အခြား အလုပ်များ တိတ်တိတ် ရှာနေကြသည်။

ဂေဆမာ၏ ထောင့်ကျကျ အခန်းကတော့ သူ ကြားနံရံတွေ ဖြိုချထားသဖြင့် အနည်းငယ်တော့ ကျယ်သည်။ စားပွဲရှည်တွေလည်း ထပ်ထည့်ထားရာ အခန်းမှာ ဝက်ပါလို ဖြစ်နေသည်။ ဘုတ်အဖွဲ့ အစည်းအဝေး လုပ်ပြီ ဆိုလျှင် ဖလော်ရီဒါ ပြည်နယ် တရားရုံးချုပ်၏ အစည်းအဝေးခန်းကို ငှားရ၏။

သည်နေ့တော့ စားပွဲတွင် လေးယောက်သာ ထိုင်နေကြသည်။ ဂေဆမာ၊ လေစီ၊ ဟူဂိုနှင့် ခေတ်ဟောင်း တရားရေး ကျွမ်းကျင်သူ ဆက်ဒဲလီတို့ ဖြစ်သည်။

ဆက်ဒဲလီမှာ ဘီဂျေစီ အဖွဲ့၏ လျှို့ဝှက် လက်နက် ဖြစ်ပြီး အသက်ကလည်း ခုနစ်ဆယ် နီးပါး ရှိနေပြီ။ အသက် ကြီးလာသဖြင့် စာရွက် စာတမ်းတွေနှင့် သုတေသန မလုပ်နိုင်ရုံသာမက တရားရေး ကိစ္စများကိုလည်း သိပ်မမှတ်မိတော့။ သူသည် ကျန်ခဲ့သည့် နှစ်ပေါင်း သုံးဆယ်က ဥပဒေကျောင်းမှ ဘွဲ့ရခဲ့သော်လည်း တရားရေး အလုပ် စာမေးပွဲကို သုံးကြိမ် ကျခဲ့သည်။ ထို့ကြောင့် တရားရေး ကျွမ်းကျင်သူ အဆင့်နှင့်သာ ရာသက်ပန် နေလာခဲ့ရသည်။

ဆက်ဒဲလီသည် တစ်ချိန်က ဆေးလိပ် အလွန် သောက်ခဲ့ရာ ပြတင်းပေါက်များနှင့် မျက်နှာကြက်များတွင် ဆေးလိပ် မီးခိုးများ စွန်းထင်းနေရခြင်းမှာ သူမ အပြစ်ဟုပင် ပြောစရာ ရှိနေသည်။ ဆေးလိပ်ကြောင့် လွန်ခဲ့သည့် သုံးနှစ်ကတည်းက အဆုတ် ကင်ဆာ ရလာသော်လည်း တစ်ပတ်လုံး အလုပ် ပျက်သည် ဟူ၍ မရှိခဲ့။

စားပွဲပေါ်တွင် စာရွက်စာတမ်းများဖြင့် ပြည့်နေသည်။ အချို့ စာရွက်များကို ချုပ်မထား။ မင်နီ၊ မင်ပြာများဖြင့် ခြစ်မှတ်ထားသည်။ ဟူဂိုက 'ဒီလူနှင့် ပတ်သက်ပြီး ကျွန်တော်တို့ စုံစမ်းကြည့်တယ်၊ သူ ရှေ့နေ ဘဝက သူ့ကို သိခဲ့တဲ့ ပင်ဆာကိုလာမြို့က လူနှင့် ကျွန်တော်တို့ စကား ပြောခဲ့ရတယ်၊ သူ အမှုလုပ် မခံရခင် အထိတော့ လူကောင်း တစ်ယောက်ပါ၊ သူက နာမည် တစ်မျိုး ပြောင်းထားတယ်'

လေစီက တစ်ဖန် 'သူ့ အကျဉ်း ကာလ မှတ်တမ်းကလည်း အပြစ် မရှိဘူး၊ တက္ကဆပ် ပြည်နယ် အကျဉ်းထောင်မှာ ၁၆ လ ကျခံတာ၊ အကျဉ်းကျကာလမှာလည်း အကျဉ်းထောင် ဥပဒေ စာကြည့်တိုက်မှာ သူ အချိန် ကုန်ခဲ့



mgyoe.com

mgyoe.com SAMPLE BOOK

တယ်၊ ထောင်ကျ ရှေ့နေ ဆိုတော့ တခြား အကျဉ်းကျဘက်တွေကို အယူခံနိုင်အောင် သူ ကူညီနိုင်ခဲ့တယ်၊ နှစ်ယောက်ကို ဆိုရင် လွတ်ရက် စောအောင်တောင် လုပ်ပေးနိုင်ခဲ့တယ်'

'သူက ဘာမှုနှင့် ကျတာလဲ' ဂေဆမာက မေးသည်။

ဟူဂိုက 'မိုင်ယာ ပြောတာတွေကို ကျွန်တော် အသေးစိတ် လေ့လာတယ်၊ အာဏာပိုင်တွေဟာ အိမ်ခြံမြေ လုပ်ငန်းရှင် ကူဘီယာ့ ဆိုတဲ့ လူနောက် လိုက်နေတာ၊ အဲဒီလူက ကာလီဖိုးနီးယားက လာတာလေ၊ သူက ဒတ်စတင်မြို့နှင့် ပနားမားမြို့တွေမှာ နှစ်ပေါင်း နှစ်ဆယ်လောက် လုပ်စားခဲ့တာ၊ သူ့ကို မိတော့ စွဲချက်တွေ တစ်သီကြီးနှင့် ထောင်ဒဏ် နှစ်သုံးဆယ် ကျသွားတယ်၊ ဘဏ် လိမ်လည်မှု၊ အခွန် လိမ်လည်မှု၊ ငွေကြေး ခဝါချမှုတွေလည်း ပါတယ်၊ သူ အဖမ်းခံရတော့ ကျန်တဲ့ လူတွေကိုပါ သူ အကုန် ဆွဲထည့်တယ်၊ ရမ်ဆေး မစ်လည်း ပါတယ်၊ မစ်ကတော့ လူလည်၊ အဆက်အသွယ်တွေကို အကုန် ဖြတ်တောက်ပစ်ပြီး ရှောင်သွားတယ်၊ သူ့အမှုကျတော့ သူက အကုန် အော်ချက်လိုက်ဖွင့်တာ အကုန် ထိခိုက်ကုန်ကြတယ်၊ သူကတော့ အခု ဂရက် မစ် ဆိုတဲ့ နာမည် ပြောင်းပြီး ပင်လယ်ထဲမှာ လျှောက်လှည့်ရင်း ရှောင်နေတယ်၊ သူက ၁၆ နှစ်ပဲ ထောင်ကျပြီး ကျန်ခဲ့တဲ့ ငါးနှစ်က ပြန်လွတ်လာတယ်၊ ကူဘီယာ့ကိုပါ ဖော်ကောင် လုပ်လို့ လျှော့ရက်နှင့် လွတ်တာလေ'

'သူ့ ကိုယ်ရေး သမိုင်းကရော' ဂေဆမာက မေးသည်။

လေစီက 'အိမ်ထောင် နှစ်ဆက် ကွဲပြီး လက်ရှိ အိမ်ထောင် မရှိဘူး၊ သူ ထောင်ကျတော့ သူ့ ဒုတိယ မိန်းမက သူ့ကို ပစ်သွားတာ၊ ပထမ အိမ်ထောင်နှင့် ရတဲ့ သား တစ်ယောက်က ကာလီဖိုးနီးယားမှာ နေတယ်၊ စားသောက်ဆိုင် ပိုင်တယ်၊ သူဟာ အပြစ် ရှိကြောင်း ဝန်ခံပြီး ဒဏ်ကြေး တစ်သိန်းဆောင်လိုက်ရတယ်၊ အဲဒီ ဒဏ်ကြေးနှင့် အမှု စရိတ်တွေကြောင့် သူ ကက်တက်ပြောင်ခဲ့ရတယ်၊ သူ ထောင်မကျခင် တစ်ပတ် အလိုမှာ လူမွဲ စာရင်းခံသွားခဲ့တယ်'

ဟူဂိုက ပုံကြီး ချဲ့ထားသည့် ဓာတ်ပုံများကို ဖြန့်ခင်းလိုက်ပြီး 'ဒါတွေက စိတ်ဝင်စားဖို့ ကောင်းတယ်၊ သူနှင့် တွေ့တုန်း ကျွန်တော် သူ့မော်တော်ဘုတ်ကို ဓာတ်ပုံ လိုက်ရိုက်ထားတာ၊ ၅၂ ပေ ရှည်တယ်၊ ပင်လယ် လေညင်းခံမော်တော်ဘုတ်မျိုး၊ အတော် ကောင်းတယ်၊ တစ်နာရီကို ရေမိုင် နှစ်ရာ ပြေးတယ်၊ လူလေးယောက် ဇိမ်ရှိရှိ အိပ်ပြီး လိုက်သွားလို့ ရတယ်၊ ဘာဟားမား



mgyoe.com

mgyoe.com SAMPLE BOOK

ကုမ္ပဏီ တစ်ခု အမည်နှင့် မှတ်ပုံတင်ထားတာမို့ နံပါတ်ကို ရှာလို့ မရဘူး၊ တန်ဖိုးကို ခန့်မှန်းကြည့်ရတာတော့ သန်းဝက်လောက် တန်မယ်၊ သူ ကျန်ခဲ့တဲ့ ခြောက်နှစ်က လွတ်လာတယ်၊ သူ့ ရှေ့နေ လိုင်စင် ပြန်ရတာလည်း ကျန်ခဲ့တဲ့ သုံးလကမှ၊ သူ့မှာ ရုံးခန်းလည်း မရှိဘူး၊ နောက်ပြီး မော်တော်ဘုတ် ပေါ်မှာပဲ အမြဲ နေတယ်၊ ရုံးခန်းလည်း ငှားနိုင်တဲ့ အနေအထား ရှိတယ်၊ ဒါပေမဲ့ ထည်ထည်ဝါဝါ နေနိုင်တယ်၊ စဉ်းစားစရာက သူ ဘာကြောင့် အခုလို ချောင်ချောင်လည်လည် နေနိုင်တာလဲ ဆိုတာပဲ'

ဤတွင် လေစီက ဝင်၍ 'အက်ဖ်ဘီအိုင် ဝင်လာတဲ့ အချိန်မှာ သူ ရထားတာတွေကို ဝှက်ဖို့ အချိန် ရတာလည်း ဖြစ်နိုင်တာပဲ၊ အစိုးရ ရှေ့နေဟောင်း သတင်းပေး တစ်ယောက်နှင့် ကျွန်မ စကား ပြောကြည့်ပြီးပြီ၊ မစ်တစ်ဖြစ်လဲ မိုင်ယာဟာ ငွေတွေ ဝှက်ထားတယ်လို့ သိခဲ့ရတယ်၊ တရားခံ အတော်များများဟာ ငွေတွေ ဝှက်ထားကြတယ်လို့ သူက ပြောတယ်၊ ဒါကိုတော့ ဖော်ထုတ်လို့ ရမယ် မဟုတ်ဘူး၊ ကျန်ခဲ့တဲ့ ခုနစ်နှစ်က အက်ဖ်ဘီအိုင်တောင် မဖော်ထုတ်နိုင်တာ ကျွန်မတို့ ဘယ်လိုမှ ဖော်ထုတ်နိုင်မှာ မဟုတ်ဘူး'

ဂေဆမာက 'အချိန်တော့ ရမယ် ထင်ပါတယ်'

'ရမှာပါ'

'ဒါဆို ဒီမောင်ကလည်း လူလည် လူရှုပ်ပဲပေါ့' ဂေဆမာက မေးလိုက်သည်။

ဟူဂိုက 'သူက အပြစ် ကျူးလွန်လို့ ပြစ်ဒဏ် ခံရတဲ့ ကောင်ပဲ၊ ဒါပေမဲ့ သူက ထောင်ကျခံခဲ့တယ်၊ ဒဏ်ကြေး ဆောင်ခဲ့တယ်၊ ခုဆို ကျွန်တော်တို့ တရားရေး နယ်ပယ်သား ဖြစ်နေပြီ' သူက ပြောရင်း အပြည့်အဝ နယ်ပယ်သား မဟုတ်သည့် ဆက်ဒဲလီကို တစ်ချက် လှမ်းကြည့်ကာ ပြုံးပြလိုက်သည်။ ဆက်ဒဲလီကတော့ ပြန်ပြုံးမပြ။

ဂေဆမာက 'ဒါဆို သူ့ကို လူလည် လူရှုပ် ဆိုတာထက် အကြံအဖန် သမား ဆိုရင် ပိုမှန်မယ်၊ ငွေတွေကို ဝှက်ထားတယ် ဆိုတာနှင့် ပတ်သက်လို့တော့ ငါ လက်မခံချင်သေးဘူး၊ သူသာ ငွေတွေကို ဝှက်ထားပြီး တရားသူကြီးဆီမှာ လူမွဲ စာရင်း ခံမယ် ဆိုရင် သူ့မှာ အပြစ် ရှိနေသေးတာပဲ၊ သူ ဒီလို လုပ်ရဲပါ့မလား'

ဟူဂိုက 'အဲဒါတော့ မသိဘူး၊ ဒါပေမဲ့ ဒီလူက သိပ်စေ့စပ်တယ်၊ သူဟာ ထောင်က လွတ်တာ ခြောက်နှစ် ရှိပြီ ဆိုတာတော့ သိထားရမယ်၊ ရှေ့နေ



mgyoe.com

mgyoe.com SAMPLE BOOK

လိုင်စင် ပြန်ရဖို့ ဖလော်ရီဒါမှာ ငါးနှစ် နေမှ ရမယ်၊ အဲဒါကို သူ စောင့်နေရင်းနှင့် ဟိုက ဒီက ငွေရှာလို့ ရတာလည်း ဖြစ်နိုင်တယ်၊ ဒီလူဟာ ကြံရည်ဖန်ရည်တော့ ရှိတယ်'

လေစီက 'အဲဒါက အရေးပါလို့လား၊ ကျွန်မတို့က သူ့ကို ထောက်လှမ်းမှာလား၊ အဂတိ လိုက်စားတဲ့ တရားသူကြီးကို ထောက်လှမ်းမှာလား'

'အဲဒါ ဟုတ်တယ်၊ သူ ပြောတာက တရားသူကြီးက မိန်းမဆို' ဂေဆမာက ထောက်ခံသည်။

လေစီက 'ဟုတ်မယ် ထင်တယ်၊ သူ ပြောတာတော့ သိပ်မရှင်းဘူး'

ဂေဆမာက ဆက်ဒဲလီကို ကြည့်ကာ 'ဖလော်ရီဒါမှာ နိုင်ငံရေး ကင်းရှင်းတဲ့ မိန်းမ တရားသူကြီးတွေ စာရင်း တို့ဆီမှာ ရှိတယ် ထင်တယ်'

ဆက်ဒဲလီက အသက်ကို ရှိုက်ရှူလိုက်ပြီး ထုံးစံ အတိုင်း ရင်ကျပ်သံဖြင့် 'အမျိုးမျိုး ရှိတယ်၊ ယာဉ်ထိန်း တရားရုံးတွေလိုမျိုးက တရားသူကြီးမတွေလည်း ရှိတယ်၊ မကောင်းတာ ဆိုရင် တခြား အမှုအခင်း တရားရုံးတွေက ဖြစ်ဖို့ များတယ်၊ အားလုံး တရားသူကြီး ခြောက်ရာမှာ မိန်းမက သုံးပုံတစ်ပုံ ရှိတယ်၊ ကက်စီနို ကိုးခုက ပြည်နယ် အနှံ့ ရှိနေတာ ဆိုတော့ ခန့်မှန်းဖို့က အချိန် ကြာမယ်'

'မာဖီးယားလို့ ခေါ်တဲ့ဟာတွေကိုရော တွေ့လား'

ဆက်ဒဲလီသည် သူမ၏ အဆုတ်က လက်ခံနိုင်သလောက် လေကို ရှူလိုက်ပြီး 'ဘယ်သိမလဲ၊ ဒစ္စီ မာဖီးယားတို့၊ ရက်နက် မာဖီးယားတို့၊ တက္ကဆတ် မာဖီးယားတို့ ဆိုတာမျိုး လူဆိုး လူမိုက် ဂိုဏ်းလေးတွေတော့ ရှိခဲ့ဖူးတာပဲ၊ သူတို့တွေဟာ ရာဇဝတ်မှုတွေ ကျူးလွန်တာ သမိုင်းနှင့်ချီ ရှိခဲ့တယ်၊ ဘူဘတ် ဂိုဏ်း ဆိုရင် ဝီစကီတွေ တရားမဝင် ချက်ရောင်းတယ်၊ ဒါပေမဲ့ ငါးစင်ရိုင်း မာဖီးယားတို့၊ ကမ်းရိုးတန်း မာဖီးယားတို့ ဆိုတဲ့ နာမည်တွေတော့ ဘယ်မှာမှ ရှာမတွေ့ဘူး' သူမ အသက် ဝအောင် ရှူနေရသဖြင့် အသံ တိမ်သွားသည်။

လေစီက 'ကျန်ခဲ့တဲ့ နှစ်ပေါင်း လေးဆယ်လောက်က လစ်တဲရှေ့ သတင်းစာထဲမှာ ဆောင်းပါး တစ်ပုဒ် ကျွန်မ ဖတ်ခဲ့ဖူးတယ်၊ အာကင်ဆော မြစ်ဝကျွန်းပေါ်မှာ ငါးစင်ရိုင်း နာမည်နှင့် စားသောက်ဆိုင် အတော်များများကို ပိုင်တဲ့ လယ်ရီ ဝိန်း ဖာရဲ ဆိုတဲ့ လူအကြောင်းကို သိုင်းသိုင်းဝိုင်းဝိုင်း ရေးထားတာ၊ သူဟာ အပြင်ပန်းက ငါးစင်ရိုင်းတွေ ချက်ရောင်းနေပြီး နောက်ကွယ်ကနေ အရက်ပုန်း ချက်ရောင်းနေပုံ ရတယ်၊ နောက်တော့ သူနှင့် သူ့



mgyoe.com

mgyoe.com SAMPLE BOOK

ဝမ်းကွဲ ညီအစ်ကိုတွေဟာ လောဘ တက်ပြီး လောင်းကစား လုပ်ငန်း၊ ပြည့်တန်ဆာ လုပ်ငန်း၊ ကားခိုးတဲ့ လုပ်ငန်းတွေ အထိ တိုးလုပ်လာကြတယ်၊ သူတို့ဟာလည်း မိုင်ယာ ပြောသလို သူတို့ အဖွဲ့ စုစည်းလို့ ရအောင် လာဘ်ထိုးလို့ ရမယ့် နယ်ထိန်းရဲကို လိုက်ရှာကြတာ၊ နောက်ဆုံးမှာ သူတို့ ဘိုင်လိုစီ အရပ်မှာ အခြေချလိုက်ကြတယ်၊ ဆောင်းပါးက သိပ်ရှည်တယ်၊ အသေးစိတ်တွေတော့ မပြောတော့ပါဘူး၊ သူတို့ အုပ်စုကြောင့် အလောင်းတွေ အထပ်ထပ်ကျန်ခဲ့သတဲ့'

ဆက်ဒဲလီက တစ်ဖန် 'အခုလို ကျွန်မရဲ့ လိုအပ်ချက်ကို ထောက်ပြတာ ကျွန်မ ခံနိုင်ပါတယ်၊ ကျေးဇူးတင်ပါတယ်'

'ကိစ္စ မရှိပါဘူး'

ဟူဂိုက 'ဒါနှင့် မေးပါရစေဦး၊ တကယ်လို့ ဒီလူက စွဲချက်တွေကို တင်ပါပြီတဲ့၊ ကျုပ်တို့ကလည်း ဒီတရားသူကြီးကို စုံစမ်း ထောက်လှမ်းပါပြီတဲ့၊ အဲဒီမှာ ကျုပ်တို့ အန္တရာယ် ရှိလာပြီ ဆိုရင် အက်ဖ်ဘီအိုင်ကို လွှဲလိုက်ရင် မကောင်းဘူးလား၊ အဲဒီ အချိန်ကျရင် မိုင်ယာလည်း ကျုပ်တို့ကို တားလို့ ရမှာ မဟုတ်တော့ဘူး၊ ဟုတ်တယ်မို့လား'

'ဟုတ်တယ်၊ အဲဒါ အမှန်ပဲ' ဂေဆမာက ထောက်ခံသည်။ 'ငါတို့ စုံစမ်းထောက်လှမ်းတာကို သူ ချုပ်ကိုင်လို့ မရဘူး၊ ငါတို့မှာ အကူအညီ လိုတယ်ဆိုရင်လည်း အသင့် တောင်းစရာ ရှိတယ်'

'ဒါဆို ဒီအတိုင်း လုပ်ကြမလား' ဟူဂိုက မေးသည်။

'အဲဒီ အတိုင်း လုပ်ရမှာပဲ ဟူဂို၊ တခြားနည်း မရှိဘူး၊ သူက တရားသူကြီး မမှန်မကန် လုပ်တယ်၊ ဒါမှမဟုတ် အကျင့်ပျက် ခြစားတယ် ဆိုတာကို ဥပဒေကြောင်း အရ စွဲချက် တင်လာရင် ငါတို့က ဒါကို သုံးသပ်ပေးရုံပဲ၊ ဒါ ရှင်းရှင်းလေးပဲ၊ စိုးရိမ်စရာ ရှိသေးလား'

'မရှိပါဘူး'

'လေစီ၊ ဘာပြောစရာ ရှိသေးလဲ'

'မရှိပါဘူး'

'ကဲ ဒါဆို မစ္စတာ မိုင်ယာကို ပြောလိုက်တော့၊ ငါ့သဘောထားကို သိချင်ရင် ဖုန်းဆက်လိုက်ပါလို့'



mgyoe.com

mgyoe.com SAMPLE BOOK

သူ့ထံ ဖုန်းဆက်ရသည်မှာ နှစ်ရက်ပင် ကြာသည်။ နောက်ဆုံး သူနှင့် ဖုန်းရတော့ မိမိတို့နှင့် စကား ပြောရန် သူ စိတ်ဝင်စားဟန် သိပ်မရှိတော့သလို။ သူက အလုပ် ကိစ္စများဖြင့် မအား၍ နောက်မှ ဖုန်းပြန်ဆက်မည်ဟု ဆိုသည်။ ဖုန်းသံကလည်း သိပ်မကောင်း။ သူ အဝေး တစ်နေရာသို့ ရောက်နေသည် ထင်၏။

နောက်နေ့တွင် အခြား ဖုန်းတစ်လုံးဖြင့် လေစီထံ ဖုန်းဆက်လာသည်။ သူက ဂေဆမာနှင့် ပြောချင်သည် ဆို၏။ ဂေဆမာကလည်း စွဲချက်များကို အလေးထားကာ ချက်ချင်း စုံစမ်း စစ်ဆေးမှု ပြုလုပ်မည် ဖြစ်ကြောင်း ပြောလိုက်သည်။ နောက်တစ်နာရီခန့် ကြာသော အခါ လေစီထံ မိုင်ယာ ဖုန်းပြန်ဆက်ကာ တွေ့ချင်ကြောင်း ပြောသည်။ သူက လေစီနှင့် ဟူဂိုတို့ကို တွေ့ပြီး အမှု အကြောင်း ဆွေးနွေးချင်သည်ဟု ဆိုသည်။ သူ စာနှင့် ရေးမထားသော မိမိတို့ အတွက် အရေးပါနိုင်သည့် နောက်ခံ အကြောင်းများလည်း ရှိသေးသည်ဟု ဆိုသည်။ မိမိတို့နှင့် မတွေ့ရလျှင် စွဲချက်များကို လက်မှတ်လည်း မထိုး၊ ရုံးတင်မည်လည်း မဟုတ်ဟု ဆို၏။

ဂေဆမာက သွားခိုင်းသည်။ သူတို့က မိုင်ယာ ချိန်းမည့် နေရာကို စောင့်နေသည်။ တစ်ပတ်ခန့် ကြာတော့ သူက ဖုန်းဆက်ကာ သူနှင့် ကာလီတာတို့ ဘဟားမားရှိ အဘာကို ကျွန်းသို့ သွားမည် ဖြစ်ကြောင်း၊ တစ်ရက် နှစ်ရက် ကြာလျှင် ဖလော်ရီဒါသို့ ပြန်လာမည် ဖြစ်ကြောင်း အကြောင်းကြားသည်။

စနေနေ့ ညနေစောင်း အပူ ဒီဂရီ တစ်ရာ ဝန်းကျင်လောက်တွင် လေစီသည် နယ်မြေခွဲသို့ ကားဖြင့် သွားခဲ့သည်။ ဘယ်တုန်းကမျှ ပိတ်ဟန် မတူသော ဂိတ်တံခါးမှ မောင်းဝင်လာသည်တွင် တူးထားသည့် ရေကန်ကလေးများ၊ ရေတွေ ပန်းထွက်နေသော အပေါစား ရေပန်းများကို တွေ့ရသည်။ သူမက လူစည်သော ဂေါက်ကွင်းနှင့် ပုံစံတူ တိုက်အိမ်ကလေးများ အနီးမှ ကပ်၍ မောင်းလာသည်။

နောက်ဆုံးတွင် ရေကူးကန်များ ဆက်ထားသည့် ပန်းခြံကလေးထဲတွင် ကားကို ရပ်လိုက်၏။



mgyoe.com

mgyoe.com SAMPLE BOOK

ရေထဲတွင် ကလေး များစွာ ဆော့ကစားနေကြပြီး သူတို့၏ မိခင်များက ရောမ ထီးကြီးများ အောက်တွင် ထိုင်ကာ အချိုရည်များ သောက်နေကြသည်။

ဤအရပ်သည် စီးပွားရေး ကပ်ကြီးကို ကျော်ဖြတ်လာခဲ့သည်။ လူမျိုးပေါင်းစုံသော မျိုးဆက်သစ် မိသားစု အဖြစ်လည်း ရပ်တည်လာခဲ့သည်။ ဟူဂိုဟက်ချ်နှင့် ဗာနာ ဟက်ချ်တို့ ဒုတိယ ကလေး မွေးအပြီး သည်နေရာကို ပြောင်းလာခဲ့ကြခြင်း ဖြစ်သည်။ ယခုတော့ သူတို့ ကလေး လေးယောက်ပင် ရနေလေပြီ။ ၂၂၀၀ စတုရန်းပေ ရှိသော မြေကွက်တွင်းရှိ ဘန်ဂလို အိမ်ကလေးတွင် သူတို့ မိသားစု ကျပ်၍ပင် နေလေပြီ။ အခြား နေရာသို့ ပြောင်းရန်ကလည်း မဖြစ်နိုင်။ ဟူဂိုမှာ လေစီနှင့် လစာတူ တစ်နှစ် ဒေါ်လာ ခြောက်သောင်းသာ ရပြီး တစ်ကိုယ်တည်းသမား လေစီကတော့ နည်းနည်းပါးပါးပင် စုနိုင်သော်လည်း ဟူဂို မိသားစုကတော့ ရရစားစားပင်။

သို့သော် သူတို့ မိသားစုက ပါတီပွဲ ပေးရသည်ကို ဝါသနာပါကြသည်။ နွေဘက် စနေနေ့ ညနေ ဆိုလျှင် ဟူဂိုက ရေကူးကန် ဘေးတွင် ဘီယာခွက် လက်တစ်ဖက်က ကိုင်ပြီး ကြော်ချက်ရင်း မိတ်ဆွေများနှင့် ဘောလုံးပွဲ အကြောင်း ပြောနေမည်။ ကလေးတွေက ရေထဲတွင် ဆော့နေကြမည်။ မိန်းမများကတော့ နေရိပ်တွင် ခိုကာ နေကြမည်။

လေစီက မိန်းမများကို နှုတ်ဆက်ရင်း ကလေးကို ချီကာ ချော့နေသည့် ဗာနာ ရှိရာ ရေကူးကန် အဆောင်ကလေး ရှိရာသို့ လျှောက်လာသည်။

ပစ်ပင်မှာ တစ်လ သမီး အရွယ်သာ ရှိသေးသည်။ အတော် ပူသည့်ကလေး။ သူတို့၏ ကလေးများကို လေစီ တစ်ခါတစ်ရံ ကူထိန်းပေးသည်။ သူတို့ ကလေးတွေကို ထိန်းပေးမည့်သူတွေ ရှိပါသည်။ ဘွားအေ ဆိုလျှင်လည်း သူတို့နှင့် မိုင်သုံးဆယ်လောက်သာ ဝေးသည်။ သူတို့မှာ ဆွေမျိုး တောင့်သဖြင့် အဒေါ်တွေ၊ ဦးလေးတွေ၊ ဝမ်းကွဲတွေ များသည်။ ထိုသို့ ဆွေမျိုး တောင့်သည်ကို လေစီ တစ်ခါတလေ အားပင်ကျမိသည်။ သို့သော် သူတို့လို ဆွေမျိုး ဒုက္ခ မခံရသည့် အတွက်လည်း ဝမ်းသာနေရသည်။

ဗာနာ သောက်စရာ သွားယူသည့် အတွက် ပစ်ပင်ကို လေစီ ချီထားလိုက်သည်။ ပစ်ပင်ကို ချီရင်း လေစီ တိုက်တန်းရှေ့ မြေကွက်လပ်မှ လူများကို ကြည့်လိုက်သည်။ လူမည်းတွေရော၊ လူဖြူတွေရော၊ ဟစ္စပင်းနစ်၊ အာရှလူမျိုးစုံ ဖြစ်၏။ ကလေး တွဲလောင်းနှင့် လူငယ် အိမ်ထောင်စုတွေ ဖြစ်သည်။ ဟူဂိုနှင့် ဥပဒေ ကျောင်းနေဖက် ရှေ့နေချုပ်ရုံးမှ ရှေ့နေ နှစ်ယောက်နှင့် ပြည်



mgyoe.com

mgyoe.com SAMPLE BOOK
နယ် လွှတ်တော်တွင် လုပ်သည့် အခြား ရှေ့နေ တစ်ယောက်လည်း တွေ့ရသည်။

ထိုအထဲတွင် လေစီ ထင်ထားသည့် အတိုင်း အိမ်ထောင် မရှိသူ လူလွတ် မပါ။ လေစီ ယောကျ်ားတွေနှင့် သိပ်မတွဲ။ သူမ တွဲချင်လောက်အောင် အထင်ကြီးစရာ ယောကျ်ားလည်း သိပ်မရှိ။ ကျန်ခဲ့သည့် ရှစ်နှစ်ခန့်က သူမ အသည်းကွဲ ဇာတ်လမ်း တစ်ပုဒ် ရှိခဲ့သည်။ ထိုဒဏ်ရာက ယခုထိ မကျက်သေး။

ဘီယာ နှစ်ခွက်နှင့် ဗာနာ ပြန်ရောက်လာပြီး လေစီနှင့် မျက်နှာချင်းဆိုင် ထိုင်ကာ 'ရှင့်လက်ထဲ ရောက်ရင် ဒီကလေး ဘာကြောင့် အငို တိတ်သွားရတယ် မသိဘူး'

လေစီက ပြုံးကာ ပခုံး တွန့်လိုက်သည်။ ယခု အသက် ၃၆ နှစ်လုံးလုံး မိမိ ကိုယ်ပိုင် ရင်သွေးကို ချီရပါတော့မည်လားဟု အမြဲ စဉ်းစားမိခဲ့သည်။ အဖြေကား မရှိခဲ့။ သည်လိုနှင့် အချိန်တွေ ကြာညောင်းလာကာ ထိုသို့ ချီရဖို့ကလည်း ပို၍ ဝေးလာနေသည်။

'ဒါထက် ဂေဆမာက ရှင်တို့ နှစ်ယောက်ကို တာဝန် ကြီးကြီး တစ်ခု ခိုင်းထားလို့ဆို' ဗာနာက မေးသည်။

လေစီ အံ့သြသွားမိသည်။ ဟူဂိုသည် အလုပ် ကိစ္စကို အလုပ်တွင်သာ ထားတတ်သူမျိုး။ နောက်ပြီး ဒါက ဘီဂျေစီ၏ လျှို့ဝှက် ကိစ္စ။

တစ်ခါတလေတော့ မိမိတို့ သုံးယောက် ညဥ့်နက်သည် အထိ ဘီယာ သောက်ကြရင်း တရားသူကြီး အချို့၏ အပြုအမူများကို ပြောကြ ရယ်ကြ လုပ်ကြသည်။

ထိုလူများ၏ အမည်များကိုတော့ ထုတ်မပြောကြ။

'ဒီအမှုက ကြီးတယ် ဆိုတာလည်း ဖြစ်နိုင်တယ်၊ ဘာမှ မဟုတ်တဲ့ အမှုလည်း ဖြစ်သွားနိုင်တယ်' လေစီက ပြန်ပြောလိုက်သည်။

'သူ ကျွန်မကိုတော့ သိပ်မပြောပါဘူး၊ ပြောလေ့လည်း မရှိဘူး၊ ဒါပေမဲ့ သူ့ကို ကြည့်ရတာ စိုးရိမ်နေသလိုပဲ၊ ဘာဖြစ်လို့လဲ၊ ရှင်တို့ အလုပ်တွေဟာ အန္တရာယ် ရှိမယ် ဆိုတာမျိုး ကျွန်မ ဘယ်တုန်းကမှ မထင်မိဘူး'

'ကျွန်မလည်း မထင်ပါဘူး၊ ကျွန်မတို့က သေနတ် ကိုင်ရတဲ့ ရဲတွေမှ မဟုတ်တာ၊ ကျွန်မတို့က ဥပဒေရေးရာ လုပ်ပိုင်ခွင့် ရှိတဲ့ ရှေ့နေတွေပါ'

'သူက သူ သေနတ် ကိုင်ချင်တယ်လို့တောင် ပြောနေတယ်၊ ဒါကြောင့် ကျွန်မ စိတ်ပူသွားတယ် လေစီ၊ ရှင်တို့မှာ အန္တရာယ် မရှိဘူး မဟုတ်လား'
mgyoe.com

mgyoe.com SAMPLE BOOK

'မရှိပါဘူး ဗာနာ၊ ကျွန်မကတော့ သေနတ်ကိုင်ဖို့ လိုမယ် ဆိုတာနှင့် တခြား အလုပ် တစ်ခု ပြောင်းမှာပဲ၊ ကျွန်မ တစ်သက်မှာ တစ်ခါမှ သေနတ် မပစ်ဖူးဘူး'

'ကျွန်မ အသိုင်းအဝိုင်းထဲမှာတော့ သေနတ်တွေလည်း ကိုင်ခဲ့ကြတယ်၊ အဲဒါကြောင့်လည်း ဒုက္ခတွေ ပင်လယ်ဝေခဲ့တယ်'

ပစ်ပင်မှာ လေစီ လက်ပေါ်တွင် ၁၅ မိနစ်ခန့် အိပ်ပျော်သွားပြီး ပြန်နိုးကာ ရုန်းကန်နေသည်။ ဗာနာက ကလေးကို ယူချီတော့ အသားညှပ် ပေါင်မုန့် ဖုတ်ထားသည်ကို လေစီ သွားကြည့်လိုက်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၄

မိုင်ယာ နောက်ဆုံး ဆက်သွယ်လာတော့ ယခင်က တွေ့ခဲ့သည့် စိန့်ဩဂတ်စတင်း မြို့ရှိ သင်္ဘောဆိပ်တွင် လာတွေ့ရန် လေစီကို ပြောသည်။ အရာရာမှာ ယခင် တစ်ခါကလိုပင်။

ချွေးပြိုက်ပြိုက်ကျသော အိုက်စပ်သည့် အပူရှိန် အောက်၊ သင်္ဘောကျင်း အဆုံးနားလောက်တွင် ဖြစ်၏။ မိုင်ယာမှာလည်း ဟိုတစ်ခါကလို ပွင့်ရိုက် ရှပ်အင်္ကျီနှင့်ပင်။ ဟိုတစ်ခါကလို သူ့မော်တော်ဘုတ်ပေါ်ရှိ အမိုးအောက်မှ စားပွဲတွင် ထိုင်ကာ သူက ဟိုတစ်ခါက တံဆိပ် ဘီယာ ပုလင်းကို သောက်ရင်း စပြောသည်။

သူ ပြောသည့် ဇာတ်ကောင်က ဗွန်း ဒူဘို့ ဆိုသူ ဖြစ်၏။ ထိုလူမှာ မျိုးနှင့်ရိုးနှင့် ဒုစရိုက် ဂိုဏ်းသား တစ်ယောက် ဖြစ်ပြီး အာကင်ဆော ပြည်နယ်၊ ဖောရက် မြို့ရှိ ငါးစင်ရိုင်း စားသောက်ဆိုင်၏ နောက်ဖေးခန်းထဲမှ လှုပ်ရှားနေသူဟု ဆိုသည်။

ထိုစားသောက်ဆိုင်မှာ သူ့အမေဘက်မှ အဘိုးပိုင် ဖြစ်သည်။ အဘိုးမှာ ရဲတို့ ချုံခို တိုက်သဖြင့် သေဆုံးသွားသည်။ သူ့အဖေကတော့ ထောင်ထဲတွင် သူ့ကိုယ်သူ သတ်သေသွားကြောင်း၊ သူ့အလောင်းကို ကြိုးတန်းလန်းနှင့် တွေ့ကြောင်း ရဲသတင်းက ဆိုသည်။ သူ့ဦးလေးများ၊ ညီအစ်ကို ဝမ်းကွဲများလည်း အလားတူ သေကုန်ကြရသည်။ သို့ဖြင့် ဂိုဏ်းမှာ အတော်ပင် အားနည်း သွားရာက ဖလော်ရီဒါ တောင်ပိုင်းတွင် ဗွန်းက ကိုကင်း အရောင်းအဝယ် လုပ်လာခြင်းဖြင့် ပြန်လည် ထူထောင်လာနိုင်ခဲ့သည်။



mgyoe.com

mgyoe.com SAMPLE BOOK

ထိုအလုပ်က သုံးလေးနှစ်လောက် ကောင်းလာသဖြင့် ဗွန်းမှာ သူ့ဂိုဏ်းကို ခိုင်မာအောင် ပြန်လည် စုစည်းလာနိုင်ခဲ့သည်။ ယခု ဆိုလျှင် သူ့အသက် ခုနစ်ဆယ် နီးနေပြီ။ ကမ်းရိုးတန်း တစ်လျှောက်တွင် နေထိုင်ကာ လိပ်စာလည်း အတိအကျ မရှိချေ။ ဘဏ်စာရင်း၊ ယာဉ်မောင်း လိုင်စင်၊ လူမှုဖူလုံရေး နံပါတ်၊ ပတ်စပို့ စသည်တို့လည်း အတိအကျ မရှိ။

ကက်စီနို လုပ်ငန်းဖြင့် ဗွန်း အဆင်ပြေလာသော အခါ သူက ဂိုဏ်းကို ချုံ့ပစ်ပြီး အမျိုးများလောက်သာ ထားတော့သည်။ သည်တော့ ဝေစု ပုံရသည်လည်း နည်းသွားသည်။ သူက နာမည် မပေါ်စေဘဲ လုပ်ရှားသည်။ ပြည်ပ ကုမ္ပဏီများဖြင့် အကာအကွယ် ယူထားသည်။ ထိုကုမ္ပဏီများကို ဘိုင်လိုစီမြို့ရှိ ဥပဒေ အကျိုးဆောင် ကုမ္ပဏီက ကြီးကြပ် ထိန်းမတ်ပေးထားသည်။ သူက အတော် ချမ်းသာနေပြီ ဖြစ်သော်လည်း ခပ်ကုပ်ကုပ် နေသည်။

'သူနှင့် ရှင် တွေ့ဖူးလား' လေစီက မေးသည်။

မိုင်ယာက 'မဟုတ်တာဗျာ၊ ဒီငနဲကို ဘယ်သူမှ မတွေ့ဖူးဘူး၊ သူက မှောင်ရိပ်မှာ နေတာ၊ ကျွန်တော့်လို ဆိုပါတော့၊ ဒီ ပင်ဆာကိုလာ နယ်တစ်ကြောမှာ ဗွန်း ဒူဘို့ကို သိတယ်လို့ ပြောတဲ့လူ သုံးယောက်တောင် ရှိမယ် မဟုတ်ဘူး၊ ကျွန်တော် ဒီမှာ နေလာတာ နှစ်ပေါင်း လေးဆယ် ရှိပြီ၊ သူ့အကြောင်းကို ကြားဖူးတာ မကြာသေးဘူး၊ သူက သွားလိုက် လာလိုက်ပဲ'

'သူ့မှာ ပတ်စပို့ရော မရှိဘူးလား' ဟူဂိုက မေးသည်။

'အခိုင်အမာတော့ ရှိတယ်၊ သူ့ကို လိုက်စစ်မယ် ဆိုရင်တော့ အတုဒါဇင်ဝက်လောက် ထွက်လာမယ်'

၁၉၆၃ ခုနှစ်တွင် အင်ဒီးယန်းရေးရာ ဗျူရိုက တက်ပါကိုလာ နိုင်ငံ ဟူ၍ ပဋိညာဉ် စာချုပ် တစ်ခု ထုတ်ပေးခဲ့သည်။ တက်ပါကိုလာ လူမျိုးစုသည် လူဦးရေ လေးရာခန့် ရှိပြီး ဘရန်းဆွစ် ခရိုင်၏ နုံးမြေတော တစ်လျှောက် အိမ်ကလေးများ ဆောက်ကာ နေထိုင်ကြသည်။ ဧက သုံးရာ ရှိသော ထိုလူမျိုးစု၏ သီးသန့် နယ်မြေကို လွန်ခဲ့သည့် နှစ်ပေါင်း ရှစ်ဆယ်ကပင် အစိုးရက သီးခြား အုပ်ချုပ်ခွင့် ပေးထားခဲ့သည်။ ၁၉၉၀ ပြည့်နှစ်လောက်တွင် ဖလော်ရီဒါ တောင်ပိုင်းရှိ ဆမ်မင်နိုး နိုင်ငံသည် ကက်စီနို လုပ်ငန်း ကောင်းမှန်း သိလာသည်။ အခြား လူမျိုးစုများလည်း အလားတူ သိလာကြသည်။

တစ်ချိန်တည်းတွင် ဗွန်းကလည်း တက်ပါကိုလာ သီးသန့် နယ်မြေနှင့် ကပ်နေသော မြေများကို ဈေးပေါပေါဖြင့် လိုက်ဝယ်နေသည်။



mgyoe.com

mgyoe.com SAMPLE BOOK

၁၉၉၀ ပြည့်လွန် စောစောပိုင်း နှစ်များတွင် ဗွန်း ဒူဘို့သည် တက်ပါကိုလာများကို မက်မောလောက်သည့် ကမ်းလှမ်းမှု တစ်ခု လုပ်ခဲ့သည်။

'ရတနာသော့ မဟုတ်လား' ဟူဂိုက ဝင်ထောက်သည်။

'ခင်ဗျား သိသားပဲ၊ ဖလော်ရီဒါ မြောက်ပိုင်း အမှတ် ၁၀ ပြည်နယ်ကူးလမ်းရဲ့ တောင်ဘက် ဆယ်မိုင် အကွာ၊ ပင်လယ် ကမ်းခြေရဲ့ မြောက်ဘက် ဆယ်မိုင် အကွာမှာ တစ်ခုတည်းသော ကက်စီနို ထောင်ဖို့၊ ဝန်ဆောင်မှု ကောင်းတဲ့ ကက်စီနို၊ မိသားစု အပန်းဖြေဖို့ ဒစ္စနေ စတိုင် ပျော်စရာ ပန်းခြံ၊ ပြည်နယ်မှာ အကြီးဆုံး ရေပန်း ဥယျာဉ်၊ ရောင်းဖို့ ငှားဖို့ ကွန်ဒို တိုက်ခန်းတွေပေါ့၊ လောင်းကစားချင်တဲ့ လူ၊ နေစာ လှုံချင်တဲ့ လူတွေ အတွက် အကောင်းဆုံး နေရာလေ၊ အဲဒီ အင်ဒီးယန်း လူမျိုးစုတွေက ဘယ်သူ့ကိုမှ အစီရင်ခံစရာ မလိုတဲ့ အတွက် လူဘယ်လောက် ဝင်တယ် ဆိုတာတော့ မသိဘူး၊ ဒါပေမဲ့ အဲဒီ ရတနာသော့ ဆိုတဲ့ နေရာဟာ တစ်နှစ်ကို ဒေါ်လာ သန်းဝက်လောက် ဝင်နိုင်ခြေ ရှိတယ်'

'ပြီးခဲ့တဲ့ နွေရာသီက ကျုပ်တို့တောင် အဲဒီကို ရောက်သွားမိသေးတယ်၊ သက်သက် သွားအလေလိုက်တာလေ၊ ဒေါ်လာ ငါးဆယ်ပဲ ကုန်တယ်၊ သိပ်တော့ မဆိုးဘူး' ဟူဂိုက သူ အပြစ် လုပ်မိသည့်ဟန် ပြောနေသည်။

'ဆိုးမလား၊ အဲဒါကြောင့် လူတွေ ကြိတ်ကြိတ်တိုးပြီး တက်ပါကိုလာ လူမျိုးတွေ ငွေကို စက်နှင့် ရိုက်ထုတ်သလို ဝင်နေတာ'

'ပြီးတော့ ဗွန်းနှင့် သူ့အပေါင်းပါတွေကို ဝေခြမ်း ပေးရတယ် ဆိုပါတော့'

ဟူဂိုက ဝင်ထောက်သည်။

'ဒါတင် ဘယ်ကမလဲ၊ ဒါပေမဲ့ ဒါထက် ရှေ့မဆက်နှင့်ဦး'

လေစီက 'အဲဒါက ဘရန်းဆွစ် ခရိုင်မှာပဲ၊ အမှတ် ၂၄ တရားရေး နယ်ပယ်လေ၊ အဲဒီမှာ တရားသူကြီး နှစ်ယောက် ရှိတယ်၊ ယောကျ်ား တစ်ယောက်၊ မိန်းမ တစ်ယောက်၊ ကျွန်မ ပြောတာ ဟုတ်လား'

မိုင်ယာက ပြုံးကာ စားပွဲ အလယ်ရှိ ဖိုင်ကို လက်နှင့် ပုတ်ကာ 'ဒီ တိုင်ကြားချက်တွေက အဲဒါပဲ၊ နောက်တော့ ကျွန်တော် ခင်ဗျားတို့ကို အဲဒီ ဖိုင် ပေးမယ်၊ တရားသူကြီးက ကလော်ဒီယာ မက်ဒိုဗာ၊ အခု တရားသူကြီး လုပ်သက် ၁၇ နှစ် ရှိပြီ၊ သူ့အကြောင်း နောက်မှ ပြောကြတာပေါ့၊ လောလောဆယ်တော့ နောက်ကြောင်းလေး ခင်းပြချင်တယ်၊ ဒါက အရေးကြီးလို့'


mgyoe.com

mgyoe.com SAMPLE BOOK

တက်ပါကိုလာတို့၏ နောက်ကြောင်းကို ပြန်ပြောရာတွင် ထိုလူမျိုးစုမှာ ကက်စီနိုကို အကြောင်းပြု၍ အကြီးအကျယ် နှစ်ခြမ်း ကွဲသွားခဲ့သည် ဆို၏။ အတိုက်အခံ အဖွဲ့ကို ဆန် ရာဇကိုက ဦးဆောင်သည်။ သူက ခရစ်ယာန် ဘာသာဝင် ဖြစ်ပြီး လောင်းကစားကို လူမှုရေး အရ ဆန့်ကျင်သူ ဖြစ်သည်။ သူက သူ့ကို ထောက်ခံသူများအား စည်းရုံးသည်။ သူတို့က လူများစု ဖြစ်နေသည်။

ကက်စီနိုကို လိုလားကြသူများမှုကား အိမ်သစ်များ ရမည်၊ ရာသက်ပန် ထောက်ပံ့ကြေး ရမည်၊ ကျောင်းကောင်းကောင်း နေရမည်၊ တက္ကသိုလ် ပညာ အခမဲ့ သင်ကြားခွင့် ရမည်၊ ကျန်းမာရေး စောင့်ရှောက်မှု ခံစားရမည် စသည် စသည်ဖြင့် မက်လုံးတွေက အများကြီး။ ဗွန်း ဒူဘို့က ကက်စီနိုကို ထောက်ခံသည့် အုပ်စုအား ငွေကြေး လျှို့ဝှက် ထောက်ပံ့ခဲ့သည်။

၁၉၉၃ ခုနှစ်တွင် ထိုကိစ္စကို ဆန္ဒမဲပေး ဆုံးဖြတ်ကြသည်။ အသက် ၁၈ နှစ်အောက် မဲမပေးရ။ မဲပေးခွင့် ရှိသူ စုစုပေါင်း သုံးရာ ရှိသည်။ ၁၄ ယောက် က လွဲလျှင် အကုန် မဲလာထည့်ကြသည်။ ရှုန်းရင်းဆန်ခတ် ဖြစ်မည် စိုး၍ အာဏာပိုင်များကလည်း သတိနှင့် စောင့်ကြည့်ပေးနေသည်။ ဆန် ရာဇကိုနှင့် သူ၏ သမားရိုးကျ အုပ်စုက မဲ ၅၄ ရာခိုင်နှုန်း ရကာ အနိုင် ရသည်။

မဲခိုးမှုများ ရှိသည်ဟု စွဲချက်များ တက်လာသော်လည်း တရားရုံးက ပလပ် ပစ်ခဲ့သည်။ သို့ဖြင့် ကက်စီနို လုပ်ငန်း နိဂုံးချုပ်သွားတော့သည်။

များမကြာမီ ဆန် ရာဇကိုလည်း နတ်ထိတ်သွားတော့သည်။

သူ၏ အလောင်းကို အခြား လူတစ်ယောက်၏ ဇနီးနှင့် အတူ ထိုလူ၏ အိပ်ခန်းထဲ၌ ရှာတွေ့ခဲ့ကြသည်။ ခေါင်းတွင် သေနတ်ဖြင့် နှစ်ချက် ပစ်ခံထား ရ၏။ သူတို့ နှစ်ယောက်စလုံး အဝတ်အစား မရှိ။ နှစ်ယောက်သား ဖောက်ပြန် နေစဉ် ပက်ပင်းမိဟန် တူသည်။ အမျိုးသမီး၏ ခင်ပွန်းမှာ ဂျူနီယာ မာစီ ဖြစ် ပြီး သူ့ကို လူနှစ်ယောက် သတ်မှုဖြင့် ဖမ်းလိုက်ကြသည်။ သူသည် ကက်စီနို ဆန့်ကျင်ရေးတွင် ရာဇကို၏ အနီးကပ် မဟာမိတ် ဖြစ်သည်။

မာစီက သူ မသတ်ကြောင်း အမျိုးမျိုး ငြင်းဆိုသော်လည်း မရဘဲ သေဒဏ် ချမှတ်ခြင်း ခံခဲ့ရသည်။ နာမည်ကြီး လူသတ်မှု ဖြစ်သဖြင့် အရွေးချယ် ခံပြီးစ တရားသူကြီး ကလော်ဒီယာ မက်ဒိုဗာက အမှုကို ထိုစီရင်ချက် အတိုင်း အခြား ခရိုင် တစ်ခုသို့ လွှဲပြောင်းလိုက်သည်။ တရားခွင်တိုင်းတွင်လည်း သူက ဦးဆောင်ကာ ပြစ်ဒဏ် ချရေးကိုသာ မဲတင်းပေးခဲ့သည်။

ကက်စီနို လုပ်ငန်းတွင် အဓိက အဟန့်အတားကြီး နှစ်ခု ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK
တစ်ခုက ဆန် ရာဇကို ဖြစ်ပြီး ဒုတိယ တစ်ခုက နေရာ ဖြစ်သည်။ တက်ပါကိုလာတို့၏ နယ်မြေမှာ အများအားဖြင့် မြေနိမ့်ကာ ရေဝပ်သဖြင့် နေထိုင်ချင်စရာ မရှိ။ သို့သော် ကက်စီနို ထောင်ရန် ကောင်းသော ကျယ်ဝန်းသည့် ကုန်းမြင့် နေရာလည်း ရှိသည်။ ထိုနေရာကလည်း ပြဿနာ ရှိသည်။ သီးသန့် နယ်မြေထဲသို့ ဝင်သည့် လမ်းက မကောင်း။ ပြုပြင် ထိန်းသိမ်းခြင်းလည်း မရှိ။ ကား အများ သွား၍ မရ။

ထို့နောက် အခွန် အကောက်လည်း ရမည်၊ အလုပ်အကိုင်ကောင်းများလည်း ပေါ်မည်၊ မီးတွေလည်း လင်းမည် ဆိုသော အခါ ဘရန်းဆွစ် ခရိုင်အကြီးအကဲများက အမှတ် ၂၈၈ ပြည်နယ်လမ်းမှ သီးသန့် နယ်မြေ နယ်နိမိတ်အစပ် အထိ လေးလမ်းသွား ကားလမ်း တစ်ခု ဖောက်ရန် သဘော တူလိုက်သည်။ ထိုကားလမ်းမှာ ကက်စီနို ဆောက်မည့် နေရာနှင့် ခဲတစ်ပစ်သာ ဝေးသည်။ ကားလမ်း ဖောက်ဖို့ ဆိုလျှင် ကိုယ်ပိုင် အိမ်ရာတွေ ရှိဖို့ လိုသည်။ သို့သော် ထိုသို့ လာရောက်ဝယ်ကာ နေမည့်သူ အများစုက ကက်စီနိုကို မလိုလားကြပြန်။

သို့ဖြင့် ထိုခရိုင်တွင် တစ်ချိန်တည်း၌ အမှု ၁၁ မှု တက်ခဲ့သည်။ ၁၁ မှုလုံးမှာ ဖောက်မည်ဟု တင်ပြထားသည့် လမ်းတစ်လျှောက်ရှိ မြေကွက် ၁၁ ကွက်မှ နယ်ခံများ ကန့်ကွက်သည့် အမှုများ ဖြစ်သည်။ ထိုအမှုများကို ဦးစီးစီရင်ရသော တရားသူကြီး မက်ဒိုဗာက ရှေ့နေများအား ထိုအမှုများ အမြန်ဆုံးစီရင်ရန် ညွှန်ကြားသည်။ လပိုင်း အတွင်း ပထမဆုံး အမှု စစ်သည်။ ထိုအမှုများ စီရင်ရာတွင် မက်ဒိုဗာသည် လမ်းကို အမြန်ဆုံး ဖောက်ရန် လိုလားဟန် တူသည်ဟု ရှေ့နေများ အကြား အမြင်များ ရှိခဲ့ကြသည်။

ပထမ အမှု စစ်ခါနီးတွင် သူမက အိမ်ရာ ထူထောင်ရေး အစည်းအဝေးတစ်ရပ်ကို သူမ၏ တရားရုံးထဲတွင် ကျင်းပသည်။ ရှေ့နေ အားလုံး တက်ရသည်။

အစည်းအဝေးကို ခပ်မြန်မြန် လုပ်ကာ မြေကွက် ပိုင်ရှင်များအား ခရိုင်မှ မြေတန်ဖိုးထက် နှစ်ဆ လျော်ကြေး ပေးရန် ဆုံးဖြတ်ချက် ချသည်။ ဖလော်ရီဒါ ဥပဒေ အရ မြေတွေကို ခရိုင်မှ ဝယ်ယူရန်မှာ ဖလော်ရီဒါ ဥပဒေနှင့် အံမဝင် ဖြစ်နေသည်။ ပြဿနာက လျော်ကြေးကြောင့် ဖြစ်သည်။ အချိန် ကာလကလည်း ပြဿနာ ဖြစ်သည်။ ဤသို့ဖြင့် မက်ဒိုဗာသည် ကက်စီနို တည်ဆောက်မည့် အရေး နှစ်နှင့် ချီ၍ နှောင့်နှေးမည်ကို ကယ်တင်ခဲ့သည်။


mgyoe.com

mgyoe.com

မြေယာ ကိစ္စများ ရှင်းပြီး ဆန် ရာဇကိုကိုလည်း ရှင်းလင်းပြီးနောက် လောင်းကစား လုပ်ငန်းနှင့် ပတ်သက်သည့် နောက်ထပ် ဆန္ဒ ခံယူပွဲ တစ်ခု လုပ်ပြန်သည်။ သည်တစ်ကြိမ်တွင်တော့ သူတို့ဘက်က မဲသုံးဆယ် အသာဖြင့် နိုင်လိုက်သည်။ ဤတွင် မဲလိမ်သည် ဟူသော အမှု တက်လာပြန်သည်။ မက်ဒိုဗာက ထိုအမှုကို ပလပ်ပစ်လိုက်သည်။

သို့ဖြင့် 'ရတနာသော့' ကို တည်ဆောက်ရန် လမ်းရှင်းသွားတော့သည်။ ယင်းကို ၂၀၀၀ ပြည့်နှစ်တွင်လည်း ဖွင့်နိုင်ခဲ့တော့သည်။

ဂျူနီယာ မာစီ၏ အယူခံ အဆင့်ဆင့် စိစစ်သွားရာ တရားသူကြီး မက်ဒိုဗာ၏ စီရင်ချက်တွင် အမှား တစ်စုံတစ်ရာ မတွေ့ကြ။ သို့ဖြင့် စီရင်ချက်မှာ နှစ်တွေ ကြာလာသည် အထိ မပျက်ဘဲ ရှိနေခဲ့သည်။

'အဲဒီ အမှုကို ဥပဒေ ကျောင်းမှာတုန်းက သင်ခဲ့ရတယ်' ဟူဂိုက ဆိုသည်။

'ဒီလူသတ်မှုက ကျန်ခဲ့တဲ့ ၁၆ နှစ်က ဆိုတော့ အဲဒီ အချိန်မှာ ခင်ဗျား အသက် နှစ်ဆယ်လောက်ပဲ ရှိဦးမှာပေါ့' မိုင်ယာက ခန့်မှန်းလိုက်သည်။

'အဲဒီလောက်ပဲ ဖြစ်မယ်၊ လူသတ်မှုနှင့် စီရင်ချက်တွေတော့ မမှတ်မိတော့ဘူး၊ ဥပဒေကျောင်းမှာ ပြဋ္ဌာန်းထားတယ် ဆိုတာတော့ သိတယ်၊ ရာဇဝတ်မှု ကျင့်ထုံး အနေနှင့် ထင်တယ်၊ အကြီးစား လူသတ်မှုတွေ ဆိုရင် ထောင်ထဲမှာ အကျဉ်းသား သတင်းပေး ထည့်ထားတာမျိုးတွေ ပါတယ်'

'အဲဒါကို ခင်ဗျားတော့ ကြားဖူးမယ် မထင်ခဲ့ဘူး' မိုင်ယာက လေစီအား ပြောလိုက်သည်။

လေစီက 'ဟင့်အင်း၊ ကျွန်မက ဖလော်ရီဒါမှာ ကြီးပြင်းတာ မဟုတ်ဘူး'

ထို့နောက် မိုင်ယာက 'ကျွန်တော့်မှာ ဒီလူသတ်မှုရော အကျဉ်းထောင် ကျင့်ထုံးတွေပါ ဖိုင်အထူကြီး တစ်ခု ရှိတယ်၊ သိမ်းထားတာ ကြာပြီ၊ ဒီအမှုကို ကျွန်တော် ခရေစေ့တွင်းကျ သိနေတယ်၊ ခင်ဗျားတို့ အတွက် လိုရမည်ရပေါ့'

'ဒါဆို မာစီက သူ့မိန်းမနှင့် ဆန် ရာဇကိုတို့ကို သူ့ ခုတင်ပေါ်မှာ ပက်ပင်းမိတော့ ဒေါသ ဖြစ်သွားမှာပေါ့နော်' လေစီက မေးလိုက်သည်။

'ကျွန်တော်တော့ အဲဒီလို မထင်ဘူး၊ သူကတော့ သူ တခြား တစ်နေရာမှာ ရောက်နေတယ်လို့ ပြောတယ်၊ ဒါပေမဲ့ အဲဒီလို ရောက်နေတယ် ဆိုတဲ့ အထောက်အထားကလည်း သိပ်မရေရာဘူး၊ တရားရုံးက ခန့်ပေးတဲ့ သူ့ရှေ့နေကလည်း လူသစ်ကလေး၊ ဆွဲချ ရှေ့နေကို မယှဉ်နိုင်ဘူး၊ တရားသူကြီး မက်

mgyoe.com SAMPLE BOOK

ဒိုဗာက ရှေ့နေလေးကို အကျဉ်းထောင် သတင်းပေး နှစ်ယောက် ခေါ်စစ်ခွင့် ပေးတယ်၊ သတင်းပေးတွေကလည်း မာစီဟာ ထောင်ထဲမှာ သူ သတ်ခဲ့တယ်လို့ လိုက်ကြွားနေတယ် ဆိုပြီး ထွက်ဆိုသွားတယ်'

'ကျွန်တော်တို့ မာစီနှင့် တွေ့လို့ ရမလား' ဟူဂိုက မေးသည်။

'ကျွန်တော်က အဲဒီကနေ စမှာ'

'ဘာဖြစ်လို့လဲ'

လေစီက မေးလိုက်သည်။

'ဘာကြောင့်လဲ ဆိုတော့ ဂျူနီယာ မာစီဟာ တစ်ခုခု သိထားနိုင်တယ်၊ သူ ခင်ဗျားတို့ကို ပြောပြနိုင်စရာ အကြောင်း ရှိတယ်၊ တက်ပါကိုလာ လူမျိုးစုဟာ သိပ်နှုတ်လုံတယ်၊ သူစိမ်းတွေကိုလည်း မယုံတတ်ဘူး၊ အထူးသဖြင့် ယူနီဖောင်း ဝတ်လာတဲ့ အာဏာပိုင်တွေကိုပေါ့၊ နောက်ပြီး သူတို့က ဒူဘို့နှင့် သူ့အပေါင်းပါတွေကို ကြောက်နေကြတယ်၊ သူတို့ကို ခြိမ်းခြောက်ပြီး ခိုင်းဖို့ လွယ်တယ်၊ ဒါဖြင့် ဘာဖြစ်လို့ သူတို့ ငြိမ်နေကြလဲ၊ သူတို့မှာ အသင့် ချူးခပ်စားရုံပဲလေ၊ အိမ် ရှိတယ်၊ ကား ရှိတယ်၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိတယ်၊ ကောလိပ် တက်ဖို့ ငွေ ရှိတယ်၊ ဒီတော့ ပွဲဆူအောင် ဘယ်လုပ်ကြမလဲ၊ ကက်စီနိုကနေ ဒုစရိုက်ဂိုဏ်းတွေနှင့် မကောင်းတာ လုပ်နေရင်တောင် ဘာမှုစရာလိုလဲ၊ သွားပြောလိုက်ရင် ပစ်သတ်ခံရမှာလေ'

'ကျွန်မတို့ တရားသူကြီး အကြောင်း ပြောကြရအောင်' လေစီက ဝင်ပြောသည်။

'ဟုတ်ပြီ၊ ကလော်ဒီယာ မက်ဒိုဗာ၊ အသက် ၅၆ နှစ်၊ ၁၉၉၄ ခုနှစ်က ပထမဆုံး အကြိမ် စပြီး အရွေးခံရတယ်၊ အဲဒီ ကတည်းကနေ ခြောက်နှစ် တစ်ကြိမ် ဆက်တိုက် အရွေးခံခဲ့ရတယ်၊ ယေဘုယျအားဖြင့်တော့ သူဟာ အလုပ်ကြိုးစားပြီး သူ့အလုပ်နှင့် သူ့တရားရုံးကို အလေးထားတဲ့ တရားသူကြီး တစ်ယောက်ပေါ့၊ အရွေးခံရတာကလည်း သောင်ပြိုကမ်းပြို နိုင်တာ၊ တော်လည်း တော်၊ သွက်လည်း သွက်၊ ကွဲသွားတဲ့ ခင်ပွန်းက ပင်ဆာကိုလာ နယ်မှာ တကယ့် ဆရာဝန်ကြီးပေါ့၊ သူက သူနာပြု ဆရာမ ငယ်ငယ်လေးကို ကောက်ယူသွားတယ်၊ အဲဒီတော့ လင်မယား အကြီးအကျယ် ကွဲတော့တာပေါ့၊ ကလော်ဒီယာဟာ ခင်ပွန်းသည်နှင့် ခင်ပွန်းရဲ့ ရှေ့နေတွေ မတရား ဆုံးဖြတ်တာကို ခံခဲ့ရတယ်၊ ဒါကို ခံပြင်းပြီး လက်စားချေမယ် ဆိုတဲ့ စိတ်နှင့် ဥပဒေကျောင်း တက်ခဲ့တယ်၊ ဒါပေမဲ့ နောက်တော့ အဲဒီ ကိစ္စကို မေ့ထားလိုက်တော့တယ်၊



mgyoe.com

mgyoe.com SAMPLE BOOK

ဒါနှင့် ဘရန်းဆွစ် ခရိုင်ရဲ့ ပင်မမြို့ ဖြစ်တဲ့ စတာလင် မြို့မှာ အခြေချလိုက်တယ်၊ အဲဒီမှာပဲ အိမ်ခြံမြေ အကျိုးဆောင် ကုမ္ပဏီ တစ်ခုမှာ ဝင်လုပ်တယ်။

'သူက ကြိုးစားတယ်၊ အဲဒီနောက် မြို့ငယ်လေးမှာ လုပ်ကိုင်ရတာကို သူ ငြီးငွေ့လာတယ်၊ အဲဒီ အချိန်မှာပဲ ဗွန်း ဒူဘို့နှင့်လည်း ဆုံမိသွားတယ်၊ အဲဒီ အပိုင်းတော့ ကျွန်တော် သိပ်မသိဘူး၊ ပြောသံ ကြားရတာတော့ သူတို့ နှစ်ယောက် မကြာခဏ တွဲခုတ်နေတယ်လို့ ဆိုတယ်၊ ဒါကလည်း အတည်ပြုလို့တော့ မရဘူး၊ ၁၉၉၃ ခုနှစ် တက်ပါကိုလာတို့ ကက်စီနိုကို ဆန့်ကျင်ရေး မဲနိုင်သွားတော့ ကလော်ဒီယာ မက်ဒိုဗာဟာ နိုင်ငံရေးပိုင်းကို စိတ်ဝင်စားသွားပြီး တရားသူကြီး ရွေးကောက်ပွဲမှာ ဝင်ပြိုင်တယ်၊ အဲဒီ အပိုင်းကိုတော့ ကျွန်တော် သိပ်မသိဘူး၊ အဲဒီ အချိန်မှာ ကျွန်တော်ကလည်း ရေ့နေ အလုပ်ကကောင်းနေတယ်၊ စတာလင် ဆိုတဲ့ မြို့ မြေပုံပေါ်မှာတောင် ပါသေးရဲ့လား မသိဘူး၊ တက်ပါကိုလာ လူမျိုးစု အကြောင်းတော့ သိတယ်၊ ကက်စီနိုနှင့် ပတ်သက်ပြီး အချင်းများကြတာတွေ ဖတ်ရတယ်၊ ဒါပေမဲ့ စိတ်မဝင်စားခဲ့ဘူး။

'ကလော်ဒီယာရဲ့ မဲဆွယ်ပုံက ငွေကြေးလည်း တောင့်တယ်၊ တောင့်တင်း ခိုင်မာမှုလည်း ရှိတော့ လက်ရှိ တရားသူကြီးကို အပြတ်အသတ် နိုင်သွားတယ်၊ သူ တရားသူကြီး ဖြစ်လို့ တစ်လ အကြာမှာပဲ ဆန် ရာဇကိုလည်း အသတ်ခံရပြီး အဲဒီ ဂျူနီယာ မာစီရဲ့ အမှုကို သူ ဦးဆောင်ခဲ့ရတယ်၊ အဲဒါက ၁၉၉၆ ခုနှစ်၊ အဲဒီ အချိန်မှာပဲ ဗွန်း ဒူဘို့နှင့် အပေါင်းပါတွေ၊ သူ့ရဲ့ ပြည်ပ ကုမ္ပဏီတွေဟာ ဘရန်းဆွစ် ခရိုင်ရဲ့ သီးသန့် နယ်မြေနှင့် ကပ်နေတဲ့ မြေတွေကို အကြီးအကျယ် ဝယ်ကြတော့တာပဲ။

'ပထမပိုင်း တက်ပါကိုလာတွေ ကက်စီနိုကို လိုလားသလို ဖြစ်နေတုန်းက ရင်းနှီး မြှုပ်နှံသူ တချို့ ဝင်လာသေးတယ်၊ ဒါပေမဲ့ ဆန္ဒ ခံယူပွဲမှာ မဲရှုံးတော့ သူတို့ ပြန်ထွက်သွားကြတယ်၊ ဒီတော့ ဗွန်း ဒူဘို့ အဖို့ သူတို့လက် သူတို့ခြေ ဖြစ်လို့ ပျော်သွားတာပေါ့၊ ဆန် ရာဇကို လမ်းရှင်းသွားတော့ ဒုတိယအကြိမ် ဆန္ဒ ခံယူပွဲမှာ ကက်စီနို လိုလားသူတွေဘက်က နိုင်သွားတယ်၊ ကျန်တာတော့ သိတဲ့ အတိုင်းပဲ'

လေစီ သူမ၏ ခရီးဆောင် ကွန်ပျူတာ ခလုတ်များကို နှိပ်လိုက်သည်တွင် ကွန်ပျူတာ ဖန်သားပြင်ပေါ်၌ တရားသူကြီး ကလော်ဒီယာ မက်ဒိုဗာ၏ ဓာတ်ပုံ အပြည့် ပေါ်လာသည်။ တရားသူကြီး ဝတ်ရုံ အနက်ကြီး ဝတ်ဆင်ကာ လက်ထဲတွင်လည်း တရားသူကြီးကိုင် သစ်သား တူနှင့်။ ဆံပင် နက်နက်များကို



mgyoe.com

mgyoe.com SAMPLE BOOK

ခပ်တိုတို ညှပ်ထားသည်။ မျက်မှန်ကြောင့် သူမ၏ မျက်လုံးကို အကဲခတ်ရ ခက်လှသည်။ မျက်နှာက မပြုံးမချိုဖြင့် အလုပ်ကိုသာ အာရုံစိုက်ဟန် တည် လွန်းလှသည်။ သေဒဏ် ချခံထားရသည်မှာ ၁၅ နှစ် ရှိပြီ ဖြစ်သော လူတစ် ယောက်ကို မှားယွင်း ပြစ်ဒဏ် ချမှတ်သည့် အထဲတွင် သူမလည်း တစ်ဦး ပါဝင်နေသည် ဆိုခြင်းမှာ ယုံနိုင်စရာပင် မရှိ။

'အဂတိမှု ဖြစ်တာက ဘယ်နေရာမှာလဲ' လေစီက မေးလိုက်သည်။

'နေရာတိုင်းမှာပဲ၊ တက်ပါကိုလာတွေ ကက်စီနို စထောင်ကတည်းက ဒူဘိုလည်း စတော့တာပဲ၊ သူ စလုပ်တာက ယုန်ပြေးလို့ ခေါ်တဲ့ ဂေါက်ကွင်း လေ၊ အဲဒါက ကက်စီနိုနှင့် ကပ်နေတယ်'

ဟူဂိုက 'ကျွန်တော်တို့ အဲဒီနားက ဖြတ်လာတာ၊ အဲဒါကို ရတနာသော့ နှင့် တစ်တွဲတည်း မှတ်လို့'

'မဟုတ်ပါဘူး၊ ဒါပေမဲ့ ဂေါက်ကွင်း အဝင် လမ်းက သွားရင် ကက်စီနို ကို ငါးမိနစ်ပဲ လျှောက်ရတယ်၊ တက်ပါကိုလာတွေကတော့ ဂေါက်ကွင်းနှင့် ကင်းကင်း နေတယ်၊ သူတို့က လောင်းကစားနှင့် အပျော် ကစားတဲ့ လုပ်ငန်း တွေကိုပဲ လုပ်တာ၊ ဒူဘိုက ဂေါက်ကွင်းက ရသမျှ အကုန် ယူတယ်၊ သူက ၁၈ ကျင်းက စပြီး လုပ်တာ၊ ဂေါက်ကွင်း ဘေးတစ်လျှောက်လည်း ကွန်ဒို လှလှလေးတွေ တန်းစီနေတယ်'

မိုင်ယာက ဖိုင်တစ်ခုကို စားပွဲပေါ်သို့ တင်လိုက်ပြီး 'ဒါက ဂရက် မိုင်ယာ ကျမ်းကျိန်ပြီး တင်ထားတဲ့ စွဲချက်တွေ၊ ဒီအထဲမှာ တရားသူကြီး မက်ဒိုဗာ ဟာ အဲဒီအထဲက အနည်းဆုံး ကွန်ဒို လေးလုံးလောက် ပိုင်တယ်၊ စီအက်ဖ် အက်ဖ်အိတ်စ်လို့ အမည် ခံထားတဲ့ ကော်ပိုရေးရှင်း တစ်ခုဆီက လက်ဆောင် ရထားတာလို့ စွဲချက် တင်ထားတယ်၊ အဲဒီ ကော်ပိုရေးရှင်းက ဘီလစ်ဇီမြို့မှာ အခြေစိုက်တယ်'

'ဒူဘိုရဲ့ ကော်ပိုရေးရှင်းလား' လေစီက မေးသည်။

'ဟုတ်တာတော့ သေချာတယ်၊ ဒါပေမဲ့ သက်သေ မပြနိုင်ဘူး'

'အဲဒီ ပိုင်ဆိုင်မှုတွေရဲ့ မှတ်တမ်းတွေကရော' ဟူဂိုက မေးလိုက်သည်။

မိုင်ယာက ဖိုင်ကို ပုတ်ပြပြီး 'ဒီအထဲမှာ ပါတယ်၊ ဒါတွေကို ဖတ် ကြည့်ရင် စီအက်ဖ်အက်ဖ်အိတ်စ်ဟာ ပြည်ပ ကုမ္ပဏီ နှစ်ဆယ်လောက် ခွဲပြီး ကိုင်ထားတယ် ဆိုတာကို တွေ့ရမယ်၊ အဲဒီ အထဲက ကုမ္ပဏီ လေးခုလောက်မှာ တရားသူကြီး မက်ဒိုဗာရဲ့ အကျိုးအမြတ် ပါမယ်လို့ ကျွန်တော် ပြောရဲတယ်၊

mgyoe.com SAMPLE BOOK
ပိုင်ရှင် နာမည်တွေကတော့ ပြည်ပ နာမည်တွေချည်း၊ သိပ်တော်တဲ့ ရှေ့နေတွေ ငှားထားပြီး သိပ်လည်တဲ့ ကလိမ်ခြံ လုပ်ငန်းပဲ'

'ကွန်ဒိုတွေရဲ့ တန်ဖိုးက ဘယ်လောက်လဲ' လေစီက မေးသည်။

'ဒီနေ့ ပေါက်ဈေး အရတော့ တစ်လုံးကို တစ်သန်းပဲ၊ ယုန်ပြေး ဂေါက်ကွင်းကလည်း အောင်မြင်တယ်၊ မဟာ စီးပွားရေး ကပ်ကြီးမှာတောင် မထိခိုက်ခဲ့ဘူး၊ ဒူဘို့ဟာ ကက်စီနိုကနေလည်း ငွေတွေ လိမ့်ဝင်တော့ ဂေါက်ကွင်းတစ်လျှောက် ပုံစံတူ တိုက်ကလေးတွေ ကွန်ဒိုတွေ ထပ်ဆောက်တယ်၊ ဂေါက်ကွင်းကိုလည်း ၁၈ ကျင်းကနေ ၃၆ ကျင်း၊ ၄၈ ကျင်း အထိ တိုးချဲ့လိုက်တယ်'

'သူက ကလော်ဒီယာ မက်ဒိုဇာကို ဘာလို့ ကွန်ဒိုတွေ ပေးရတာလဲ'

'စေတနာနှင့် ပေးတာလည်း ဖြစ်ချင် ဖြစ်မယ်၊ နဂို ကတည်းက သဘောတူထားတာလည်း ဖြစ်ချင် ဖြစ်မယ်၊ မက်ဒိုဇာဟာ ရွေးကောက်ပွဲမှာ နိုင်ဖို့ အိတ်သွန်ဖာမှောက် လုပ်ခဲ့ရတာ၊ ပြီးတော့လည်း နိုင်လိုက်ကတည်းက စပြီး ဝင်ငွေ ကောင်းလာခဲ့တယ်၊ ကက်စီနိုနှင့် ဘရန်းဆွစ် ခရိုင်ကို ထူထောင်ရတာ အမှုတွေလည်း ဖြစ်ရ၊ နယ်မြေ အငြင်းပွားမှုတွေလည်း ဖြစ်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ပြဿနာတွေ၊ မြေပိုင်ဆိုင်မှု တရားစွဲမှုတွေ အစုံ ရှိခဲ့တယ်၊ ဒါပေမဲ့ မက်ဒိုဇာကတော့ အေးဆေးပဲ၊ ဒူဘို့ဘက်က အမြဲ နိုင်တယ်၊ သူနှင့် ဆန့်ကျင်သူတွေ အမြဲ ရှုံးတယ်၊ မက်ဒိုဇာက နောက်က နေပေးတယ်လေ၊ သူ့ဘက်က ဥပဒေကြောင်း အရ အကြောင်းပြချက် အခိုင်အမာ ရှိတယ်၊ မက်ဒိုဇာက အယူခံတွေမှာ ဘယ်တော့မှ စီရင်ချက်ကို ပြောင်းမပေးဘူး။

'၂၀၀၁ ခုနှစ်မှာတော့ မက်ဒိုဇာနှင့် ဒူဘို့ ဘာကြောင့်မှန်း မသိဘူး အတော် ဆိုးဆိုးရွားရွား ကတောက်ကဆ ဖြစ်ကြတယ်၊ ကက်စီနိုက ရတဲ့ ဝေစုကို မက်ဒိုဇာက ပိုတောင်းတယ် ထင်ပါရဲ့၊ ဒူဘို့ကလည်း ထိုက်သင့်သလောက် ပေးပြီးပြီလို့ ယူဆဟန် တူပါတယ်၊ ဒါနှင့် တရားသူကြီး မက်ဒိုဇာက ကက်စီနိုကို ပိတ်ပစ်လိုက်တယ်'

'နောက်တော့ ဘယ်လို ပြန်အဆင်ပြေသွားလဲ'

လေစီက မေးသည်။

'အဲဒါကလည်း စိတ်ဝင်စားဖို့ ကောင်းတယ်၊ ကက်စီနို စထောင်ကတည်းက ငွေကလည်း စက်နှင့် လှည့်ထုတ်သလိုပဲ၊ ခရိုင်ကလည်း ဒီငွေတွေထဲက အခွန်ဘဏ္ဍာထဲ မရောက်ဘူး ဆိုတာ သိလာတယ်၊ အင်ဒီးယန်းတွေဟာ ကက်စီနိုက ရတဲ့ ငွေကို အခွန် မဆောင်ကြဘူး၊ တက်ပါကိုလာ လူမျိုးစုက ခွဲမပေး



mgyoe.com

mgyoe.com SAMPLE BOOK

ချင်ကြဘူး၊ ဒီတော့ ခရိုင်က လူလည် လုပ်သလို ခံနေရတာပေါ့၊ ခရိုင်ကတော့ ခုနစ်မိုင်လောက် ရှည်တဲ့ လေးလမ်းမောင်း ကားလမ်းတောင် ဖောက်ပေးခဲ့ရတယ်၊ ဒါနှင့် ခရိုင်က လမ်းခွန် ကောက်ဖို့ သက်ဆိုင်ရာ ဥပဒေ အာဏာပိုင်တွေကို ပြောတယ်'

ဟူဂိုက ရယ်လျက် 'ဒါဆိုတော့ ကက်စီနိုကနေ တစ်မိုင် အကွာလောက်မှာ လမ်းခွန် ပေးပြီးမှ ဆက်လာလို့ ရမှာပေါ့နော်'

'အဲဒါနှင့် အဆင်ပြေသွားတယ်၊ ခရိုင် အနေနှင့်လည်း ဝင်ငွေ ရသွားတယ် ဆိုတော့ အင်ဒီးယန်းတွေလည်း ဝမ်းသာသွားတာပေါ့၊ ဒီမှာတင် ဒူဘို့နှင့် မက်ဒိုဗာတို့ရဲ့ တိုက်ပွဲက ဝင်လာတော့တယ်၊ မက်ဒိုဗာက လမ်းခွန် ဂိတ်မှာ ကားတွေ ကျပ်နေတယ်၊ လုံခြုံမှု မရှိဘူး ဆိုတဲ့ အမိန့် တစ်ခု ထုတ်ဖို့ လုပ်တယ်၊ အကာအရံတွေတော့ ရှိပါတယ်၊ ဒါပေမဲ့ သိပ်ကောင်းကောင်းမွန်မွန် မဟုတ်လှဘူး၊ ဒါက တမင် ညစ်တာ၊ ဒါနှင့်ပဲ အဲဒီ အခွန်လမ်းကို ပိတ်ဖို့ ချက်ချင်း အမိန့် ထုတ်လိုက်တယ်၊ ပထမတော့ ကက်စီနိုက နောက်ဖေးလမ်းကနေ လူတွေ လာနေသေးတော့ တဖျောက်ဖျောက်နှင့် ဖွင့်နေရသေးတယ်၊ အဲဒီ အမိန့်လည်း ထွက်ရော ကက်စီနို လုံးဝ ရပ်သွားတော့တာပဲ၊ အဲဒီလို ပိတ်လိုက်ရတာ ခြောက်ရက်လောက် ကြာသွားတယ်၊ သူတို့ နှစ်ယောက် တစ်ယောက် အကဲ တစ်ယောက် ကြည့်နေကြတယ်၊ နောက်ဆုံးတော့ သူတို့ အဆင်ပြေသွားပြီး လမ်းပိတ်မိန့်လည်း ရုပ်သိမ်းသွားတယ်၊ အဲဒါက အဲဒီ ကက်စီနိုရဲ့ သမိုင်း အလှည့်အပြောင်းပဲ၊ မက်ဒိုဗာကလည်း သူ့ကို ကျော်လို့ မရကြောင်း ပြလိုက်တာပဲ'

ဟူဂိုက 'ခင်ဗျား ပြောပုံ အရ ဆိုရင် ဒူဘို့ကို လူတိုင်း သိနေတာပေါ့'

'ဘယ်သူမှ မသိဘူး၊ ကျွန်တော် ပြောရဲတယ်၊ သူက အကောင်တွေက ကြီးပြီး ငွေတွေ အများကြီး ဝင်နေတဲ့ အဖွဲ့အစည်း သေးသေးလေးကို ကိုင်ထားတာ၊ ညီဝမ်းကွဲ တစ်ယောက်ကို ဘာမူဒါ အပြင်ဘက်ကနေ မြေတွေကို ဝယ်ခိုင်းတာမျိုး၊ နောက်ညီ တစ်ယောက်ကို ကွန်ဒို အရောင်းအဝယ်တွေ လုပ်ခိုင်းတာမျိုးတွေ လုပ်တာ၊ သူက နိုင်ငံ အပက အမည်ခံ ကုမ္ပဏီတွေနှင့် အကာအကွယ် ယူထားတာ၊ သူ့ ကိုယ်ရေး အချက်အလက်တွေ ခြေရာ လက်ရာတွေ မကျန်စေရဘူး'

'ဥပဒေရေးရာ အပိုင်းကျတော့ သူ့ကို ဘယ်သူက လုပ်ပေးလဲ' လေစီက မေးသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

'ဘိုင်လိုစီ မြို့မှာ ရှေ့နေ နှစ်ယောက် ရှိတယ်၊ သူတို့က ကွက်ဖျောက်တဲ့ အလုပ်တွေမှာ ကျွမ်းကျင်တယ်၊ သူတို့ဟာ ဒူဘို့ရဲ့ ဂိုဏ်းကို လုပ်ပေးနေတာ နှစ်အတော် ကြာပြီ'

လေစီက 'ဒါဆိုတော့ မက်ဒိုဗာဟာ ဒူဘို့ကို မကြောက်တဲ့ ပုံပဲ'

'ဒူဘို့လည်း ဒါကို စဉ်းစားမိမှာပဲ၊ ဒါပေမဲ့ သူက နပ်တော့ မက်ဒိုဗာကို ကိုင်ထားတယ်၊ သူ့အတွက် လိုအပ်တယ်လေ၊ မက်ဒိုဗာ အတွက်လည်း သူ့ကို လိုအပ်နေတယ်၊ စဉ်းစားကြည့်လေ၊ ကိုယ်က ဆောက်လုပ်ရေး လုပ်ငန်းရှင် လောဘသမား၊ တရားမဝင်တဲ့ ကက်စီနိုလည်း ထောင်ထားတယ် ဆိုရင် အကာအကွယ်က လိုမှာပဲ၊ ဒီတော့ ဩဇာ အာဏာ ရှိတဲ့ တရားသူကြီး တစ်ယောက်ကို ကိုယ့်အိတ်ထဲ ထည့်ထားနိုင်တာထက် ကောင်းတာ ဘာရှိသေးလဲ'

'ဒါတွေက အာရ်အိုင်စီအို ဌာနနှင့်ပဲ ဆိုင်မယ်' ဟူဂိုက ပြောလိုက်သည်။

'အာရ်အိုင်စီအိုကိုတော့ မပြောလိုက်ပါနှင့် မစ္စတာ ဟက်ချ်ရယ်၊ အဲဒီအဖွဲ့က အက်ဖ်ဘီအိုင်ပါပဲ၊ ကျွန်တော်ကတော့ ဒူဘို့ ဘာဖြစ်ဖြစ် တရားသူကြီး မက်ဒိုဗာကိုပဲ နှိပ်ကွပ်ချင်တာ၊ ဒါမှ ကျွန်တော့် အမှုသည် ဖော်ကောင် လုပ်ခ ဆုကြေး ရမှာ'

'ဘယ်လောက် များများ ရမှာလဲ' လေစီက မေးသည်။

မိုင်ယာက ဘီယာကို အကုန် မော့သောက်လိုက်ပြီး လက်ခုံဖြင့် ပါးစပ်ကို သုတ်လျက် 'အဲဒါတော့ ကျွန်တော် မသိဘူး၊ အဲဒါ သိအောင် ခင်ဗျားတို့ လုပ်ရမှာ'

ထိုစဉ် ကာလစ်တာ အခန်းငယ်ထဲမှ ထွက်လာပြီး 'နေ့လယ်စာ အသင့်ဖြစ်ပါပြီ'

မိုင်ယာက မတ်တတ် ထရပ်ကာ 'ကဲ တစ်ခါတည်း စားသွားကြပါ'

လေစီနှင့် ဟူဂို တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်လိုက်သည်။ သူတို့ ရောက်နေသည်မှာ နှစ်နာရီခန့် ရှိပြီ။ နေ့လယ်စာ ဘယ်မှာ စားရမည်လဲ မသိသေး။ နောက်ပြီး မော်တော်ဘုတ်ပေါ်၌ စားရန်မှာလည်း ကောင်းပါမည်လား မသိ။ မိုင်ယာကတော့ အောက်ထပ်သို့ ဆင်းသွားရင်း 'ကဲ လာကြ လာကြ' ဟု ပြောနေသည်။ သူတို့လည်း ဆင်းလိုက်သွားကြသည်။

ခပ်ကျဉ်းကျဉ်း အခန်းလေးထဲတွင် မှန်ခင်း စားပွဲပေါ်၌ သုံးယောက်စာ ပြင်ထားသည်။ တစ်နေရာမှ လေးအေးပေးစက်က အတင်း ရှန်းနေရှာသည်။ လေကတော့ လတ်ဆတ် အေးမြနေ၏။ ငါးကင်နံ့ကလည်း လှိုင်နေတော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကာလစ်တာမှာ ပျာယာခတ်နေတော့သည်။ ယခုလို ချက်ပြုတ်ကျွေးခွင့် ရသဖြင့် ပျော်နေဟန်လည်း ရှိ၏။ ငါးပန်းကန်ကို ချ၊ ရေပုလင်းထဲမှ ရေကို ငှဲ့ပေး၊ ဝိုင် သောက်ဦးမလားဟုလည်း မေးသေးသည်။ မည်သူမျှ မသောက်ဟု ဆိုတော့မှ အခန်းကလေးထဲ ဝင်ရောက် ပျောက်ကွယ်သွားတော့သည်။

မိုင်ယာမှာ အစားကို တို့ပင် မတို့သေးဘဲ စကားကို ဆက်၍ 'ဒီစွဲချက်တွေက ကျွန်တော် တင်ချင်တဲ့ စွဲချက်တွေ မဟုတ်သေးဘူး၊ ဒီအထဲမှာက မက်ဒိုဗာဟာ ကွန်ဒိုတွေ ပိုင်တာလောက်ပဲ ပါတာ၊ ကျွန်တော်က ကက်စီနို ကလည်း သူ ဝေစု ရနေတယ် ဆိုတာပါ ထည့်ချင်တာ၊ အဲဒါကို ကျွန်တော် လိုက်နေတာ၊ အဲဒါက ကျွန်တော့် အမှုသည် အတွက် ရွှေတွင်းလေ၊ အဲဒီ အချက်အလက်တွေ ရရင် ကျွန်တော် စွဲချက်တွေကို ပြန်ပြင်မယ်၊ အဲဒါတွေ မရရင်လည်း အခုလောက်နှင့်တောင် ဒီမိန်းမကို တရားသူကြီးက ဖြုတ်ချနိုင် တယ်၊ တရားတောင် စွဲလို့ ရတယ်'

'အခု စွဲချက်တွေထဲမှာ ဒူဘို့ နာမည် ထည့်ထားသေးလား' လေစီက မေးသည်။

'ဟင့်အင်း၊ သူ့ရဲ့ ကော်ပိုရေးရှင်းကို ရာဇဝတ်မှု ပြုလာနိုင်သည့် အဖွဲ့ အစည်းလို့ပဲ သုံးထားတယ်'

'ဒါလည်း မှန်တာပဲ' လေစီက ပြောလိုက်သည်။

'တခြား အကြံပေးစရာ ဘာများ ရှိသေးလဲ မစ္စ စတို့ဇ်'

'မစ္စတာတွေ မစ္စတွေ လုပ်မနေပါနှင့်ဗျာ၊ သူ့ကို လေစီလို့ ခေါ်၊ ခင်ဗျား ကို ဂရက်လို့ ခေါ်မယ်၊ ကျုပ်ကို ဟူဂိုလို့ ခေါ်၊ ဒါ ပြီးတာပဲ' ဟူဂိုက ဝင် ပြောလိုက်သည်။

'ကြိုက်တယ်' သုံးယောက်သား စားစရာ ရှိသည်များကို အမြန် စားနေ ရင်း မိုင်ယာက ပါးစပ် ပလုတ်ပလောင်းနှင့် ဆက်ပြောနေသည်။ 'မေးပါရစေ ဦး၊ ဥပဒေ လုပ်ထုံးလုပ်နည်း အရ ခင်ဗျားတို့ ဒီ မက်ဒိုဗာ အပေါ် ဒီနေ့က စပြီး ၄၅ ရက် လုပ်ဖို့ အချိန် ရတယ်၊ ဒီကြားထဲမှာ ခင်ဗျားတို့ စုံစမ်း စစ် ဆေးရမယ်၊ ဟို အဲဒါ ဘာခေါ်တယ်'

'သုံးသပ်မှုလေ'

'အဲ ဟုတ်တယ်၊ ကျွန်တော် စိတ်ပူတာ တစ်ခုက အခု ဒီစွဲချက်တွေကို သူတို့ အဖွဲ့တွေ မသိသေးဘူး၊ တကယ်လို့များ ဒီဖိုင်ရဲ့ မိတ္တူ တစ်စောင်ကို မက်ဒိုဗာ ရသွားရင် သူ အတော် အထိတ်တလန့် ဖြစ်သွားမယ်၊ ဒါဆို ဒူဘို့ဆီ


mgyoe.com

mgyoe.com SAMPLE BOOK

သူ ချက်ချင်း ဖုန်းဆက်မှာပဲ၊ အဲဒီမှာ ကသောင်းကနင်း စဖြစ်တော့မယ်၊ မက်ဒိုဇာဟာ သူ့ရှေ့နေတွေကို စွဲချက်တွေ အားလုံး ငြင်းဆိုဖို့ လုပ်ခိုင်းမယ်၊ ပိုင်ဆိုင်မှုတွေကိုလည်း ရွှေ့ပြောင်းပစ်မယ်၊ ဒူဘိုကလည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ပြီး သူ ခြိမ်းခြောက်ပြီး ခိုင်းလို့ ရမယ့် လူကို ရှာမယ်'

'အဲဒီတော့ ရှင် သိချင်တာက ဘာလဲ'

'ဟုတ်ပြီ၊ မက်ဒိုဇာကို အသိပေး မစွပ်စွဲခင် ခင်ဗျားတို့ အချိန် ဘယ်လောက် ကြာမလဲ၊ ဘယ်လောက် အထိ အချိန် ဆွဲထားနိုင်မလဲ၊ ကျွန်တော်ကတော့ ခင်ဗျားတို့ဘက်က ခိုင်မာသွားပြီလို့ သူ ယူဆသွားလောက်အောင် ခင်ဗျားတို့ စုံစမ်း စစ်ဆေးဖို့ လိုမယ်လို့ ထင်တယ်'

လေစီနှင့် ဟူဂိုတို့ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

ပြီးမှ လေစီက ပခုံး တွန့်လျက် 'ကျွန်မတို့ လုပ်တတ်ပါတယ်၊ တကယ်လို့ မက်ဒိုဇာ ရှင် ပြောသလို တိုက်ခိုက်လာမယ် ဆိုရင် သူ့ရှေ့နေတွေက အသေး အမွှားလေးတွေ အထိ အပြစ် လိုက်ရှာကြမယ်၊ ကျွန်မတို့ဘက်က ဥပဒေ လုပ်ထုံးလုပ်နည်းနှင့် မညီရင် သူတို့က စွဲချက်တွေကို ငြင်းနိုင်အောင် အတင်း လုပ်ကြလိမ့်မယ်'

ဟူဂိုက ဝင်၍ 'ပိုပြီး စိတ်ချရအောင် လုပ်မှာပါ၊ ကျုပ်တို့မှာ အချိန်လည်း ၄၅ ရက်တောင် ရထားတာပဲ'

'အဲဒီ အချိန်လောက်နှင့် မရဘူး ထင်တယ်' မိုင်ယာက ဆိုသည်။

'ကျွန်မတို့မှာ ဒီလောက်ပဲ အချိန် ရတယ်' လေစီက ပြောလိုက်၏။

ဟူဂိုက 'ခင်ဗျားရဲ့ ကိုယ်ရောင်ဖျောက် အမှုသည်နှင့် ပတ်သက်ပြီး ခင်ဗျား ကျွန်တော်တို့ကို ဘယ်လောက် ပြောပြနိုင်မလဲ၊ သူ ဒါတွေကို ဘယ်လိုလုပ် သိတာလဲ'

မိုင်ယာက ရေကို နည်းနည်း သောက်လိုက်ပြီး ပြုံးလျက် 'သူ့ကိုလည်း ခင်ဗျားတို့က ယောကျ်ားလို့ ထင်နေပြန်ပြီ'

'အင်းလေ၊ ယောကျ်ား ဖြစ်ဖြစ်၊ မိန်းမ ဖြစ်ဖြစ်ပါ'

'အခု ကျွန်တော်တို့ ကွင်းဆက်က သုံးခု၊ ကျွန်တော်ရယ်၊ ကျွန်တော်က အမှုသည်ရယ်လို့ သတ်မှတ်ထားရတဲ့ အလယ်လူရယ်၊ တကယ့် အမှုသည်ရယ်၊ အလယ်လူနှင့် ကျွန်တော်က အမှုသည်ကို ပဥ္စမံလို့ သတ်မှတ်ထားတယ်၊ ပဥ္စမံကတော့ အခု လောလောဆယ် ယောကျ်ား ဖြစ်ချင်လည်း ဖြစ်မယ်၊ မိန်းမ

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်ချင်လည်း ဖြစ်မယ်၊ ယယ်ယယ် ကြီးကြီး လူဖြူ လူမည်း လူညို ဖြစ်ချင်တာ ဖြစ်နိုင်တယ်'

လေစီက 'ပဋ္ဌမံ ဟုတ်လား၊ ဒါကတော့ သိပ်သဘာဝမကျဘူး'

'ဘာများ ပိုထူးသွားလို့လဲ၊ ပဋ္ဌမံ ဆိုတဲ့ နာမည်နှင့် လူတစ်ယောက် ရှိနေတဲ့ သဘောပဲဟာ'

'အဲဒီ ပဋ္ဌမံ ဆိုတဲ့ လူကရော ဘယ်လောက် အထိ သိထားလဲ'

မိုင်ယာက တက်ကို ခေါ် မက္ကစီကန် မုန့်ကြွပ် တစ်ခုကို ကောက်ဝါး နေသည်။

အနီးအနားမှ ရေယာဉ်ကြီး တစ်ခု ဖြတ်သွားသဖြင့် မော်တော်ဘုတ်မှာ တစ်ချက် လူးသွားသည်။

နောက်ဆုံးတွင် သူက 'ပဋ္ဌမံက တရားသူကြီး မက်ဒိုဗာနှင့် သိပ်နီးစပ်တယ်၊ မက်ဒိုဗာက သူ့ကို အတော်လည်း ယုံတယ်၊ ယုံလွန်းတယ်လို့တောင် ထင်ရတယ်၊ လောလောဆယ် ကျွန်တော် ပြောနိုင်တာတော့ အဲဒီလောက်ပဲ'

စကား ပြတ်သွားပြီး ခဏကြာတော့ လေစီက 'ကျွန်မ မေးစရာ တစ်ခု ရှိသေးတယ်၊ ရှင် ပြောသလို ဆိုရင် ဒူဘို့ဟာ အတော် လည်တယ်၊ ရှေ့နေ ကောင်းတွေ သုံးတယ် ဆိုတော့ မက်ဒိုဗာကလည်း သူ ရတဲ့ မသမာငွေတွေကို ဖြူအောင် လုပ်ဖို့ ဘယ်ရှေ့နေကို ငှားထားလဲ'

'မိုဘိုင်း မြို့က အိမ်ခြံမြေ အကျိုးဆောင် ရှေ့နေ ဖစ်လစ် တာဘန်'

'အမယ်၊ ဒီဇာတ်လမ်းမှာ မိန်းကလေးတွေ အစွမ်းပြနေပါလား'

လေစီက ပြောလိုက်သည်။

'သူနှင့် မက်ဒိုဗာက ဥပဒေကျောင်းမှာ အတူ တက်ခဲ့တာ၊ နှစ်ယောက် စလုံး အိမ်ထောင်ပျက်၊ ကလေး မရှိ၊ အတော်လည်း ခင်ကြတယ်၊ သာမန် သူငယ်ချင်းတွေမက ခင်ကြတယ်'

ထိုစကားကြောင့် သူတို့ အတော် ရွှံသွားကြသည်။

လေစီက 'ဒါဆိုတော့ တရားသူကြီး မက်ဒိုဗာဟာ လူဆိုး လူမိုက်တွေ ဆီက လာဘ်ယူတယ်၊ အင်ဒီးယန်းတွေဆီက ကက်စီနို ဝေစု ရတယ်၊ ပြီးတော့ ငွေတွေကို သူငယ်ချင်း ဖြစ်သူ အိမ်ခြံမြေ ရှေ့နေက တစ်ဆင့် ခဝါချတယ်ပေါ့ လေ'

မိုင်ယာက ပြုံးလိုက်ပြီး 'ခင်ဗျားတို့ သဘော ပေါက်လာကြပြီပဲ၊ ကျွန် တော် ဘီယာ သောက်ချင်သေးတယ်၊ ဘယ်သူ သောက်ဦးမလဲ၊ ကာလီတာရေ


mgyoe.com

mgyoe.com SAMPLE BOOK

သူတို့ ဆိပ်ခံပေါ်တွင် သူ့ကို လက်ပြ နှုတ်ဆက်ကာ မပြတ် ဆက်သွယ်မည် ဖြစ်ကြောင်း ပြောပြီး ပြန်ခဲ့ကြသည်။ မိုင်ယာကတော့ ယခု တိုင်ချက်များကို စွဲချင်တင်တော့မည် ဖြစ်ရာ မကြာမီ ပြဿနာ တက်လာမည်ကို သိသဖြင့် ပို၍ ပုန်းလျှိုးနေသွားမည် ဖြစ်ကြောင်းကိုတော့ မပြောလိုက်။ လေစီနှင့် ဟူဂို တို့ကမူ ယခင်က ရမ်ဆေး မစ်ဟု အမည်ခံခဲ့သူ ဂရက် မိုင်ယာအား တရားသူကြီး မက်ဒိုဗာနှင့် ဗွန်း ဒူဘို့တို့က မည်သို့ အနံ့ ရသွားနိုင်သည်ကို မသိရှာကြ။ ထိုသည်မှာလည်း မိုင်ယာ ပြောသည့် အထဲတွင် မပါသည့် ချန်ကွက် တစ်ခု ဖြစ်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ၅

နောက်နေ့တွင် သူတို့ ရုံးခန်းထဲတွင်သာ ရှိနေကြသည်။ ဂေဆမာအား သိလာသမျှ တင်ပြကာ အစီအစဉ် ဆွဲကြသည်။ ယခု အမှုမှာ အရေးကြီးသည်နှင့် အမျှ အချိန်မီ လုပ်ရန်လည်း အရေးကြီးနေသည်။ လေစီနှင့် ဟူဂိုတို့ စတာလင် မြို့ကလေးသို့ ကားဖြင့် သွားကာ တရားသူကြီး ကလော်ဒီယာ မက်ဒိုဗာ၏ ကိုယ်ရေး အချက်အလက်တွေ ကူးယူရမည် ဖြစ်သည်။ ထိုအကြောင်းကို အတတ်နိုင်ဆုံး သိထားဖို့ လိုသည်။

သို့သော် ပထမဆုံး သေဒဏ်ကျ အကျဉ်းထောင်ကို သွားရမည်။ ထို နေရာသို့ ဟူဂို ဥပဒေကျောင်း တက်စဉ်က တစ်ခေါက် ရောက်ဖူးသည်။ လေစီကတော့ ထိုနေရာကို ကြားသာ ကြားဖူးပြီး မရောက်ဖူးခဲ့။ မနက်ပိုင်း ယာဉ်ကြော မကျပ်မီ စောစော ထွက်လာခဲ့ကြ၏။ အမှတ် ၁-၁၀ လမ်းမပေါ် အရောက် ယာဉ်ကြော ပါးသွားသည့် အချိန်တွင် ဟူဂို ခေါင်းစိုက် ငိုက်မျဉ်း လာတော့သည်။ လေစီကတော့ တစ်ညလုံး ငိုနေသည့် ကလေးကို ထိန်းလာရသူ မဟုတ်သော်လည်း ကောင်းကောင်း မအိပ်ခဲ့ရ။ သူမရော၊ ဟူဂိုရော၊ ဂေဆမာရော ဤအမှု အပေါ် အာရုံ ရောက်နေကြသည်။

အကယ်၍ ဂရက် မိုင်ယာ ပြောသည့် အတိုင်းသာ မှန်မည် ဆိုလျှင် ဘရန်းဆွစ် ခရိုင်၌ ရာဇဝတ်မှုတွေဖြင့် ပရမ်းပတာ ဖြစ်နေသည်မှာ ကြာလှပြီ ဖြစ်သည်။ ဤအမှုကို ကျွမ်းကျင်သော စုံစမ်း ထောက်လှမ်းရေးသမားများ ဝင်ရောက် ဆောင်ရွက်သင့်သည်။ မိမိတို့မှာ ရှေ့နေများသာ ဖြစ်သည်။ ရဲ မဟုတ်ကြ။ သေနတ်လည်း မကိုင်ချင်။ အကျင့်ပျက် ခြစားသော တရားသူကြီး များကိုသာ လိုက်လံ စုံစမ်းရန် သင်ကြားထားသူများ ဖြစ်သည်။ လူဆိုး ဂိုဏ်း ဂဏများကို နှိမ်နင်းရန် လေ့ကျင့်ခဲ့သည် မဟုတ်။



mgyoe.com

mgyoe.com SAMPLE BOOK

ထိုအကြောင်းတွေ တွေးပြီး ညက တစ်ညလုံး အိပ်မပျော်ခဲ့။ မိုးလင်းတော့ ကားဖြင့် ဆိုင်ရှေ့ ထိုးရပ်ကာ မှာယူ စားသောက်နိုင်သော ဆိုင်တွင် ကော်ဖီ မှာသောက်ခဲ့သည်။

သူမက ဟူဂိုအား 'ထစမ်းပါ၊ ကျွန်မတို့ တစ်နာရီခွဲလောက် မောင်းရမှာ၊ ကျွန်မလည်း အိပ်ချင်နေတာပဲ'

'အေးပါ' ဟူဂိုက မျက်လုံးများကို ပွတ်ရင်း ပြောနေသည်။

နှစ်ယောက်သား ကော်ဖီကို ကမန်းကတန်း သောက်ကာ လေစီက ကားမောင်းရင်း ဟူဂိုက ဆက်ဒဲလီ ပေးသော မှတ်တမ်း တစ်ခုကို အကျဉ်းချုံးပြောပြနေသည်။ 'ဘရန်းဆွစ် ခရိုင်မှာ ၂၀၀၀ ပြည့်နှစ်ကနေ ၂၀၀၉ ခုနှစ်အထိ အမှု ဆယ်မှု ရှိခဲ့တယ်တဲ့၊ အဲဒီ အမှုတွေထဲမှာ နိုင်လန် တိုင်တဲ ဆိုတဲ့ကုမ္ပဏီ ပါတယ်၊ သူက ဘဟားမား အခြေစိုက်၊ သူ့ကိုယ်စားလှယ်က ဘိုင်လိုစီ မြို့က ရှေ့နေ တစ်ယောက်ပဲ၊ အမှုတိုင်းမှာ တရားလိုဘက်က နိုင်လန်တိုင်တဲ ကုမ္ပဏီရဲ့ ပိုင်ရှင် အစစ်အမှန်ကို ဖော်ထုတ်ခိုင်းတယ်၊ အဲဒီမှာ ကျုပ်တို့ မိတ်ဆွေကြီး ဖြစ်တဲ့ တရားသူကြီး ကလော်ဒီယာ မက်ဒိုဗာက ပယ်ချခဲ့သတဲ့၊ ဘဟားမားမှာ မှတ်ပုံတင်ထားတဲ့ ကုမ္ပဏီတွေဟာ သူ့ဥပဒေနှင့်သူသွားနေကြတာ၊ သူတို့ကိုယ် သူတို့ ကာကွယ်တဲ့ နည်းလမ်းတွေလည်း သူတို့သိတယ်၊ သူတို့ဟာ ဟန်ပြ ထောင်ထားတာ ဖြစ်ပေမဲ့ တရားဝင်တွေလေ၊ ဘယ်လိုပဲဖြစ်ဖြစ် နိုင်လန် တိုင်တဲဟာ အမှု မှန်သမျှ မက်ဒိုဗာရဲ့ တရားရုံးမှာ အမြဲပဲ နိုင်ခဲ့သတဲ့'

'ဘယ်လို အမှုမျိုးတွေလဲ' လေစီက ပြန်မေးလိုက်သည်။

'မြေယာ သတ်မှတ်ရေး အမှုတွေ၊ ဈေးနှိမ် ဝယ်ယူမှု၊ ကွန်ဒို ပိုင်ရှင်တွေက ကွန်ဒို လက်ရာတွေ ညံ့ဖျင်းလို့ တရားစွဲတာမျိုးတွေ၊ ခရိုင်ကလည်း နိုင်လန်ကို တန်ဖိုး မတရား သတ်မှတ်မှု၊ အခွန် ကိစ္စတွေနှင့် ပတ်သက်ပြီး တရားစွဲသေးတယ်'

'နိုင်လန်ဘက်က ဘယ်သူ အမှု လာရင်ဆိုင်သလဲ' လေစီက မေးသည်။

'ဘိုင်လိုစီက အဲဒီ ရှေ့နေပဲ လာတယ်၊ သူက ကုမ္ပဏီ အတွက် ပြောရေးဆိုခွင့် ရှိနေတဲ့ သဘောပဲ၊ လုပ်ငန်း အားလုံးကိုလည်း သိနေပုံ ရတယ်၊ နိုင်လန်ဆိုတာ ဗွန်း ဒူဘို့ ဆိုတာ မှန်ရင် သူဟာ မိုင်ယာ ပြောသလို နောက်ကွယ်က ရောင်နေတာ အမှန်ပဲ၊ ရှေ့နေ အထပ်ထပ်လို့ သူ သုံးသွားတဲ့ အသုံးအနှုန်း သိပ်ကောင်းတယ်'



mgyoe.com

m.gyoe.com SAMPLE BOOK

'လုတယ်' လေစီက ထောက်ခံသည်။

ဟူဂိုက ကော်ဖီကို တစ်ကျိုက် သောက်လိုက်ပြီး မှတ်တမ်း စာရွက်ကို ချထားလိုက်ကာ 'ဒီမယ် လေစီ၊ ကျုပ်ကတော့ ဂရက် မိုင်ယာကို သိပ်မယုံဘူး'

'သူဟာ လုံးဝဥဿုံ စိတ်ချရတဲ့ လူတော့ မဟုတ်ဘူး'

'အခု အထိ သူပြောသမျှတွေကို ဆန်းစစ်ကြည့်ပြီးပြီ၊ ကျုပ်တို့ဆီကမှ တင်ချင်တယ် ဆိုတာ သူ့ ရည်ရွယ်ချက်က ဘာလဲ'

'ကျွန်မလည်း မနက် သုံးနာရီ ကတည်းက အဲဒါကိုပဲ စဉ်းစားနေတာ၊ ကျွန်မတို့ တရားသူကြီး မက်ဒိုဗာကို မိရင် ငွေတွေ တစ်ပုံကြီးနှင့် မိမှာ၊ အဲဒီ ငွေတွေ ပြန်ရလို့ ပဋ္ဌမံကို ဆုချတယ် ဆိုရင် မိုင်ယာလည်း ဝေစု ရမယ်၊ ဒါပေမဲ့ ဗွန်း ဒူဘို့နှင့် အပေါင်းပါတွေကို ဖမ်းပြီ ဆိုပါတော့၊ မိုင်ယာ ဘာရမှာလဲ'

'အဲဒါက မက်ဒိုဗာ အနေနှင့် ဒူဘို့ အပေါ် ထပြီး မီးတောက်မှ ဖြစ်မှာ'

'သူက ကျွန်မတို့ကို သုံးတာပဲပေါ့ ဟူဂို၊ သူက တရားရေး လုပ်ငန်းမှာ အကျင့်ပျက် ခြစားမှု ရှိတယ်၊ မသမာမှု ရှိတယ် ဆိုတာကို တိုင်တန်း စွပ်စွဲတာ၊ ကျွန်မတို့ကလည်း စုံစမ်း စစ်ဆေးပေးဖို့ တာဝန် ရှိတယ်၊ ဘယ်သူက တိုင်တိုင် ကျွန်မတို့ကတော့ အမှန် တရား ပေါ်အောင် လုပ်ပေးရမှာပဲ၊ ဒါ ကျွန်မတို့ရဲ့ လုပ်ငန်း သဘောပဲ'

'ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီလူကတော့ သိပ်မူမမှန်ချင်ဘူး'

'ကျွန်မလည်း ဒီလိုပဲ ယူဆမိတယ်၊ ဂေဆမာရဲ့ နည်းကို ကျွန်မတော့ သဘောကျတယ်၊ ကျွန်မတို့ လှည့်ပတ် စုံစမ်းပြီး ရုပ်လုံး ပေါ်အောင် လုပ်ရမယ်၊ ကွန်ဒို လေးလုံးကို ဘယ်သူ ပိုင်သလဲ ဆိုတာ သိအောင် လုပ်ရမယ်၊ ဒါပေမဲ့ သတိတော့ ထားလုပ်မှ ရမယ်၊ တကယ်လို့ မသမာမှု လုပ်တာကို အဖြေမှန် သိရရင် အက်ဖ်ဘီအိုင်ကို လွှဲလိုက်မယ်၊ အဲဒီ အခါ မိုင်ယာလည်း ကျွန်မတို့ကို ကန့်ကွက်လို့ ရမှာ မဟုတ်တော့ဘူး'

'ဒါကို လက်ခံတယ်၊ ဒါပေမဲ့ သူက ပျောက်သွားပြီး ကျုပ်တို့နှင့် အဆက်အသွယ် ပြတ်သွားရင်ရော၊ ကက်စီနိုမှာ ဖြစ်နေတယ် ဆိုတဲ့ မသမာမှုတွေကို အက်ဖ်ဘီအိုင် ဝင်လာတဲ့ အခါ ကျုပ်တို့ ဘယ်က အထောက်အထားကို ပြရမလဲ'

'ဆက်ဒဲလီက ကျွန်မတို့ လမ်းမှာ ဖတ်ဖို့ ဘာထပ်ပေးလိုက်သေးလဲ'

mgyoe.com

mgyoe.com SAMPLE BOOK

ဟူဂိုက အခြား မှတ်တမ်း တစ်စောင်ကို ကောက်ယူလိုက်ပြီး 'မက်ဒိုဗာရဲ့ နောက်ကြောင်းလေးတွေပါ၊ သူ့ ရွေးကောက်ပွဲ အကြောင်း၊ မဲဆွယ်ပွဲ အကြောင်း၊ သူနှင့် ပြိုင်ရွေးတဲ့ လူအကြောင်း၊ မဲဆွယ်ပွဲမှာ သူ့ဘက်က ဆောင်ရွက်ပေးတဲ့ လူတွေ အကြောင်းတွေပါ၊ ရွေးကောက်ပွဲကတည်းက သူက ဘယ်ပါတီကိုမှ သစ္စာ မခံလို့ သူ့ရဲ့ နိုင်ငံရေး အမြင်ကိုတော့ မသိရဘူး၊ တခြား ရွေးကောက်ပွဲတွေမှာလည်း ဘယ်သူ့ဘက်က ထောက်ခံတယ် ဆိုတာမျိုး မတွေ့ရဘူး၊ တရားရေး လုပ်ငန်း စိစစ်ရေး ဘုတ်အဖွဲ့မှာလည်း သူ့အမှု မရှိခဲ့ဖူးဘူး၊ ပြည်နယ် တရားရေး ဌာနမှာလည်း သူ့ပြစ်မှု တစ်စုံတစ်ရာ မရှိခဲ့ဘူး၊ ဘာမှ ပြစ်မှု အနာအဆာ မရှိဘူး၊ ၁၉၇၈ ခုနှစ်က စပြီး ပြည်နယ် တရားရေး အဖွဲ့မှာ နာမည်ကောင်း ရထားတယ်၊ ဥပဒေရေးရာ မဂ္ဂဇင်းတွေမှာလည်း စာတွေ အများကြီး ရေးခဲ့တယ်၊ ဟောပြောပွဲတွေ၊ ဥပဒေကျောင်းတွေမှာလည်း ဟောပြောတာတွေ လုပ်ခဲ့တယ်၊ ကျန်ခဲ့တဲ့ သုံးနှစ်က ဖလော်ရီဒါ တက္ကသိုလ်မှာတောင် တရားခွင် ကျင့်ထုံးတွေ ပို့ချခဲ့သေးတယ်။

'အတိုချုပ်တွေပါ၊ ပိုင်ဆိုင်မှုတွေ သိပ်မပါသေးဘူး၊ အိမ်က စတာလင်မြို့လယ်မှာ၊ လက်ရှိ တန်ဖိုး ဒေါ်လာ ၂၃၀၀၀၀ တန်တယ်၊ သူက ဒေါ်လာ ၁၁၀၀၀၀ နှင့် အရစ်ကျ ဝယ်ခဲ့တာ၊ နာမည်က ခင်ပွန်းသည်ရဲ့ နာမည်၊ လင်မယား ကွာရှင်းပြီးတော့လည်း သူက ဒီနာမည်ကို ဆက်သုံးခဲ့တယ်၊ ၁၉၈၈ ခုနှစ်ကတည်းက အိမ်ထောင် မရှိတော့ဘူး၊ သားသမီး မရှိဘူး၊ နောက်ထပ်လည်း အိမ်ထောင် မပြုဘူး။

'ဘုရားကျောင်း အဖွဲ့ဝင် မှတ်တမ်း မရှိဘူး၊ လူမှုရေး အသင်းအဖွဲ့တွေမှာ ပါဝင်တာမျိုး မရှိဘူး၊ နိုင်ငံရေး ပါတီတွေထဲ ဝင်တာလည်း မရှိဘူး၊ စတက်ဆန် မြို့က ဥပဒေကျောင်းမှာ တက်ခဲ့တယ်၊ အတော်ဆုံး ကျောင်းသား ဖြစ်ခဲ့တယ်၊ မြောက်ဖလော်ရီဒါ တက္ကသိုလ်မှာ ဘွဲ့ကြို အထိ တက်ခဲ့တယ်၊ သူနှင့် ဆရာဝန် ခင်ပွန်းသည်နှင့် ကွာရှင်းတာတွေကိုတော့ မပြောတော့ပါဘူး၊ အချိန် ကုန်ပါတယ်'

လေစီက အာရုံစိုက် နားထောင်နေသည်။ ထို့နောက် ကော်ဖီကို တစ်ငုံငုံလိုက်ပြီး 'မိုင်ယာ ပြောတဲ့ အတိုင်းသာ မှန်ရင် သူဟာ အင်ဒီးယန်းတွေဆီက ကက်စီနို အမြတ်ဝေစုတွေ ရနေတာပေါ့၊ အဲဒါ ယုံဖို့ ခပ်ခက်ခက် ဖြစ်နေတယ်၊ ဟုတ်တယ်မို့လား၊ လူထုက တင်မြှောက်ပြီး အများ လေးစားခံနေရတဲ့ တရားသူကြီး အနေနှင့်လေ'



mgyoe.com

mgyoe.com SAMPLE BOOK

'ဟုတ်တယ်၊ နည်းနည်းပါးပါး အမှားအယွင်း လုပ်တဲ့ တရားသူကြီး မျိုးတွေ တွေ့ဖူးပါတယ်၊ ဒါလောက် ရဲရဲတင်းတင်းကြီး လုပ်တာမျိုးတော့ မတွေ့ဖူးဘူး'

'အဲဒီတော့ ရှင် ဘယ်လို ထင်သလဲ၊ သူ့ရည်ရွယ်ချက်က ဘာလဲ'

'ခင်ဗျားက အိမ်ထောင် မရှိ၊ အလုပ်အကိုင်နှင့် မိန်းမချင်း တူတာ ဆို တော့ ခင်ဗျား ထင်တာ ပိုမှန်မှာပေါ့'

'ကျွန်မလည်း မခန့်မှန်းတတ်တော့ဘူး၊ တခြား ဘာမှတ်တမ်း ရှိသေးလဲ'

ဟူဂိုက သူ့လက်ဆွဲအိတ်ထဲမှ စာရွက် တစ်ထပ် ဆွဲထုတ်လိုက်သည်။

သူတို့ ဘရက်ဖို့ ခရိုင် အစပ်ကို ရောက်သွားတော့ ရှေ့တွင် အကျဉ်းထောင်နှင့် ပြန်လည် ပြုပြင်ရေး စခန်းများ ရှိသည် ဟူသော ဆိုင်းဘုတ်များ တွေ့ရသည်။ စတာ့က် မြို့ကလေးနား ရောက်သွားတော့ သူတို့ ဖလော်ရီဒါ ပြည်နယ် အကျဉ်း ထောင် ရှိရာဘက်သို့ ချိုးကွေ့လာခဲ့သည်။ ထိုအကျဉ်းထောင်တွင် အကျဉ်းသား ၁၅၀၀ နှင့် ပြစ်ဒဏ် ကျပြီးသူ လေးရာ ရှိသည်။

ဖလော်ရီဒါ ပြည်နယ်ထက် သေဒဏ် အမိန့် ချခံထားရသူ များသည်မှာ ကာလီးဖိုးနီးယား တစ်ပြည်နယ်သာ ရှိသည်။ တက္ကဆတ် ပြည်နယ်က တတိယ လိုက်သည်။ ထိုပြည်နယ်က ထိုအရေအတွက်ကို ချပစ်ရန် ကြိုးစားနေသဖြင့် ၃၃၀ ခန့်သာ ရှိသည်။ သေဒဏ် ပေးသည်ကို အလေးမထားသော ကာလီဖိုး နီးယား ပြည်နယ်တွင်မူ ၆၅၀ ရှိသည်။ ဖလော်ရီဒါမှာ တက္ကဆတ်လို ဖြစ်ချင် နေသည်။ သို့သော် အယူခံရုံးတွေက ကြားက ခံနေသည်။ ၂၀၁၀ ပြည့်နှစ်တွင် စတာ့က် မြို့၌ လူတစ်ယောက်ကိုသာ ဆေးထိုး ကွပ်မျက်ခဲ့သည်။

ကားတွေ များနေသည့် ကားရပ်သည့် နေရာတွင် ကားကို ထားခဲ့ကာ အုပ်ချုပ်ရေးရုံးသို့ သူတို့ လျှောက်လာသည်။ ပြည်နယ် အတွက် အလုပ် လုပ် နေသည့် ရှေ့နေများ ဖြစ်သဖြင့် သူတို့ကို အလွယ်တကူ ဝင်ခွင့်ပေးကြသည်။ စစ်ဆေးရေး ဂိတ်တွင် အစစ်ခံပြီးနောက် အစောင့် တစ်ယောက် လိုက်ပို့သဖြင့် တံခါးပေါက်တိုင်းကို ရှောရှောရှူရှူ ဝင်နိုင်ခဲ့ကြသည်။ သေဒဏ်ကျများ ထားရာ ကျူ အဆောင်သို့ အဝင်တွင် ဂိတ်တွင် တစ်ခါ အစစ်ခံရပြန်သည်။ ပြီးတော့ အခန်းရှည်ကြီး တစ်ခုဆီသို့ ခေါ်သွားပေးသည်။ အခန်းပေါက်ဝတွင် 'ရှေ့နေ များ ထောင်ဝင်စာ တွေ့ရန်' ဟု ရေးထားသည်။ အစောင့်က အခြား တံခါး

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ခုကို ဖွင့်လိုက်သည်တွင် အလယ်တွင် မှန်ကာထားသော အခန်းကျဉ်းကလေး တစ်ခု ဖြစ်နေသည်။

'သေဒဏ်ကျ အဆောင်ကို အခုမှ ရောက်ဖူးကြတာလား' အစောင့်က မေးသည်။

လေစီက 'ဟုတ်တယ်' ဟု ပြောလိုက်ပြီး ဟူဂိုက 'ဉပဒေကျောင်း တက်တုန်းက တစ်ခေါက် ရောက်ဖူးပါတယ်'

'ကောင်းပါတယ်၊ ခွင့်ပြုချက် ပုံစံ ပါကြပါတယ်နော်'

'ပါပါတယ်' ဟူဂိုက ပြောပြီး လက်ဆွဲအိတ်ကို စားပွဲပေါ် တင်ကာ ဇစ်ကို ဖွင့်လိုက်သည်။ ဂျူနီယာ မာစီ အမှုကို ဝါရှင်တန်မှ ကုမ္ပဏီကြီး တစ်ခုက တာဝန် ယူထားသည်။ သူတို့ ဂျူနီယာ မာစီနှင့် မတွေ့မီ ထိုဉပဒေ ကုမ္ပဏီနှင့်လည်း မတိုင်ပင်ခဲ့ရ။ ဟူဂိုက စာရွက် တစ်ရွက်ကို ဆွဲထုတ်ပေး လိုက်သော အခါ အစောင့်က အတော်ကြာအောင် ဖတ်နေသည်။ ဖတ်၍ ကျေ နပ်တော့မှ စာရွက်ကို ပြန်ပေးရင်း 'မာစီကတော့ လူထူးဆန်းပဲ၊ အဲဒါတော့ ပြောထားလိုက်မယ်'

လေစီက ပြန်မပြောချင်သဖြင့် မျက်နှာ လွှဲနေလိုက်သည်။ ညကလည်း အိပ်ရေးပျက်ခဲ့၊ စိတ်ပူစရာတွေလည်း များနေရာ ဖလော်ရီဒါ သေဒဏ်ကျများ အကြောင်း ဆောင်းပါးကို အနည်းငယ်သာ ဖတ်ခဲ့သည်။ သေဒဏ်ကျ အကျဉ်း သားတိုင်းကို တစ်နေ့လျှင် ၂၃ နာရီ တိုက်ပိတ်ထားသည်။ ကျန်တစ်နာရီကိုမူ မြက်ခင်း ရှိသော နေရာတွင် လမ်းလျှောက်ပြီး နေရောင်ကို မြင်ခွင့် ပေးသည်။ အကျဉ်းခန်းများက ခြောက်ပေ ကိုးပေ ဖြစ်ပြီး မျက်နှာကြက်က ကိုးပေ မြင့် သည်။ ခုတင်က ခပ်ကျဉ်းကျဉ်း၊ အိမ်သာခွက်နှင့် ကပ်နေသည်။ လေအေး ပေးစက် မရှိ။ အခန်းစောင့် မရှိ။ ထမင်း လာပို့သော အစောင့်ဆီမှသာ လူ စကားသံ ကြားရသည်။

အကယ်၍ ဂျူနီယာ မာစီသည် လွန်ခဲ့သည့် ၁၅ နှစ်က လူထူးဆန်း တစ်ယောက် မဟုတ်ခဲ့ဟု ဆိုလျှင် ယခု သူ လူထူးဆန်း ဖြစ်နေသည်ကို ခွင့် လွှတ်စရာ ရှိသည်။ အထီးကျန် နေရသည့် အခါ စိတ်ပိုင်း ဆိုင်ရာ ရောဂါတွေ လည်း ဝင်လာတတ်သည်။ ထိန်းသိမ်း ပြုပြင်ရေး ကျွမ်းကျင်သူများလည်း ထို အချက်ကို သဘောပေါက်လာကြပြီ ဖြစ်သည်။ တိုက်ပိတ်သည့် စနစ် ပြုပြင် ရေး လှုပ်ရှားမှုများလည်း အရှိန်အဟုန် ရလာနေပြီ။ ထိုလှုပ်ရှားမှုက ဖလော် ရီဒါ ပြည်နယ်ကိုတော့ မသက်ရောက်သေး။

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ဖက်ခန်းမှ တံခါး ပွင့်လာကာ အစောင့် တစ်ယောက် ဝင်လာသည်။ သူ့နောက်မှ ဂျူနီယာ မာစီ ပါလာသည်။ သူ့ကို လက်ထိတ်ခတ်ထားပြီး အပြာရောင် အကျဉ်းသား ဘောင်းဘီ၊ သေဒဏ်ကျ အကျဉ်းသား ဖြစ်၍ လိမ္မော်ရောင် တီရှပ်တို့ ဝတ်ဆင်ထားသည်။ သူ့နောက်မှ အခြား အစောင့် တစ်ယောက် ပါလာ၏။ အစောင့်များက သူ့ကို လက်ထိတ် ချွတ်ပေးကာ ပြန်ထွက်သွားကြသည်။

ဂျူနီယာ မာစီသည် ရှေ့သို့ လျှောက်ကာ သူ့အခန်းဘက်မှ စားပွဲတွင် ထိုင်လိုက်သည်။ အလယ်မှ မှန်အကာက သူတို့ကို ခြားထားသည်။ လေစီနှင့် ဟူဂိုတို့လည်း မိမိတို့ဘက်တွင် ထိုင်လိုက်ကြ၏။ ခဏတော့ မပြောဖြစ်ကြသေး။

မာစီက အသက် ၅၂ နှစ် ရှိပြီ။ ရှည်၍ ထူထဲနေသော ဆံပင် ဖြူဖြူများကို နောက်လှန်ကာ စည်းထားသည်။ အသားက မည်းနေသည်မှာ တိုက်ပိတ်ခံရသည်ပင် ဖြူရော်မလာ။ သူ၏ မျက်နှက်ဝန်းကြီးများကလည်း ဝမ်းနည်းရိပ် လွှမ်းနေ၏။ အရပ်မှာ ရှည်ရှည်ကိုင်းကိုင်း ဖြစ်ကာ လက်မောင်းများ တောင့်တင်းနေသဖြင့် ဒိုက်ထိုး လေ့ကျင့်ခန်း လုပ်နေသည်ဟု ဟူဂို ထင်မိသည်။ ဖိုင်ထဲတွင် ဖော်ပြထားချက် အရ သူ့ဇနီး အိလင်းမှာ သေတော့ အသက် ၃၂ နှစ်ဟု ဆိုသည်။

သူတို့တွင် ကလေး သုံးယောက် ရှိပြီး ဂျူနီယာ ထောင်ကျတော့ ကလေးများကို ဆွေမျိုးများက စောင့်ရှောက်ပေးထားသည်။

လေစီက သူတို့ ရှေ့တွင် ချထားသည့် ဖုန်းနှစ်လုံး အနက်မှ တစ်လုံးကို ကောက်ယူကာ 'အခုလို တွေ့ခွင့်ရတာ ကျေးဇူးတင်ပါတယ်'

သူလည်း ဖုန်းကိုင်ထားသော်လည်း ဘာမျှ မပြောဘဲ ပခုံးသာ တွန့်ပြသည်။

'ကျွန်မတို့ ပို့လိုက်တဲ့ စာ ရှင် ရ မရတော့ မသိဘူး၊ ကျွန်မတို့က ပြည်နယ် တရားရေး လုပ်ငန်း စိစစ်ရေး ဘုတ်အဖွဲ့ကပါ၊ ကျွန်မတို့ တရားသူကြီး ကလော်ဒီယာ မက်ဒိုဗာနှင့် ပတ်သက်ပြီး စုံစမ်းနေတာပါ'

'ကျွန်တော် သိပြီးပါပြီ၊ သိလို့ လက်ခံပြီး အခု လာတွေ့တာပေါ့' သူက စကားကို တစ်လုံးချင်း စဉ်းစား ပြောသည့်နှယ် ခပ်လေးလေး ပြောနေသည်။

ဟူဂိုက 'ဒီတော့ ကျွန်တော်တို့ အခု လာတာ ခင်ဗျားရဲ့ အမှု အကြောင်း ပြောချင်လို့ လာတာ မဟုတ်ဘူး၊ အဲဒါကို ကျွန်တော်တို့ အနေနှင့်လည်း ဘာမှ

mgyoe.com

mgyoe.com SAMPLE BOOK

လုပ်မပေးနိုင်ဘူး၊ နောက်ပြီး ခင်ဗျားမှာ ဝါရှင်တန်က ရှေ့နေကောင်းတွေလည်း ရှိနေတာပဲ'

'ဒါကြောင့် ကျွန်တော် အခု အသက် ရှင်နေသေးတာပေါ့၊ သူတို့ အကောင်း ဆုံး လုပ်နေကြပါတယ်၊ ခင်ဗျားတို့ ကျွန်တော့်ဆီက ဘာသိချင်တာလဲ'

လေစီက 'သတင်း အချက်အလက်ကလေးတွေပါ၊ ဘယ်သူ့ကို မေးရင် ရမယ် ဆိုတဲ့ နာမည်လေးတွေလည်း သိချင်တယ်၊ တက်ပါကိုလာ လူမျိုးစု တွေထဲက ရှင့်ဘက် ပါတဲ့ ကောင်းတဲ့ လူတွေထဲကပေါ့၊ ဒီအလုပ်က ကျွန်မ တို့နှင့် စိမ်းနေတယ်၊ နောက်တစ်ရက် လာပြီး မမေးနိုင်တော့လို့'

သူ့မျက်လုံးများ ကျဉ်းမြောင်းသွားပြီး သူ့ပါးစပ်က ကျိတ်ပြုံးလိုက်သလို ဖြစ်သွားသည်။ သူက ခေါင်းညိတ်ကာ သူတို့ကို စူးစိုက်ကြည့်လိုက်ပြီး 'ကျူပ် မိန်းမနှင့် ဆန် ရာဇကိုတို့ ၁၉၉၅ ခုနှစ်က အသတ်ခံလိုက်ကြရတယ်၊ ၁၉၉၆ ခုနှစ်မှာ ကျူပ်ကို ပြစ်ဒဏ် ချမှတ်လိုက်ပြီး ဗင်ကားရဲ့ နောက်ခန်းထဲမှာ ခြေ ထိတ် ခတ်ပြီး ခေါ်သွားခဲ့တာ၊ အဲဒါက ကက်စီနို မထောင်ခင်က ဖြစ်တာ၊ ဒါကြောင့် ကျွန်တော် ဘာမှ ပြောနိုင်မယ် မထင်ဘူး၊ သူတို့က ကက်စီနို မထောင်ခင် ကျွန်တော်နှင့် ဆန်ကို အရင် ရှင်းပစ်တာ၊ သူတို့ ဆန်ကို ကျွန်တော့် မိန်းမနှင့် အတူ သတ်ပစ်လိုက်ကြတာ၊ ပြီးတော့ အဲဒီ အတွက် ကျွန်တော့်ကို ထောင်ချတော့တာပဲ'

'ဘယ်သူ သတ်တယ် ဆိုတာ ခင်ဗျား သိလား' ဟူဂိုက မေးသည်။

သူက ပြုံးလိုက်သည်။ သို့သော် မျက်လုံးများကမူ အပြုံးရိပ် ကင်းနေ၏။ ပြီးတော့မှ 'မစ္စတာ ဟက်ချ်ရယ်၊ ကျွန်တော့် မိန်းမနှင့် ဆန်ကို သတ်တာ ဘယ်သူရယ်လို့ မသိဘူး ဆိုပြီး ကျွန်တော် ပြောခဲ့ရတာ ၁၆ နှစ် ရှိပါပြီ၊ ဒီ လို လုပ်တာရဲ့ နောက်ကွယ်က လူတွေလည်း ရှိမယ်၊ ဒီကိစ္စထဲ ပါလာတဲ့ အပြင်လူတွေလည်း ရှိမယ်၊ ကျွန်တော်တို့ရဲ့ လူမျိုးစု ခေါင်းဆောင်ဟာ လူ ကောင်းပါ၊ အဲဒီ အပြင်က ဆိုတဲ့ လူတွေက သူ့ကို ရှင်းပစ်လိုက်တာ၊ ဘာ ကြောင့် ဆိုတာတော့ ကျွန်တော် မပြောတတ်ဘူး၊ ဒါပေမဲ့ ငွေကိစ္စ ဖြစ်မယ်၊ ကက်စီနိုနှင့် ပတ်သက်လိမ့်မယ်လို့ ထင်တယ်၊ ဆန်နှင့် ကျွန်တော်က ကန့်ကွက် တိုက်ခိုက်ကြလို့ ၁၉၉၃ ခုနှစ် ပထမ အကြိမ် ဆန္ဒ ခံယူပွဲမှာ ကျွန်တော်တို့ နိုင်လိုက်တယ်၊ သူတို့က နိုင်မယ်လို့ ထင်ခဲ့ကြတယ်၊ ကက်စီနိုနှင့် ပတ်ဝန်း ကျင် မြေယာတွေကနေ ငွေတွေ အများကြီး ရလာမယ်လို့ မျှော်လင့်ထားကြတာ၊ ကျူပ်တို့ လူမျိုးစုတွေက အဲဒါကို ပထမ အကြိမ် လက်မခံတော့ သူတို့ ဆန်ကို



mgyoe.com

mgyoe.com SAMPLE BOOK

ရှင်းပစ်ဖို့ ဆုံးဖြတ်ကြတယ်၊ ကျွန်တော့်ကိုပါပေါ့၊ ဒါနှင့် သူတို့ အခုလို လုပ်လိုက်တာ၊ ဆန်လည်း သေ၊ ကျွန်တော်လည်း ထောင်ကျပေါ့၊ အခုဆိုရင် ကက်စီနိုကနေ ငွေတွေ လိုမ့်ဝင်နေတာ ဆယ်စုနှစ် တစ်ခု ရှိပြီ'

လေစီက 'ဖွန်း ဒူဘို့ ဆိုတဲ့ လူကို ကြားဖူးလား'

သူ တစ်ချက် တွေ၍သွားသည်။ သိသည်ဟု သူ ပြောမည် ထင်သော်လည်း မသိဟု ဖြေသော အခါ သူတို့ နှစ်ယောက် မှတ်သားထားလိုက်ကြသည်။ ယင်းကို အပြန်ကျမှ ဆွေးနွေးကြမည်။ သူက 'ကျွန်တော်က ကင်းကွာနေတာ ကြာပြီ၊ ဒီကို ရောက်နေတာ ၁၅ နှစ် ရှိပြီ၊ အထီးကျန် နေရတာ ကြာတော့ စိတ်ဓာတ်တွေ ပျက်ပြား၊ သတိတွေ ချွတ်ယွင်းကုန်ပြီ၊ ကျွန်တော် မမှတ်မိတော့တာတွေ အများကြီး'

'ဖွန်း ဒူဘို့ကို ရှင် သိရင်တော့ မမှတ်မိစရာ အကြောင်း မရှိပါဘူး' လေစီက တွန်းမေးသည်။

ဂျူနီယာက အံကို ကြိတ်ကာ ခေါင်းကို ယမ်းလျက် 'ဟင့်အင်း၊ မသိပါဘူး'

ဟူဂိုက 'တရားသူကြီး မက်ဒိုဗာကိုတော့ ခင်ဗျား သဘောမကျလောက်ဘူး'

'ခင်ဗျား ပြောတာ နည်းတောင် နည်းသေးတယ်၊ အပြစ်မဲ့တဲ့ လူကို ပြစ်ဒဏ်ကျအောင် လုပ်တဲ့ တရားခွင်မှာ သူ ဦးစီးနေတာချည်းပဲ၊ သူ့မှာလည်း မြုပ်ကွက်တွေ ရှိတယ်၊ သူ့မှာ သိသင့်တာထက် ပိုသိနေတာတွေ အများကြီး ရှိတယ်လို့ ကျွန်တော် ထင်နေတယ်၊ ကျွန်တော့်မိန်းမ ဆန်နှင့် အတူ အသတ်ခံရတယ် ဆိုပြီး ကျွန်တော့်ကို ထောင်ထဲ ဆွဲထည့်လိုက်တော့ ကျွန်တော့်မှာ အိပ်မက်ဆိုး မက်ရသလိုပဲ၊ အဲဒီ အချိန်မှာ ကျွန်တော် တွေ့သမျှ လူတွေဟာ တစ်ယောက်မှ မကောင်းဘူး၊ ရဲတွေ၊ ဆွဲချ ရှေ့နေတွေ၊ တရားသူကြီးတွေ၊ သက်သေတွေ၊ ခုံသမာဓိ လူကြီးတွေ အကုန်ပဲ၊ ကျွန်တော်ဟာ အဲဒီ အမှုန့်ခြေယန္တရားထဲမှာ ဝါးစားခံခဲ့ရတာ၊ ချက်ချင်းပဲ ကျွန်တော့်ကို အကွက်ဆင်၊ တရားစွဲ၊ ပြစ်ဒဏ် ချပြီး ဒီကို ပို့လိုက်တာပဲ'

'အဲဒီ တရားသူကြီးက ဘာကို ဖုံးကွယ်ထားတာလဲ' လေစီက မေးလိုက်သည်။

'အမှန်တရားကိုပေါ့၊ ဆန်နှင့် အိလင်းကို ကျွန်တော် မသတ်ဘူး ဆိုတာ သူ သိတယ်လို့ ကျွန်တော် ထင်တယ်'

mgyoe.com

mgyoe.com SAMPLE BOOK

'အမှန်ကို သိတာ လူ ဘယ်နှယောက် ရှိမလဲ' ဟူဂိုက မေးသည်။

ဂျူနီယာ မာစီသည် ဖုန်းကို စားပွဲပေါ် ပြန်ချရင်း ရက်ပေါင်း များစွာ အိပ်ရေးပျက်ခဲ့သည့်ပမာ မျက်လုံးကို ပွတ်နေသည်။ ညာဘက် လက်ကလည်း ဆံပင်ကို လက်ချောင်းများ ထိုးသွင်းကာ ခေါင်းနောက်ဘက် အထိ သပ်နေသည်။ ထို့နောက် ဖုန်းကို ဖြည်းဖြည်း ပြန်ကိုင်လိုက်ကာ 'သိပ်တော့ မရှိပါဘူး၊ အများစုက ကျွန်တော် သတ်တယ်လို့ပဲ ထင်နေကြတယ်၊ အပြင်မှာ ဖြစ်နေတဲ့ သတင်းကို သူတို့က ယုံနေကြတယ်၊ ယုံကြမယ်လေ၊ ကျွန်တော့်မှာတော့ ဥပဒေ အရ ပြစ်ဒဏ် စီရင်ပြီး ဒီမှာ သေဒဏ် ဆေးထိုးအပ်ကို စောင့်နေရတယ်၊ အဲဒီ ဆေးထိုးအပ်နှင့် တစ်နေ့ ကျွန်တော် အသတ်ခံရတော့မယ်၊ ကျွန်တော့် အလောင်းကို ဘရန်းဆွစ် ခရိုင်ကို ပြန်သယ်သွားပြီး တစ်နေရာမှာ သင်္ဂြိုဟ် ကြမယ်၊ ဂျူနီယာ မာစီဟာ သူ့မိန်းမနှင့် တခြား ယောကျ်ား တစ်ယောက်ကို သူ့အခန်းထဲမှာ ပက်ပင်း မိလို့ ဒေါသ အလျောက် သတ်လိုက်တယ် ဆိုတဲ့ သတင်းဟာ ရေရှည် တည်တံ့သွားတော့မယ်'

ခဏ စကား ပြတ်သွားကြသည်။ လေစီနှင့် ဟူဂိုတို့မှာ နောက် မေးရမည့် မေးခွန်းကို စဉ်းစားရင်း တောင်ခြစ် မြောက်ခြစ် လုပ်နေသည်။ ထိုစဉ် ဂျူနီယာက ကောက်ကာငင်ကာ 'ခင်ဗျားတို့ သိမှာပါ၊ အခုဟာက ရှေ့နေတွေ ထောင်ဝင်စာ လာတွေ့တာ ဆိုတော့ အချိန် ကန့်သတ်မထားဘူး၊ ခင်ဗျားတို့ က အချိန် သိပ်အရင် မလိုဘူး ဆိုရင် ကျွန်တော်ကလည်း ရပါတယ်၊ ကျွန်တော် နေရတဲ့ အခန်းလေးထဲမှာ အပူချိန်က အခု ဆိုရင် တစ်ရာလောက် ရှိတယ်၊ လေဝင်ပေါက်လည်း မရှိဘူး၊ ကျွန်တော့်မှာ ရှိတဲ့ ပန်ကာကလေးကလည်း လေပူတွေပဲ မှုတ်ထုတ်ပေးနေတယ်၊ အခုလို တွေ့ရတဲ့ အချိန်ဟာ ကျွန်တော့် အတွက် သက်သာခွင့် ရတယ်၊ ဒါကြောင့် နောက်ကို ဒီအနီးအနား ရောက်ရင် လည်း ကျွန်တော့်ကို အချိန်မရွေး ဝင်တွေ့ပေးကြပါ'

ဟူဂိုက 'ကောင်းပါပြီ၊ ခင်ဗျားကို ထောင်ဝင်စာ လာတွေ့တဲ့ လူရော များလား'

'သိပ်မရှိပါဘူး၊ ကျွန်တော်ကလည်း သိပ်မလာစေချင်ဘူး၊ ကျွန်တော့် ကလေးတွေ ကြုံရင် ဝင်လာတတ်တယ်၊ ဒါပေမဲ့ လာရတာ မလွယ်ဘူးလေ၊ သူတို့ကို လာမတွေ့ခိုင်းတာ ကြာပြီ၊ သူတို့ကလည်း အကြီး မြန်ကြတယ်၊ အခုဆို သူတို့ အိမ်ထောင်တွေတောင် ကျကုန်ပြီ၊ ကျွန်တော် မြေးတွေတောင် ရနေပြီ၊ ဒါပေမဲ့ မြေးတွေကို ကျွန်တော် မမြင်ဖူးသေးဘူး၊ ဓာတ်ပုံတွေတော့

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့် အခန်း နံရံတွေမှာ အကုန် ကပ်ထားတယ်၊ မြေး လေးယောက် ရှိတယ်၊ တစ်ယောက်ကိုမှ မတွေ့ရသေးဘူး၊ ကဲ ဘယ့်နှယ် လုပ်မလဲ'

'ရှင့်ကလေးတွေကို ဘယ်သူ ကြည့်ပေးခဲ့လဲ' လေစီက မေးသည်။

'အမေက သူ မသေခင် အထိ ကြည့်ပေးသွားတယ်၊ နောက်တော့ ကျွန်တော့်ညီ လင်မယား ကြည့်ပေးကြတယ်၊ သူတို့က ကောင်းကောင်း စောင့်ရှောက် ပေးခဲ့ကြပါတယ်၊ အမေက အသတ်ခံရပြီး အမေ့ကို သတ်မှုနှင့် သေဒဏ် ကျနေတဲ့ အဖေရဲ့ ကလေးတွေ ဘယ်လို ရှိမလဲ'

'ရှင့်သားသမီးတွေကရော ရှင့်ကို အပြစ် ရှိတယ်လို့ ထင်နေကြလား'

'ဟင့်အင်း၊ သူတို့ကတော့ ကျွန်တော့် အမေနှင့် ညီ ဝီလ်တန်တို့ ပြောလို့ အမှန်ကို သိနေကြတယ်'

'ဝီလ်တန်ကို ကျွန်တော်တို့ တွေ့လို့ ရမလား' ဟူဂိုက မေးသည်။

'အဲဒါတော့ မသိဘူး၊ ကြိုးစားကြည့်လေ၊ ဒီကိစ္စတွေနှင့် သူ ပတ်သက်ချင်လား မပတ်သက်ချင်လား ကျွန်တော် မပြောနိုင်ဘူး၊ သိကြတဲ့ အတိုင်း ကျွန်တော်တို့ လူမျိုးစုဟာ ခုကာလမှာ အခြေအနေတွေ အရင်ကထက်စာရင် ပိုအဆင်ပြေနေတယ်၊ ပြန်စဉ်းစားလိုက်ရင် ကျွန်တော်နှင့် ဆန်တို့ ကက်စီနိုကို တိုက်ခိုက် ကန့်ကွက်ခဲ့တာ မှန်သလား မမှန်သလား ဆိုတာတောင် မသိတော့ဘူး၊ ကက်စီနိုကြောင့် အလုပ်အကိုင်တွေ ပေါ်လာတယ်၊ ကျောင်းတွေ၊ လမ်းတွေ၊ ဆေးရုံတွေ ရှိလာတယ်၊ ကျွန်တော်တို့ လူမျိုးစုရဲ့ အခြေအနေဟာ ဘယ်တုန်းကမှ မမျှော်မှန်းမိတဲ့ အဆင့်ကို ရောက်လာတယ်၊ တက်ပါကိုလာ လူမျိုး တစ်ယောက် အသက် ၁၈ နှစ် ပြည့်တာနှင့် ရာသက်ပန် ထောက်ပံ့ကြေး တစ်လကို ဒေါ်လာ ငါးထောင် ရတယ်၊ နောက်လည်း ဒါထက် တိုးဦးမယ်၊ ဒါကို အမြတ် ခွဲဝေမှုလို့ ခေါ်တယ်၊ ကျွန်တော် အခု ဒီမှာ သေဒဏ် ကျနေတာတောင် အမြတ် ခွဲဝေမှု ရနေသေးတယ်၊ အဲဒီ ကျွန်တော် ရတဲ့ ငွေကို ကျွန်တော့် ကလေးတွေ အတွက် စုထားမယ် ဆိုရင်တောင် သူတို့ အတွက် မလိုတော့ဘူး၊ ဒါကြောင့် အဲဒီ ငွေတွေကို ဝါရှင်တန်က ကျွန်တော့် ရှေ့နေတွေဆီ ပို့လိုက်တယ်၊ တတ်နိုင်သလောက်ပေါ့၊ ကျွန်တော့် အမှုကို သူတို့ စလက်ခံတုန်းက အမြတ် ခွဲဝေမှု ဆိုတာ မရှိသေးတော့ သူတို့ အတွက် ငွေ ရမယ့် အလားအလာတောင် မရှိခဲ့ဘူး၊ တက်ပါကိုလာ လူမျိုးစုတိုင်း အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှု ခံစားရတယ်၊ အခမဲ့ ပညာရေး ရတယ်၊ ကောလိပ် တက်ချင်ရင်လည်း စရိတ် ထောက်တယ်၊ ကျွန်တော်တို့ အတွက် ဘဏ်တွေ

mgyoe.com SAMPLE BOOK

ရှိတယ်၊ အိမ်ဝယ်ချင်ရင် ကားဝယ်ချင်ရင် ဘဏ်ကနေ အတိုးနည်း ချေးငွေ ရသေးတယ်၊ အခုန ပြောသလို ဘဝက အရင်ကထက် အများကြီး အဆင်ပြေ နေတယ်၊ ဒါက ကောင်းတဲ့ အပိုင်း။

'နောက် မကောင်းတဲ့ အပိုင်းက လူတွေဟာ အလေးအနက် မရှိတော့ဘူး၊ အထူးသဖြင့် လူငယ်တွေမှာ၊ ကိုယ့်မှာ တစ်သက်စာ ထောက်ပံ့ကြေး ရှိနေ တာပဲ ဘာလို့ ကောလိပ် တက်ပြီး အလုပ် ရှာစရာ လိုလို့လဲ ဆိုတာမျိုး၊ တခြား အလုပ်လည်း ရှာစရာ မလိုဘူး၊ အရွယ်ရောက်သူ တစ်ဝက်လောက်ကို ကက်စီနိုမှာ အလုပ် ခန့်ထားတယ်၊ အဲဒါကလည်း အမြဲတမ်း ဝိရောဓိ ဖြစ် သွားမယ်၊ အလုပ် ရလွယ်တဲ့ လူနှင့် အလုပ် ရဖို့ ခက်တဲ့လူ ဆိုပြီးလေ၊ အဲဒါ ကနေ အတွင်းပုန်း ပဋိပက္ခလေးတွေ ဖြစ်နေတယ်၊ ဒါပေမဲ့ ခြုံလိုက်ရင် လူမျိုးစု မှာ အခြေအနေ ကောင်းသလို ရှိနေတယ်၊ ဒီအခြေအနေကို ဘာလို့ ပျက်အောင် လုပ်မလဲ၊ ကျွန်တော့် အတွက်ရော ဘယ်သူက ပူနေတော့မှာလဲ၊ ဘာပူစရာ လိုလို့လဲ၊ ဝီလ်တန်က ခင်ဗျားတို့ကို ကူညီလို့ အကျင့်ပျက်တဲ့ တရားသူကြီး ပြုတ်သွားတယ် ဆိုပါတော့၊ အားလုံး နစ်နာကြရမှာ'

'ကက်စီနိုမှာ အကျင့်ပျက် ခြစားမှု ရှိတယ်လို့ရော ရှင် သိထားလား' လေစီက မေးသည်။

မာစီ ဖုန်းကို ချကာ ဆံပင်ကို သပ်နေပြန်သည်။ ထိုမေးခွန်းကြောင့် နာကြည်းနေမိသည် ထင်၏။

သူ တုံ့ဆိုင်းနေသည်က အပိုင်း နှစ်ပိုင်း ဒွိဟ ဖြစ်သောကြောင့် ဖြစ်ဟန် တူသည်။

ထို့နောက် ဖုန်းကို ကောက်ကိုင်လိုက်ကာ 'ဒီမှာလည်း ကက်စီနိုက ကျွန်တော် ထောင်ထဲ ရောက်ပြီး ခဏ ကြာမှ ဖွင့်တာ ဆိုတော့ အဲဒီ အပိုင်း တွေကို ကျွန်တော် မသိဘူး'

ဟူဂိုက 'ခင်ဗျား ပြောသလို ဆိုရင် လူမျိုးစုက သေးသေးလေး၊ အဲဒီ လူနည်းစု အတွက် ကက်စီနိုက အကြီးကြီး ဆိုတော့ လျှို့ဝှက်ထားလို့ ရမှာ မဟုတ်ဘူး၊ ကောလာဟလတွေ ခင်ဗျား ကြားရမှာ သေချာပါတယ်'

'ဘယ်လို ကောလာဟလမျိုးလဲ၊ ပြောစမ်းပါဦး'

'ရတဲ့ ငွေတွေကို ဝေစု ခွဲပြီး နောက်ဖေးပေါက် ထုတ်တယ် ဆိုတာမျိုး၊ တွက်ချက်မှု အရ ရတနာသော့ဟာ သန်းငါးရာလောက် ဝင်တဲ့ ကက်စီနိုလို့ ဆိုတယ်၊ ကိုးဆယ် ရာခိုင်နှုန်းက ငွေသားနှင့် ဝင်တယ်၊ ရထားတဲ့ သတင်း

mgyoe.com

mgyoe.com SAMPLE BOOK

အရှေ့အင်ဒီးယန်း လူမျိုးစု ခေါင်းဆောင်တွေဟာ ဒုစရိုက်ဂိုဏ်း တစ်ဂိုဏ်းနှင့် ပေါင်းပြီး ဝေစုတွေ ရနေတယ်လို့ ဆိုတယ်၊ ဒါတွေကို ခင်ဗျား မကြားမိဘူးလား'

'အဲဒီ ကောလာဟလတွေကို ကျွန်တော် ကြားချင် ကြားမယ်၊ ဒါပေမဲ့ ဒါတွေက ကျွန်တော် သိတာ မဟုတ်ဘူး'

'ဒါဆို ဘယ်သူ သိသလဲ' လေစီက မေးလိုက်ခြင်း ဖြစ်သည်။

'ခင်ဗျားတို့မှာ သတင်း အခိုင်အမာ ရနိုင်တဲ့ နေရာ ရှိရင် ခင်ဗျားတို့ ဒီကို လာဖို့ မလိုဘူး၊ ခင်ဗျားတို့ သတင်း ရနိုင်တဲ့ နေရာကို ပြန်သွားပါ'

လေစီနှင့် ဟူဂိုတို့ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

နှစ်ယောက်စလုံး ဂရက် မိုင်ယာ ဘီယာ ပုလင်း ကိုင်ပြီး မော်တော်ဘုတ်နှင့် လျှောက်သွားနေသည်ကို မြင်ယောင်မိကြသည်။

ဟူဂိုက 'နောက်တော့ သွားမှာပါ၊ ဒါပေမဲ့ လောလောဆယ် ကက်စီနိုနှင့် ပတ်သက်ပြီး သိတဲ့ လူနှင့် တွေ့ချင်တယ်'

မာစီက ခေါင်းကို ယမ်းကာ 'ဝီလ်တန်ဆီကပဲ ကျွန်တော် သိရတာ၊ ဒါပေမဲ့ သူကလည်း သိပ်ပြောတာ မဟုတ်ဘူး၊ သတင်းလေးတွေကတော့ ဒီမြို့မှာ နည်းနည်းစီတော့ ထွက်နေပါတယ်'

လေစီက 'ဝီလ်တန်ကို ဖုန်းဆက်ပြီး ကျွန်မတို့ကို တွေ့ခွင့် ပေးဖို့ ပြောပေးပါလား'

'အဲဒီတော့ ကျွန်တော့် အတွက် ဘာထူးမှာလဲ၊ ခင်ဗျားတို့ကို ကျွန်တော် သိတာလည်း မဟုတ်ဘူး၊ ခင်ဗျားတို့က ယုံရမလား ဆိုတာလည်း မသိနိုင်ဘူး၊ ခင်ဗျားတို့ရဲ့ ရည်ရွယ်ချက် ကောင်းမှန်း သိတယ်၊ ဒါပေမဲ့ ခင်ဗျားတို့ဟာ မရေရာတဲ့ လမ်းကို လျှောက်မလို့ လုပ်နေတယ်၊ ကျွန်တော် မသိသေးဘူး၊ စဉ်းစားဦးမယ်လေ'

'ဝီလ်တန်က ဘယ်မှာ နေတာလဲ' ဟူဂိုက မေးသည်။

'သီးသန့် နယ်မြေမှာ၊ ကက်စီနိုနှင့် သိပ်မဝေးဘူး၊ အဲဒီမှာ သူ အလုပ်လျှောက်တယ်၊ သူတို့က သူ့ကို မခန့်ကြဘူး၊ ကျွန်တော့် မိသားစုထဲက တစ်ယောက်မှ ကက်စီနိုမှာ အလုပ် မရကြဘူး၊ သူတို့က အလုပ် မခန့်ကြဘူးလေ၊ ဒါ သူတို့ရဲ့ မူသဘောပဲ'

'ဒါဆိုရင် မကျေနပ်တဲ့ သဘောတွေ ရှိမှာပေါ့နော်'



mgyoe.com

mgyoe.com SAMPLE BOOK

'ရှိတာပေါ့၊ အများကြီး ရှိတာပေါ့၊ ကက်စီနိုကို ဆန့်ကျင် တိုက်ခိုက်တဲ့ လူတွေကို နာမည်ပျက် စာရင်း သွင်းထားတယ်၊ အဲဒီမှာ အလုပ် လုပ်လို့ မရဘူး၊ ထောက်ပံ့ကြေးတော့ ရနေတယ်၊ အလုပ်တော့ မရဘူး'

'သူတို့က ရှင်နှင့် ပတ်သက်လို့ရော ဘယ်လို သဘောထားသလဲ'

'ကျွန်တော် ပြောခဲ့သလို သူတို့ အများစုက ယုံနေကြတယ်လေ၊ သူတို့ရဲ့ ခေါင်းဆောင် ဆန်ကို ကျွန်တော် သတ်တယ် ဆိုပြီး ကျွန်တော့်ကို မသနားကြဘူး၊ ကက်စီနို ထောင်တာကို ကြိုက်တဲ့ လူတွေကတော့ အစကတည်းက ကျွန်တော့်ကို မုန်းနေကြတာ၊ ဒီတော့ ကျွန်တော့် လူမျိုးစုထဲမှာ ကျွန်တော့်ကို လိုလားတဲ့လူ သိပ်မရှိဘူး၊ အဲဒီမှာ ကျွန်တော့် မိသားစုက ဒဏ်ခံနေရတယ်'

ဟူဂိုက 'တကယ်လို့ တရားသူကြီး မက်ဒိုဗာ လာဘ်စားတာကို ဖော်ထုတ်လိုက်နိုင်ရင် ခင်ဗျား အမှု အတွက် အထောက်အကူ ဖြစ်နိုင်မလား'

မာစီက မတ်တတ် ထရပ်ကာ အကြော ဆန့်လိုက်သည်။ ပြီးတော့ တံခါးဆီသို့ သုံးလေးလှမ်း လျှောက်သွားပြီး ပြန်လျှောက်လာသည်။ သူက ကိုယ်တွေ လက်တွေကို ဆန့်ကာ လက်ဆစ်များကို ချိုးရင်း ပြန်ထိုင်လိုက်သည်။ ပြီးတော့ ဖုန်းကို ကောက်ကိုင်ကာ 'ကျွန်တော်ကတော့ မထင်ဘူး၊ ကျွန်တော့် အမှုက ကြာပြီပဲ၊ သူ့ရဲ့ ကောက်ချက်တွေကိုလည်း အယူခံတွေမှာ ရှေ့နေကောင်းတွေ အမျိုးမျိုး တင်ပြခဲ့ပြီးပြီ၊ သူ့ကောက်ချက်တွေဟာ အမှားတွေ ပါတယ်လို့ ကျွန်တော် ထင်တယ်၊ ကျန်ခဲ့တဲ့ ဆယ်နှစ်လောက်က အမှုကို အစက ပြန်စစ်သင့်တယ်လို့ ကျွန်တော် ထင်တယ်၊ ဒါပေမဲ့ အယူခံရုံးတွေက သူ ပြောတာကို လက်ခံနေကြတယ်၊ အားလုံးက တစ်သဘောတည်း လက်ခံကြတာတော့ မဟုတ်ဘူး၊ စင်စစ် ကျွန်တော့် အမှုရဲ့ စီရင်ချက်တွေကို ကျွန်တော့်ဘက်ကနေ လက်မခံတဲ့ လူတွေလည်း ရှိခဲ့တယ်၊ ဒါပေမဲ့ အများစု ဆုံးဖြတ်ချက်က အသာစီး ရတော့ ကျွန်တော် အခုလို ဖြစ်နေရတာပဲ၊ အကျဉ်းထောင် သတင်းပေး နှစ်ယောက်ကလည်း ကျွန်တော့် အပေါ် စီရင်ချက်ကို လက်မခံခဲ့ကြဘူး၊ အဲဒါကိုရော ခင်ဗျားတို့ ကြားမိလား'

လေစီက 'မှတ်တမ်းထဲမှာ တွေ့ပါတယ်'

'သူတို့ နှစ်ယောက်စလုံး တစ်ချိန်တည်းမှာ ပျောက်ကုန်ကြတာ'

'အဲဒါကို ရှင် ဘယ်လို ထင်လဲ'

'အယူအဆ နှစ်မျိုး ရှိတယ်၊ အကောင်းဆုံး ပထမ တစ်မျိုးက သူတို့ နှစ်ယောက်စလုံးကို ကျွန်တော့် စီရင်ချက် ချပြီး မကြာခင်မှာပဲ သတ်ပစ်လိုက်

mgyoe.com

mgyoe.com SAMPLE BOOK

တယ် ဆိုတာပဲ၊ သူတို့က ထောင်ကျတွေကို ခန့်ထားတာ၊ သူတို့က ကျွန်တော် ဟာ လူသတ်ခဲ့တဲ့ အကြောင်း ထောင်ထဲမှာ လျှောက်ပြောနေတယ်လို့ ထွက် ဆိုတယ်၊ ထောင်သတင်းပေးတွေက သူတို့ ထွက်ဆိုခဲ့တာကို မကြာခဏ ပြန် ပြင် ထွက်ဆိုတတ်တယ်၊ ဒါကြောင့် ပထမ အယူအဆ အရ သူတို့ အဲဒီလို ပြန်မပြင်ခင် တကယ် သတ်တဲ့ လူက သူတို့ကို ရှင်းပစ်လိုက်တယ်လို့ ဆို တယ်၊ အဲဒါကို ကျွန်တော် ယုံတယ်'

'နောက်အယူအဆကရော' ဟူဂိုက မေးသည်။

'ကျွန်တော့်ကို လိုလားတဲ့ လူတွေက သူတို့ကို ရှင်းပစ်လိုက်တယ် ဆို တာပဲ၊ ဒါကို ကျွန်တော်ကတော့ မယုံဘူး၊ ဒါပေမဲ့ ပြောတော့ မပြောနိုင်ဘူး ပေါ့၊ စိတ်တွေက ထန်နေတော့ ဘာမဆို ဖြစ်နိုင်တာပဲ၊ ဘယ်လိုပဲ ဖြစ်ဖြစ် ထောင်သတင်းပေး နှစ်ယောက်ကတော့ ပျောက်သွားတာ ကြာပြီ၊ သူတို့ သေ ပြီလို့ ထင်တယ်၊ ကျွန်တော်လည်း ဒီကို ရောက်လာတော့တာပဲ'

လေစီက 'ကျွန်မတို့က ရှင့်အမှု အကြောင်း ပြောဖို့ လာတာ မဟုတ်ပါ ဘူး'

'ကျွန်တော် ပြောနိုင်တာလည်း ဒါပဲ၊ ဒါကို ဘယ်သူကရော အလေးထား မှာလဲ၊ တရားဝင် မှတ်တမ်းတွေက အဓိကလေ'

'ဒါဆိုတော့ လူလေးယောက် သေသွားတာပေါ့' ဟူဂိုက ပြောလိုက် သည်။

'ဒါ အနည်းဆုံးပေါ့'

'နောက်ထပ် သေသေးလို့လား' လေစီက မေးသည်။

သူက ခေါင်းကို ဖြည်းညင်းစွာ ညိတ်သည်။ ထိုသည်မှာ သူ့စိတ် ဂယောက် ဂယက် ဖြစ်နေ၍လား၊ ဟုတ်သည် ဆိုသည့် သဘော ပြောသည်လား မသိနိုင်။ နောက်ဆုံးတွင် သူက 'ခင်ဗျားတို့ရဲ့ စုံစမ်း ထောက်လှမ်းမှု အတိမ်အနက်ပေါ် မှာ မူတည်ပြီး သိလာမယ်'



mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၆

ဘရန်းဆွစ် ခရိုင်တွင် ပထမဆုံး ဆောက်သော တရားရုံးမှာ မီးလောင်သွား သည်။ ဒုတိယ တရားရုံးကလည်း ၁၉၇၀ ပြည့်နှစ်က ဟာရီကိန်း မုန်တိုင်း ကြောင့် ပြိုကျသွားသည်။ ခရိုင် ခေါင်းဆောင်တွေက သံကူ ကွန်ကရစ်ဖြင့် ပြန်ဆောက်ရန် စီစဉ်ခဲ့သည်။ အဆောက်အအုံမှာ လေကွယ် မိုးကွယ် ဖြစ်ပြီး ပြတင်းပေါက် အနည်းငယ်သာ ရှိသည်။ သွပ်မိုးတွေက စဆောက်ကတည်းက မိုးယိုနေသည်။ ပင်ဆာကိုလာ မြို့နှင့် တယ်လာဟက်စီ မြို့တို့ အကြား လူနေ ကျဲသော အရပ်၌ တည်ရှိကာ ကမ်းခြေများတွင်လည်း လူမစည်လှ။ ၁၉၇၀ ပြည့်နှစ် သန်းခေါင်စာရင်း အရ လူဖြူ ၈၁၀၀၊ လူမည်း ၁၅၇၀ နှင့် ဒေသခံ အမေရိကန် ၄၁၁ ယောက်သာ ရှိသည်။

တရားရုံး အသစ် ဆောက်ပြီး နှစ်အနည်းငယ် အတွင်း ကမ်းရိုးတန်း တစ်လျှောက် ဆောက်လုပ်ရေး လုပ်ငန်းရှင်တွေက ကွန်ဒိုတွေ၊ ဟိုတယ်တွေ အပြေးအလွှား ဆောက်လာကြသည်။ မြကမ်းရိုးတန်းဟု အမည် ရလာသော မိုင်ချီရှည်သည့် ကမ်းခြေများမှာလည်း ပို၍ လူသိ များလာသည်။ လူဦးရေ လည်း များလာသဖြင့် ၁၉၈၄ ခုနှစ်တွင် တရားရုံးကို တိုးချဲ့လာရသည်။

အဆောင်တွေ တိုးပွားလာသဖြင့် ကင်ဆာနှင့် တူသောကြောင့် မြစ်ပွား ဟူ၍ လူတွေက ခေါ်သည်။ နောက် ၁၂ နှစ် ကြာသော အခါ လူဦးရေကလည်း များလာသည့် အတွက် တရားရုံးကို အသစ် ထပ်မံ တိုးချဲ့ရပြန်သည်။

ခရိုင်၏ မြို့တော်မှာ စတာလင်မြို့ ဖြစ်သည်။ ဘရန်းဆွစ်နှင့် အခြား ကပ်နေသည့် ခရိုင် နှစ်ခုကို ပေါင်းကာ ဖလော်ရီဒါ ပြည်နယ်၏ ၂၄ ခုမြောက် တရားရေး နယ်မြေ အဖြစ် သတ်မှတ်ထားသည်။ ထိုနယ်မြေတွင် တရားသူကြီး နှစ်ဦး ရှိသည့် အနက် ကလောဒီယာ မက်ဒိုဗာသာ စတာလင် မြို့တွင် ရုံးထိုင် သည်။ ထို့ကြောင့်လည်း သူမက ဒေသ တရားရေး နယ်ပယ်တွင် ဩဇာ ရှိနေ


mgyoe.com

mgyoe.com SAMPLE BOOK

သည်။ ထို့ကြောင့်လည်း ခရိုင် အတွင်းရှိ ဝန်ထမ်းများ သူမကို ကပ်ကြရသည်။ ကျယ်ဝန်းသော သူမ၏ ရုံးခန်းမှာ တတိယထပ်တွင် ရှိ၍ မြင်ကွင်းလည်း ကောင်းပြီး နေရောင်လည်း ရသည်။ သူမက အဆောက်အအုံကို သိပ်မကြိုက်။ ထို့ကြောင့် ရုံးကို ပြန်ဖျက် ဆောက်နိုင်သည့် အာဏာမျိုး ရှိချင်နေသည်။ သို့သော် ယင်းမှာ စိတ်ကူးမျှသာ ဖြစ်နေသည်။

တစ်နေ့တာ စားပွဲတွင် ထိုင်ပြီးနောက် မက်ဒိုဗာက မိမိ ညနေ လေးနာရီတွင် ရုံးဆင်းမည် ဖြစ်ကြောင်း အတွင်းရေးမှူးမလေးအား ပြောလိုက်သည်။ ထိုသည်မှာ ခါတိုင်းထက် စောနေခြင်း ဖြစ်သည်။ ကျွမ်းကျင်သော အတွင်းရေးမှူးမလေးက မှတ်သားထားလိုက်သည်။ ပြန်တော့ မမေး။ မက်ဒိုဗာ ဘာလုပ်လုပ် မည်သူမျှ မေးသည် မရှိ။

နောက်ဆုံးပေါ် လက်ဖဝ် အမျိုးအစား ကားဖြင့် မက်ဒိုဗာ စတာလင်မြို့မှ ထွက်ကာ တောင်ဘက်သို့ လာခဲ့သည်။ နောက်မိနစ် နှစ်ဆယ် ကြာသောအခါ 'ငါ့ကက်စီနို'ဟု သူမ သဘောထားသည့် ရတနာသော့ ခြံဝင်းထဲသို့ ချိုးကွေ့လိုက်သည်။ ယင်းမှာ သူမ၏ အားထုတ်မှု မပါဘဲ ဖြစ်လာမည် မဟုတ်ဟု ယုံကြည်ထားသည်။ ယင်းကို သူမ ပိတ်စေချင်လျှင် ချက်ချင်း ပိတ်နိုင်သည့် သြဇာ သူမတွင် ရှိသည်။ ပိတ်စရာလည်း လိုမည် မဟုတ်။

သူမက ခြံဝင်း ပတ်လမ်း တိုက်တာတွေ၏ အစပ်မှ မောင်းလာရင်းထုံးစံအတိုင်း ပြုံးလာသည်။ ကားရပ်သည့် နေရာတွင် ကားများ ပြည့်နေသည်။ လောင်းကစားသမားများလည်း မိမိတို့ ဟိုတယ် အသီးသီးမှ ထွက်ကာ ဥဒဟိုသွားလာနေကြသည်။ နီယွန် ဆိုင်းဘုတ်တွေကလည်း ထိန်လင်းနေ၏။ သည့်အတွက်ကြောင့်လည်း သူမ ပြုံးခြင်း ဖြစ်သည်။ အင်ဒီးယန်းတွေ ကြီးပွားနေကြပြီလေ။

ရတနာသော့မှာ တကယ့် နေရာကောင်း။ ထိုနေရာမှ သူမ ရနေသည့်ဝေစုမှာ နည်းလှသော်လည်း မကျေမနပ် မရှိ။

သူမ ဘာကိုမျှ မကျေနပ်စရာ မရှိ။ တရားသူကြီး လုပ်သက် ၁၇ နှစ်အတွင်း နာမည်လည်း ရသည်။ ရာထူးလည်း မြဲသည်။ စွမ်းဆောင်ရည် အမှတ်တွေလည်း တက်နေသည်။ ကက်စီနိုမှ ဝေစုတွေ ၁၁ နှစ် ရနေသဖြင့် သူဌေးမတစ်ယောက် ဖြစ်နေပေပြီ။ ပိုင်ဆိုင်မှုတွေကိုလည်း တစ်ကမ္ဘာလုံး အနှံ့ ဖွက်ထားနိုင်သည်။ လစဉ်လည်း ဝင်နေ၏။ သဘောမကျသည့် လူတွေနှင့် အလုပ်တွဲလုပ်နေရသော်လည်း ထိုလူများ၏ အလှည့်အပတ် လုပ်ငန်းကို အပြင်လူများ

mgyoe.com

mgyoe.com SAMPLE BOOK

တိုးမပေါက်နိုင်။ ခြေရာ မကျန်။ သက်သေခံ အထောက်အထား မတွေ့ရ။ ကက်စီနို စဖွင့်ကတည်းက ၁၁ နှစ်လုံးလုံး ချောချောမောမော။

သူမက ဂိတ်ပေါက်မှ ဝင်ကာ တိုက်တာများနှင့် ယုန်ပြေး ကစားကွင်းတို့ကို ဖြတ်လာသည်။ ထိုအထဲမှ ကွန်ဒို လေးလုံးကို သူမ ပိုင်သည်။ တစ်နည်းအားဖြင့် ထိုလေးလုံးကို ပိုင်သော ပင်လယ်ရပ်ခြားမှ ကုမ္ပဏီကို သူမ ပိုင်ထားခြင်း ဖြစ်သည်။ ထိုအထဲမှ တစ်လုံးကို သူမ အတွက် ထားပြီး ကျန်သုံးလုံးကို ရှေ့နေများမှ တစ်ဆင့် အငှား ချထားသည်။ သူမ အတွက် တိုက်မှာ ဂေါက်ကွင်း ဘေးတွင် ဖြစ်ပြီး နှစ်ထပ်၊ သံမဏိ တံခါးများနှင့် ဖြစ်သည်။ ဟာရီကိန်း မုန်တိုင်းဒဏ် ခံနိုင်ရန် သူမ ထပ်ပြင်ထားခြင်း ဖြစ်၏။ ခပ်ကျဉ်းကျဉ်း အိပ်ခန်းထဲတွင် ကွန်ကရစ် နံရံကို မြှုပ်ကာ မီးခံသေတ္တာ လုပ်ထားသည်။ ထိုအထဲတွင် သူမပိုင် ငွေသားနှင့် စိန် ရွှေ ရတနာများ ထည့်ထားသည်။ ထို့ပြင် ရွှေ့ပြောင်းရန် မလွယ်သော ပီကာဆို ပန်းချီကား နှစ်ချပ်နှင့် သက်တမ်း နှစ်လေးထောင် ရှိသည့် အီဂျစ် အရိုးပြာအိုး တစ်လုံး၊ တရုတ် ရှေးမင်းဆက်မှ လက်ဖက်ရည်ပွဲ ကြွေသား ပန်းကန် တစ်စုံလည်း ပါသည်။

အိပ်ခန်း အဝင် တံခါးကို ပတ္တာတပ် စာအုပ်စင်၏ နောက်တွင် ဖျောက်ထားသည်။ ထို့ကြောင့် အပြင်လူများ အဖို့ အိပ်ခန်းကိုလည်း မတွေ့နိုင်။ မီးခံသေတ္တာ ရှိမှန်းလည်း သိမည် မဟုတ်ပေ။ သို့သော် အပြင်လူ လာသည်လည်း မရှိ။ ဧည့်သည်များကို ဖိတ်သည့် အခါတွင်လည်း အိမ်ရှေ့ မြေကွက်လပ်တွင်သာ ဧည့်ခံသည်။ ကွန်ဒိုမှာ ဧည့်ခံရန် မဟုတ်။ လူနေရန်လည်း မဟုတ်။

သူမက ကန့်လန့်ကာကို လှစ်၍ ဂေါက်ကွင်းကို ကြည့်လိုက်သည်။ ဩဂုတ်လ ပူပြင်းသော ကာလ ဖြစ်၍ ဂေါက်ကွင်းထဲတွင် လူသူ ကင်းနေသည်။ သူမက လက်ဖက်ရည် ကရားကို ရေဖြည့်ကာ ဂက်စ်မီးဖိုပေါ် တင်လိုက်သည်။ ထိုစဉ် သူမ နှစ်နေရာ ဖုန်းဆက်သည်။ တရားရုံးတွင် ဆိုင်းငံ့ အမှုတွဲများ ကိုင်သည့် ရှေ့နေများထံသို့ ဖြစ်သည်။

ငါးနာရီတွင် သူမ၏ ဧည့်သည် အချိန်ကိုက် ရောက်လာသည်။ သူတို့ လစဉ် ပထမဆုံး ဗုဒ္ဓဟူးတိုင်း ညနေ ငါးနာရီတွင် တွေ့နေကျ။ သူမ ပြည်ပသို့ ခရီး သွားသည့် အခါ အချိန် ပြောင်းတွေ့ရသည်။ ထိုသည်မှာလည်း ဖြစ်ခဲလှသည်။ သူတို့ ဆက်သွယ်ပုံမှာ သူမ၏ ကွန်ဒိုတွင် မျက်နှာချင်းဆိုင် တွေ့ခြင်းသာ ဖြစ်သည်။ သူမ တိုက်ခန်းတွင်မူ အသံ ခိုးဖမ်းထားမည်လည်း မစိုးရိမ်ရ။ သူတို့က ဖုန်းကို တစ်နှစ်လျှင် တစ်ခါ နှစ်ခါသာ သုံးသည်။ ရှင်းအောင် လုပ်



mgyoe.com

mgyoe.com SAMPLE BOOK

သည်။ ခြေရာ မကျန်စေရ။ သူတို့ အစကတည်းက လုံခြုံသည်။ ဟာကွက် မရှိခဲ့။

ကလော်ဒီယာက ကော်ဖီကို မွှေ့နေသည်။ ဗွန်း ဒူဘွိုက သူ၏ ဗော်ဒကာ အရက်ကို ရေခဲနှင့် သောက်နေ၏။ ဗွန်းက ပါလာသော လက်ကိုင်အိတ်ကို ခါတိုင်းလိုပင် ဆိုဖာပေါ် တင်ထားလိုက်သည်။ ထိုအိတ်ထဲတွင်တော့ သားရေပင်နှင့် သပ်ရပ်စွာ စည်းထားသော ဒေါ်လာ တစ်ရာတန် ငွေစက္ကူ ၂၅ ထုပ်၊ ဒေါ်လာ တစ်သောင်းတန်အုပ်များ ဖြစ်သည်။ တစ်လ ရသည့် ဝင်ငွေမှာ ဒေါ်လာ ငါးသိန်း ဖြစ်ပြီး အညီအမျှ ခွဲဝေခြင်း ဖြစ်သည်ဟု ကလော်ဒီယာ နားလည်ထားသည်။ နှစ်ပေါင်း များစွာ အင်ဒီးယန်းတွေဆီက ဗွန်း တစ်ယောက် မည်မျှ ရိတ်နေသည်ကိုမူ ကလော်ဒီယာ မခန့်မှန်းနိုင်ခဲ့။ သူမကတော့ ရသည့် ဝေစုနှင့်ပင် ကျေနပ်နေသည်။ မကျေနပ်စရာလည်း အကြောင်း မရှိ။

အသေးစိတ်ကို သူမ မသိ။ ငွေ မည်မျှ ဖယ်ထားသည်၊ လုံခြုံရေးနှင့် ထောက်လှမ်းလာမည့် ရန်ကို ကာကွယ်ရန် မည်မျှ ဖယ်ထားသည်၊ ဝေစု ပေးရသည်များကို မသိစေရန် မည်သူက စာရင်း ဖျောက်နေသည် စသည်တို့ကို သူမ မသိ။ ကက်စီနို အတွင်းပိုင်းတွင် ဗွန်း အတွက် ရသမျှ ငွေကို လုံခြုံအောင် မည်သူက ထိန်းသိမ်းပေးနေသည်ကိုလည်း မသိ၊ ထိုငွေများကို သူ ဘယ်ကနေ သွားယူလာသည်ကိုလည်း မသိ၊ သူ့ကို မည်သူက လွှဲပေးသည်ကိုလည်း မသိ၊ ငွေဘယ်လောက် လာဘ်ထိုးရသည်ကိုလည်း မသိ။ သူမ တစ်ခုမျှ မသိ။ ကက်စီနိုမှ သိမ်းသွားသော ထိုငွေများကို ဗွန်း ဘာလုပ်ပစ်သည်ကိုလည်း မသိ။ ထို အကြောင်းများနှင့် ပတ်သက်၍ သူတို့ တစ်ခါမှ မဆွေးနွေး ဖြစ်ခဲ့။

ဗွန်း၏ ဂိုဏ်းနှင့် ပတ်သက်၍ သူမ ဘာမျှ မသိ။ သိလည်း မသိချင်။ သူမက ဗွန်းနှင့်သာ ဆက်ဆံသည်။ တစ်ခါတစ်ရံ ဗွန်း၏ လက်ထောက် ဟန့်နှင့် ဆက်ဆံရသည်တော့ ရှိတတ်သည်။ ကလော်ဒီယာ ရှေ့နေလေး ဘဝဖြင့် ရုန်းကန်နေရပြီး ခင်ပွန်းဟောင်းကို လက်စားချေရန် အားထုတ်နေရသည့် ကာလတည်းက ဗွန်း သူမနှင့် သိခဲ့သည်။ ထိုစဉ်က ဗွန်းမှာ အင်ဒီးယန်း လူမျိုးတို့ နယ်မြေတွင် ကက်စီနို ထောင်ကာ ရသည့် ငွေဖြင့် ဆောက်လုပ်ရေး လုပ်ငန်း ကြီးကြီးကျယ်ကျယ် လုပ်ရန် စိတ်ကူး ရှိခဲ့သည်။ သို့သော် ထိုအရပ်တွင် တရားသူကြီးဟောင်းက ကန့်လန့် ခံနေသည်။ ထို့ကြောင့် ထို တရားသူကြီးနှင့် အခြား အဟန့်အတား တစ်ခု နှစ်ခုလောက်ကို ရှင်းလိုက်



mgyoe.com

mgyoe.com
SAMPLE BOOK

ပြီးနောက် ဗွန်းမှာ ထိုအရပ်တွင် ဘူဒိဇာဖြင့် မြေတွေ စတင် ညှိတော့သည်။ ကလော်ဒီယာ အတွက်လည်း ရွေးကောက်ပွဲ မဲဆွယ် စရိတ်နှင့် သူမ အရွေးခံ ရရေး အတွက် လိုအပ်သမျှ အကူအညီများ ပေးခဲ့သည်။

သူ့အသက်မှာ ခုနစ်ဆယ် ပတ်ဝန်းကျင် ဖြစ်သော်လည်း အသက် ခြောက်ဆယ် ပတ်ဝန်းကျင်လောက်သာ ထင်ရ၏။ မဖြူလွန်းသော သူ့အသားနှင့် ဂေါက်သီး အားကစား ရုပ်အင်္ကျီတို့ကို ဝတ်ဆင်ထားသည့် အခါ ဖလော်ရီဒါ ပြည်နယ်တွင် အခြားသော ပင်စင်စား တစ်ယောက်နှင့် မခြား ရှိနေသည်။ အိမ်ထောင် နှစ်ဆက် ရှိခဲ့ပြီး လူလွတ် ဘဝဖြင့် နေလာခဲ့သည်မှာ နှစ်ပေါင်း ကြာခဲ့ပြီ။ ကလော်ဒီယာ တရားသူကြီး ဖြစ်လာပြီးနောက် ဗွန်း သူမကို ချဉ်းကပ်ကြည့်သေးသည်။ သို့သော် သူမက စိတ်မဝင်စားခဲ့။ သူက သူမထက် အသက် ၁၅ နှစ်သာ ကြီးသည် မှန်သော်လည်း အဆင်မပြေခဲ့။

ထိုစဉ်က အသက် ၃၉ နှစ် ရှိနေပြီ ဖြစ်သော ကလော်ဒီယာမှာ ယောကျာ်းများ အပေါ် အသာစီး လိုချင်သည့် စိတ်ဓာတ်က ပြင်းထန်နေသည်။ နောက်ပြီး ဗွန်းမှာ ငွေကြေးစရာ ကောင်းသည်ဟုလည်း သူမက မြင်နေသည်။ ထို့ပြင် ငါးမျှားခြင်းနှင့် ဂေါက်သီး ကစားခြင်းကိုသာ ဝါသနာပါပြီး ဂေါက်ကွင်း ဘေးတွင် တိုက်အိမ်များ ဆောက်လုပ်ရန်သာ စိတ်ဝင်စားသူ ဖြစ်သည်ဟု သူမက မြင်သည်။ ဗွန်း၏ ဒုစရိုက် အသိုင်းအဝိုင်းကိုလည်း သူမ လန့်နေ၏။

နောက်တော့ ဂျူနီယာ မာစီက သူ့ဇနီးနှင့် ဆန် ရာဇကို ဆိုသူကို သတ်သည် ဟူသော ကောလာဟလကနေ အယူခံ တရားရုံးတွင် အတိအကျ ကလော်ဒီယာ သိလာရသည်။ အမှုကို မစစ်ဆေးမီနှင့် စစ်ဆေးနေစဉ် အတွင်း ထိုလူ တကယ် သတ်သည်ဟု ယုံကြည်ခဲ့သဖြင့် မိမိကို ရွေးချယ် တင်မြှောက်လိုက်သော မဲဆန္ဒရှင်များကို ထောက်ထားကာ အမှန်အတိုင်း ဆုံးဖြတ်ချင်ခဲ့သည်။ သို့သော် လုပ်သက်နှင့် အတွေ့အကြုံ အရ တရားခံ ကျူးလွန်သည် ဆိုသည်ကို သံသယ ဝင်လာသည်။ တရားသူကြီး အနေဖြင့် အမှုကလည်း ဆုံးဖြတ်ပြီးခဲ့သည်မှာ ကြာခဲ့ပြီ။ အမှုကို ပြန်ပြင်ရန်ကလည်း သူမ အနေဖြင့် မတတ်နိုင်ခဲ့။ သည်တော့လည်း ဘာလုပ်မည်လဲလေ။ ဆန်ရော၊ ဂျူနီယာရော မရှိတော့။ ကက်စီနိုလည်း ထောင်နိုင်ပြီ။ မိမိလည်း အဆင်ပြေနေသည်လေ။

အမှန်က ဂျူနီယာ သတ်သည် မဟုတ်၊ ဗွန်း၏ ဂိုဏ်းသား တစ်ယောက်က ဆန် ရာဇကိုနှင့် အိလင်း မာစီတို့ကို သတ်ခဲ့ခြင်း ဖြစ်သည်။ နောက်ပြီး ထောင်ကျ သတင်းပေး နှစ်ယောက်ကိုလည်း တစ်စုံတစ်ယောက်က လက်စဖျောက်ခဲ့


mgyoe.com

mgyoe.com SAMPLE BOOK
ခြင်း ဖြစ်သည်။ ကလော်ဒီယာမှာ အပေါ်ယံ ဟန်ဆောင်နေရသော်လည်း ဗွန်း ဒူဘို့နှင့် အပေါင်းပါများကို ကြောက်နေခဲ့သည်။ ကျန်ခဲ့သည့် ဆယ်နှစ်ခန့်က သူတို့ နှစ်ယောက် ခွန်းကြီးခွန်းငယ် စကား များကြသည်တွင် မိမိ တစ်စုံတစ်ခု ဖြစ်ပါက သူ့အကြောင်းတွေ ဖော်ထုတ်မည်ဟု သူမ ခြောက်ထားခဲ့သည်။

သည်လိုနှင့် သူတို့ နှစ်ဦး တစ်ယောက်ကို တစ်ယောက် စိတ်မချဘဲ ကိုယ်တာဝန်ကိုယ် လုပ်ကာ အဆင်ပြေအောင် နေလာခဲ့ကြသည်။ သူမတွင် ကက်စီနိုကို အပြစ် ရှာကာ ပိတ်ပစ်ရန် အမိန့်စာ ထုတ်နိုင်သည့် အာဏာ ရှိနေသည်လေ။ သည်လို လုပ်ရဲကြောင်း သူ့ကို ပြထားသည်။ သူကတော့ မကောင်းမှု အလုပ်တွေကို ဦးဆောင် လုပ်နေပြီး တက်ပါကိုလာ လူမျိုးတွေကို စည်းရုံးထားနိုင်သည်။ သည်လိုနှင့် သူတို့ နှစ်ယောက်စလုံး တစ်လထက် တစ်လ ပိုချမ်းသာလာနေကြသည်။ သည်လောက် များသည့် ငွေတွေကြောင့် သူတို့ နှစ်ယောက် တစ်ယောက်ကို တစ်ယောက် မယုံသင်္ကာနှင့် သင့်မြတ်နေသည်မှာ အံ့စရာ။

နှစ်ယောက်သား အေးမြသည့် အိမ်အတွင်းပိုင်းတွင် ထိုင်ကာ ယမကာ ကိုယ်စီ သောက်ရင်း လူသူ ကင်းသည့် ဂေါက်ကွင်းကို ကြည့်လျက် မိမိတို့ ချမ်းသာမှု အတွက် အတွေး ကိုယ်စီနှင့် ရှိနေကြသည်။

သူမက 'မြောက်ပိုင်း သဲတောင်ကုန်း မြေနေရာတွေ အခြေအနေကရော ဘယ်လိုလဲ'

ဗွန်းက 'အဆင်ပြေတော့မှာပါ၊ နောက်အပတ် ဆိုရင် မြေယာ ဘုတ်အဖွဲ့ အစည်းအဝေး ရှိတယ်၊ ခွင့်ပြုကြမယ်လို့ မျှော်လင့်ရတယ်၊ နှစ်လ အတွင်း ကျွန်တော်တို့ မြေတွေ ရှင်းမယ်'

မြောက်ပိုင်း သဲတောင်ကုန်း ဆိုသည်မှာ ဗွန်း၏ နောက်ဆုံး တိုးချဲ့သည့် ဂေါက်ကွင်း ဧရိယာ ဖြစ်သည်။ ၃၆ ကျင်း ဖြစ်သည်။ ရေကန်တွေ၊ ကွန်ဒို လှလှလေးတွေ၊ ခမ်းနားသည့် စံအိမ်တွေ၊ အားကစားကွင်းတွေ အထိ ပါမည်။ ပင်လယ် ကမ်းခြေနှင့်လည်း တစ်မိုင်သာ ဝေးသည်။

'ကြိုးကြပ်ရေးမှူးတွေကရော တစ်သဘောတည်း ရှိလား' ကလော်ဒီယာက မေးသည်။ မမေးအပ်သည့် မေးခွန်း။ သူမ တစ်ယောက်တည်းကိုသာ ဒူဘို့ လာဘ်ထိုးနေသည် မဟုတ်။

'လေးယောက်ကတော့ ကျွန်တော်တို့ဘက်က၊ ပိုလေး တစ်ယောက်ကသာ လက်မခံချင်တာ'


mgyoe.com

mgyoe.com SAMPLE BOOK

'သူ့ကို ဘာလို့ ရှင် မရှင်းပစ်တာလဲ'

'မဖြစ်ဘူး၊ သူ ရှိမှလည်း ဖြစ်မှာ၊ ကျွန်တော်တို့ သိပ်ပြီး လွယ်လွယ်ကူကူ ရသွားတာမျိုးလည်း မမြင်စေချင်ဘူး၊ လေးယောက် တစ်ယောက် ဆိုတော့ ကောင်းပါတယ်'

သည်ဒေသတွင် အရာခပ်သိမ်း လာဘ် ပေးရန်ချည်း မလို။ လူမျိုးစုချောင်လည်စေမည်၊ ဒေသတွင်း အခွန်ငွေတွေ တိုးတက် ရရှိပြီး စီးပွားရေးတိုးတက်မည်၊ အလုပ်အကိုင် ပေါများမည်၊ သက်ဆိုင်ရာ အာဏာပိုင်တွေ အရွေးချယ် ခံရအောင် လုပ်ပေးလိုက်နိုင်လျှင် ပြီးသည်။ အစိုးရက ယခင် ဆောက်မပေးသော ကျောင်းများ မှီလို ပေါက်အောင် ဆောက်ပေးနိုင်လျှင် ပြီးသည်။ သည်အကြောင်းတွေကို ဗွန်း ကျွမ်းလာခဲ့သည်မှာ နှစ်ပေါင်း မနည်းတော့။

'တိုးချဲ့ ကွန်ဒိုတွေကရော'

'အဆင်ပြေပါတယ် တရားသူကြီးမင်း၊ ဂေါက်ကွင်းနှင့် အထပ်မြင့်တိုက် ဘယ်ဟာ လိုချင်ပါသလဲ'

'အထပ်က ဘယ်လောက် မြင့်မှာလဲ'

'ဘယ်လောက် မြင့်ချင်ပါသလဲ'

'ကျွန်မက ပင်လယ်ကို လှမ်းမြင်ချင်တယ်၊ ဖြစ်နိုင်မလား'

'ရပါတယ်၊ အခုလည်း ဆယ်ထပ်တိုက်တွေ ရှိနေပြီ၊ မကြာခင် ပင်လယ်ကွေ့ကနေ အကွာအဝေး တစ်ဝက်လောက်ကို ရှင်းနေအောင် မြင်ရတော့မှာပါ'

'ကျွန်မက ပင်လယ် မြင်ကွင်းကို သိပ်သဘောကျတာ၊ အပေါ်ဆုံးထပ် မဟုတ်တောင် အဲဒီလောက် နီးပါးပေါ့'

သူမ၏ ငွေစာရင်း ရှင်းတမ်းထဲတွင် တရားဝင် စီးပွားရေး လုပ်ငန်းအချို့ ပါနေသည်။ ကုန်တိုက် တစ်ခု၊ ရေပန်း ပန်းခြံ တစ်ခု၊ စားသောက်ဆိုင် နှစ်ခု၊ ဟိုတယ်ငယ်ကလေးများ အပြင် မြေမညီရသေးသော မြေရိုင်း အချို့ ဖြစ်သည်။

'နောက်ထပ် သောက်စရာ ထပ်ယူပါဦးလား၊ ကျွန်မတို့ ဆွေးနွေးစရာ နှစ်ခု ရှိတယ်နော်'

'ကျွန်တော် သိပါတယ်' ဗွန်းက ပြောပြီး အရက်ပြင်းများ ထားရာ မီးဖိုခန်းထဲသို့ လာခဲ့သည်။ ထိုအပြင်းများကို ကလော်ဒီယာကတော့ ထိပင် မထိ။ ဗွန်းက အရက်ကို အနည်းငယ် ထည့်ကာ ရေခဲ နှစ်တုံးပါ ထည့်လိုက်ပြီး ပြန်လာကာ 'ပြောပါ'



mgyoe.com

mgyoe.com SAMPLE BOOK

ကလော်ဒီယာက ခက်ခက်ခဲခဲ ပြောရမည် ဖြစ်၍ အသက်ကို ပြင်းပြင်း ရှူလိုက်ရင်း 'ဝီလ်ဆင် ဗန်ဂိုး'

'သူက ဘာဖြစ်လို့လဲ' ဒူဘိုကဲ ဖြတ်မေးသည်။

'နားထောင်စမ်းပါဦး၊ သူ တာဝန် ထမ်းဆောင်လာတာ ၁၄ နှစ် ရှိပြီ၊ အခု ကျန်းမာရေး မကောင်းဘူး ဖြစ်နေတယ်၊ သူ့မှာ ပန်းနာလည်း ရှိတယ်၊ သွေးတိုးလည်း ရှိတယ်၊ စိတ်ပိုင်း ဆိုင်ရာ ရောဂါလည်း ရှိတယ်၊ မသေရုံတစ်မည် အရိုက်အနှက် အထိုးအကြိတ် ခံထားရတဲ့ ဒဏ်ကြောင့် ဦးနှောက်ကိုပါ ထိခိုက်သွားပုံ ရတယ်'

'ကောင်းတာပေါ့'

'သူဟာ ခြေချုပ်နှင့် သုံးနှစ် နေခွင့် ရှိတယ်၊ အခုဆို သူ့မိန်းမကလည်း သားအိမ် ကင်ဆာ ဖြစ်နေတယ်၊ သူတို့ မိသားစု အတော်ကို ဒုက္ခသုက္ခ ရောက်နေတယ်၊ အခြေအနေက အတော် ဆိုးတယ်၊ အဲဒါ တစ်ယောက်ယောက်က ပြည်နယ် အုပ်ချုပ်ရေးမှူးကို သွားပြောတယ်၊ ဗန်ဂိုးရဲ့ ပြစ်ဒဏ်ကို လျှော့ပေါ့ ပေးစေချင်တယ်ပေါ့၊ ဒါက ကျွန်မ သဘောတူမှ ရမှာ'

ဗွန်း၏ မျက်လုံးများ ဒေါသရောင်ဖြင့် အရက်ခွက်ကို ပြန်ချကာ လက်ညှိုး ငေါက်ငေါက် ထိုးလျက် 'အဲဒီ ခွေးမသား ကျွန်တော့် ကုမ္ပဏီ တစ်ခုကနေ ဒေါ်လာ လေးသောင်း ဖြောင်သွားတာ၊ ကျွန်တော်က သူ့ကို ထောင်ထဲမှာ ထပ် အနှိပ်စက်ခံပြီး သေစေချင်နေတာ သိပလား ကလော်ဒီယာ'

'နေစမ်းပါ ဗွန်းရယ်၊ ကျွန်မ သူ့ကို လွှတ်ပေးထားတာက သူရော သူ့မိန်းမရော သေတော့မှာမို့ သနားလို့ပါ၊ စိတ်အေးအေး ထားစမ်းပါ'

'မထားနိုင်ဘူး ကလော်ဒီယာ၊ ဘယ်တော့မှ စိတ်မအေးနိုင်ဘူး၊ သူ ထောင်ထဲ ရောက်သွားလို့ ခေါင်းမှာ အပေါက် ပေါက်မသွားတာ သိပ်ကံကောင်းတယ်၊ မရဘူး၊ ဗန်ဂိုး ဘယ်တော့မှ ထောင်က မလွတ်စေရဘူး'

'ဟုတ်ပါပြီ၊ သောက်မှာသာ သောက်စမ်းပါ၊ အေးအေးဆေးဆေးပေါ့'

'ရပါတယ်၊ ကဲ ဘာပြောစရာ ရှိသေးလဲ'

ကလော်ဒီယာက လက်ဖက်ရည်ကို သောက်ရင်း အချိန် တစ်မိနစ်ခန့် ဆွဲနေလိုက်သည်။ စိတ်ငြိမ်လောက်ပြီ ရှိတော့မှ 'ဒီမယ် ဗွန်း၊ ကျွန်မလည်း အသက် ၅၆ နှစ် ရှိနေပြီ၊ တရားသူကြီး လုပ်လာတာလည်း ၁၇ နှစ် ရှိပြီ၊ ဒီ အလုပ်ကို ကျွန်မ ငြီးငွေ့လာပြီ၊ အခု ဆိုရင် ကျွန်မ သက်တမ်း သုံးဆက် မြောက်ပဲ၊ နောက်နှစ်မှာ ကျွန်မကို ပြိုင်မယ့်လူ မရှိရင် လုပ်သက် ၂၂ နှစ်



mgyoe.com

mgyoe.com
SAMPLE BOOK
ဖြစ်သွားတော့မယ်၊ တော်လောက်ပြီ၊ ဖစ်လစ်ကလည်း အနားယူဖို့ ပြင်ဆင်နေတယ်၊ ကျွန်မတို့ ကမ္ဘာ ပတ်ကြမယ်၊ ကျွန်မကလည်း ဖလော်ရီဒါ ပြည်နယ် စတာလင်မြို့ကို ငြီးငွေ့လှပြီ၊ ဖစ်လစ် ဆိုတဲ့ မိန်းမကလည်း မိုဘိုင်းမြို့မှာ မနေချင်တော့ဘူး၊ ကျွန်မတို့မှာ နောက်ဆွဲထားမယ့် ကလေးသူငယ်လည်း မရှိဘူး၊ ဒီတော့ လျှောက်သွားလို့ ရပြီလေ၊ အင်ဒီးယန်းတွေဆီက ရတဲ့ ငွေတွေနှင့် ကျွန်မတို့မှာ သုံးစရာလည်း ရှိနေပြီ' သူမက စကားကို ရပ်၍ သူ့ကို ကြည့်ကာ 'ရှင် ဘယ်လို ထင်လဲ'

'ကျွန်တော်ကတော့ လက်ရှိ အနေအထားကို ကျေနပ်တယ်၊ ခင်ဗျားမှာ သဘောကျစရာက ခင်ဗျားကို လာဘ်ထိုးဖို့ လွယ်တယ်၊ လာဘ်ပေးလိုက်တာနှင့် ခင်ဗျားက အဲဒီ ငွေကိုလည်း မက်မောတယ်၊ ကျွန်တော်လည်း ဒီလိုပါပဲ၊ ခင်ဗျားနှင့် ကျွန်တော် ကွာတာက ကျွန်တော်ဟာ မွေးရာပါ မဟုတ်တာ လုပ်ချင်တဲ့ကောင်၊ အဲဒီ စိတ်က သွေးထဲမှာကို ပါလာတာ၊ ကျွန်တော်က ငွေကို သမ္မာ အာဇီဝနှင့် ရှာတာထက် ခိုးယူရမှ ကျေနပ်တဲ့ကောင်၊ ခင်ဗျားကတော့ ဒီလို မဟုတ်ဘူး၊ သန့်တယ်၊ ဒါပေမဲ့ မဟုတ်တာ လုပ်ဖို့ စည်းရုံးတဲ့ အခါမှာတော့ ခပ်လွယ်လွယ် ပါလာတယ်'

'ကျွန်မလည်း ခြောက်ပြစ်ကင်းတော့ မဟုတ်ပါဘူး၊ ကျွန်မလည်း ကျွန်မ ခင်ပွန်းဟောင်း အပေါ် အာဃာတ ကြီးနေပြီး သူ့ကို သိက္ခာ ကျအောင် လုပ်ချင်စိတ် ပြင်းပြနေတာ၊ သူ့ကို လက်စားချေချင်နေကတည်းက ကျွန်မစိတ် ဘယ်သန့်တော့မလဲ'

'ကျွန်တော် ပြောချင်တာက ကျွန်တော် နောက်ထပ် စည်းရုံးလို့ ရမယ့် တရားသူကြီးမျိုး ထပ်တွေ့ချင်မှ တွေ့တော့မှာ'

'ရှင်လိုချင်တာက တကယ် ဒါပဲလား၊ ကျွန်မ မရှိရင် ကက်စီနိုက ရသမျှ ရှင် အကုန် ရမှာလေ၊ ဘယ်သူ့ကိုမှ ရှင် ပေးစရာ မလိုတော့ဘူးပဲ၊ နိုင်ငံရေး ပိုင်းက လူတွေကိုလည်း ရှင် ပိုင်တာပဲ၊ ဒီခရိုင် တစ်ဝက်လောက်ကိုလည်း ရှင် မြေညှိထားပြီးပြီ၊ အကျိုးအမြတ်တွေလည်း ဒလဟော ရနေပြီ၊ ရှင် ငွေ ပေးထားရတဲ့ တရားသူကြီး မလိုဘူး ဆိုတာ အသိသာကြီးပါ၊ ကျွန်မကတော့ ဒီအလုပ်ကို ငြီးငွေ့နေပြီ၊ ရှင့်ကို ပြောရတာတော့ မကောင်းပါဘူး၊ ကျွန်မ သန့်သန့်ရှင်းရှင်း နေသွားချင်ပြီ'

'သန့်သန့်ရှင်းရှင်း ဆိုတာ ငွေနှင့် ပတ်သက်လို့လား၊ ကိလေသာနှင့် ပတ်သက်လို့လား'


mgyoe.com

mgyoe.com SAMPLE BOOK

'ငွေနှင့် ပတ်သက်လို့ပေါ့ အကောင်ရဲ့' သူမက ရယ်ကြဲကြဲနှင့်။

ဗွန်းက ပြုံးလျက် ဖော်ဒကာ အရက်ကို တစ်စုပ် သောက်လိုက်သည်။ သူမ၏ အကြံအစည်ကိုလည်း သဘောကျနေမိ၏။ ကျွေးစရာ ပါးစပ်ကြီးကြီး တစ်ပေါက် လျော့သွားတော့မည်လေ။ 'ဟုတ်ပြီ' သူက ပြောလိုက်သည်။

'ကျွန်မ မဆုံးဖြတ်ရသေးပါဘူး၊ ရှင့်ကို သိအောင် ပြောထားတာ၊ ကျွန်မ တစ်ခုလပ်မလို့ အခေါ်ခံနေရတာနှင့် လူတွေကို ထောင်ထဲ ပို့နေရတာကို ကျွန်မ ငြီးငွေ့လှပြီ၊ ဒါကို ကျွန်မ ဖစ်လစ်က လွဲလို့ ဘယ်သူ့ကိုမှ မပြောပြသေးဘူး'

'ခင်ဗျားရဲ့ လျှို့ဝှက်ချက်နှင့် ပတ်သက်လို့ ကျွန်တော့်ကို ယုံပါ တရားသူကြီးမင်း' ထို့နောက် ဗွန်းက မတ်တတ် ထရပ်လိုက်ပြီး 'ကျွန်တော် သွားတော့မယ်၊ နောက်လလည်း ပုံမှန် အချိန်ပဲနော်'

'အင်း'

ပြန်ထွက်လာတော့ ဝင်လာစဉ်က သူ ယူလာသည့် လက်ဆွဲအိတ်နှင့် ဆင်တူ အခြား အိတ်တစ်လုံးကို ကောက်ယူလာခဲ့သည်။ သည်အိတ်ကတော့ ပေါ့ပေါ့လေး။



mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၇

ကြားနာမည်ကတော့ ကူးလေး ဟူ၏။ ယခင်ကတော့ သူလည်း ရှေ့နေ တစ်ယောက်ပင်။ သို့သော် သူ ရှေ့နေ ဘဝက ထွက်သည်မှာ သူ့သူငယ်ချင်း ဂရက် မိုင်ယာလောက် လူသိရှင်ကြား မဖြစ်ခဲ့။ ကူးလေးက သူ့ကိစ္စ လူတွေ သိပ်မသိခင် ဂျော်ဂျီယာ ပြည်နယ်၌ အယူခံဝင်ကာ ရှေ့နေ လိုင်စင် ပြန်အပ်ခဲ့ခြင်း ဖြစ်သည်။ ထိုလိုင်စင် ပြန်ရအောင် လျှောက်ထားရန်လည်း စိတ်ကူး မရှိ။

သူတို့ တောင်ပိုင်း ပင်လယ် ကမ်းခြေရှိ ပီလီကင် ဟိုတယ် တိတ်ဆိတ်သော ခြံဝင်းထဲတွင် တွေ့ခဲ့ကြသည်။ မြေကွက်လပ်ငယ်ကလေးတွင် ယမကာ ကိုယ်စီနှင့် နောက်ဆုံး ရသည့် စာရွက်စာတမ်းများကို ဖတ်နေကြသည်။

ကနဦး စာရွက်များမှာ ကလော်ဒီယာ မက်ဒိုဗာ လွှန်ခဲ့သည့် ခုနစ်နှစ် အတွင်း ခရီး သွားခဲ့သည့် အရပ်၊ နေ့စွဲ၊ ရောက်သည့် နေရာတွင် ကြာချိန် စသည်တို့ ဖြစ်သည်။ ထိုမိန်းမသည် ခရီး သွားရန် အလွန် ဝါသနာပါကာ သီးသန့် ဂျက်လေယာဉ်ဖြင့် စမတ်ကျကျ သွားတတ်သည်။ ဂျက်လေယာဉ် ငှားသည်ကတော့ သူမ နာမည်နှင့် တစ်ခါမျှ မငှား။ ထိုသို့ ငှားသည့် ကိစ္စ အဝဝကို သူမ၏ ရှေ့နေမ ဖစ်လစ် တာဘန်က အကုန် ဆောင်ရွက်ပေးသည်။ လေယာဉ်ကို မိုဘိုင်း မြို့ရှိ လေကြောင်း ခရီးသွား ကုမ္ပဏီ နှစ်ခုကသာ ငှားသည်။

ကလော်ဒီယာ တစ်လကို အနည်းဆုံး တစ်ခါ ခရီး သွားသည်။ ပင်ဆာကိုလာမြို့ သို့မဟုတ် ပနားမား မြို့သို့ ကားဖြင့် သွားကာ ထိုနေရာကျမှ လေယာဉ်ပေါ် တက်ခြင်း ဖြစ်သည်။ ဖစ်လစ်က အသင့် စောင့်နေပြီး စနေ၊ တနင်္ဂနွေ ဆိုလျှင် နယူးယောက် သို့မဟုတ် နယူးအော်လင်းသို့ သွားကြသည်။ ခရီးတွင် သူတို့ ဘာလုပ်သည်ကို မသိရ။ သို့သော် ပဋမံကတော့ သိနေသည်။



mgyoe.com

mgyoe.com SAMPLE BOOK

နေ့ရာသီ ဆိုလျှင် ကလော်ဒီယာ စင်ကာပူတွင် နှစ်ပတ်ခန့် သွားနေတတ်သည်။ စင်ကာပူတွင် သူမ အိမ်တစ်လုံး ရှိမည်ဟု ယုံကြည်ရသည်။ ထိုသို့သော ခရီးရှည်များ ဆိုလျှင် အမေရိကန် လေကြောင်းဖြင့် သွားတတ်ပြီး အထက်တန်းခန်းမှ လိုက်ပါတတ်သည်။ ဘာဘေဒိုသို့ တစ်နှစ်လျှင် သုံးခါ သီးသန့် ဂျက်လေယာဉ်ဖြင့် သွားတတ်သည်။ စင်ကာပူနှင့် ဘာဘေဒို ခရီးများတွင် ဖစ်လစ် ပါ မပါ မသိရ။

ပဥ္စမံက တစ်ခါသုံး ဖုန်းဖြင့် မိုဘိုင်းမြို့ရှိ ဖစ်လစ် တာဘန်၏ ရုံးခန်းသို့ အကြိမ်ကြိမ် ဆက်ကြည့်သည်။ ထိုသို့ ဆက်ကြည့်ရာမှ ကလော်ဒီယာ လေယာဉ်ပေါ် တက်ချိန်တွင် ဖစ်လစ် သူမ ရုံးတွင် မရှိကြောင်း တွေ့ရသည်။ တရားသူကြီး ပြန်ရောက်လျှင် ရှေ့နေမလည်း ပြန်ရောက်နေသည်ကို တွေ့ရသည်။

မှတ်တမ်းထဲတွင် ပဥ္စမံက ရေးထားသည်မှာ 'လစဉ် ပထမ ဗုဒ္ဓဟူးနေ့တိုင်း ကမ (ကလော်ဒီယာ မက်ဒိုဗာ) ခါတိုင်းထက် စော၍ ရုံးဆင်း။ ယုန်ပြေးမှာရှိ သူ့ကွန်ဒိုသို့ ကားနှင့် သွား။ အစက သူ ဘယ်ကို သွားသည် မသိ။ နောက်ပိုင်း သူ့ကား ဘန်ပါမှာ ဂျီပီအက်စ် ကိရိယာ တပ်ထားတော့မှ သိရခြင်းဖြစ်။ ကွန်ဒိုက အမှတ် ၁၆၁၄ ဒီ ဂေါက်ကွင်း ကားလမ်းဘေး။ ဘရန်းဆွစ်ခရိုင် မှတ်တမ်း အရ ကွန်ဒိုမှာ နှစ်လက် ပြောင်းခဲ့ပြီး နောက်ဆုံး ဘဲလိုက်မြို့မှာ မှတ်ပုံတင်ထားသည့် ကုမ္ပဏီ ပိုင်နေကြောင်း သိရ။ ကွန်ဒိုကို သွားပြီး ကက်စီနိုမှ ရငွေများကို လက်ခံယူသည်မှာ ထင်ရှား။ ထိုငွေ အကုန် သို့မဟုတ် အချို့ကို ယူကာ လေယာဉ်ဖြင့် ခရီး ထွက်။ ထိုငွေတွေကို ရွှေ ငွေ စိန် စသည်တို့ အဖြစ် လဲထားသည်ဟု ယူဆရ။ နယူးယောက်နှင့် နယူးအော်လင်းမှာ ထိုသို့ လဲပေးသည့် ပွဲစားတွေ ရှိ။ စိန်နှင့် လက်ဝတ် ရတနာများက ပြည်ပသို့ ထုတ်ယူသွားရန် လွယ်ကူ။ ငွေကိုလည်း ပါဆယ် ထုပ်ပြီး ညတွင်းချင်း ပြည်ပသို့ ထုတ်ယူသွားရန် ဖြစ်နိုင်။ အထူးသဖြင့် ကာရေဘီယံ ပင်လယ်မှ တစ်ဆင့်'

ဂရက် မိုင်ယာက 'ဒီတွက်ကိန်းတွေကို ကျွန်တော်တော့ သိပ်မကြိုက်ဘူး၊ သူ ဘယ်လောက် အထိ တကယ် သိတာလဲ'

ကူးလေးက 'ခင်ဗျားက နောက်နေပြန်ပြီ၊ ဒီမှာ ခရီးသွား မှတ်တမ်းတွေကို ကြည့်ပါလား၊ ခုနစ်နှစ် အတွင်း သွားတဲ့ နေရာတွေက ပုံသေတွေ၊ နောက်ပြီး ဒီငနဲက ငွေခဝါချ လုပ်ငန်းကိုလည်း ကျွမ်းနေပုံ ရတယ်'

mgyoe.com

mgyoe.com SAMPLE BOOK

'ငနဲလား၊ ယောကျ်ားပေါ့'

'ယောကျ်ားလား မိန်းမလား ဆိုတာ အရေးမကြီးပါဘူး'

'ယောကျ်ား ဖြစ်စေ၊ မိန်းမ ဖြစ်စေ သူကတော့ ကျုပ် အမှုသည်ပဲ'

'ဒါတွေ ထားစမ်းပါ ဂရက်ရယ်၊ ကျုပ်တို့ နားလည်ထားတာ တစ်ခု ရှိတယ်'

'သူ ဒီလောက်တောင် သိနေပုံ ထောက်ရင် သူဟာ တရားသူကြီးရဲ့ ရုံးနှင့် နေ့စဉ် အဆက်အသွယ် ရှိနေပုံပဲ၊ အတွင်းရေးမှူးမနှင့်လည်း ဖြစ်ချင် ဖြစ်မယ်'

'ကျုပ်ကိုတော့ တစ်ခါက သူ ပြောဖူးတယ်၊ မက်ဒိုဗာဟာ သူ့အတွင်းရေးမှူးမတွေကို တစ်နှစ်ပဲ ထားပြီး အလုပ် ဖြုတ်ပစ်တယ်တဲ့၊ မရိုပ်စားမိအောင် လို့ပေါ့၊ ပဋ္ဌမံလည်း ကြောက်ကြောက်နှင့် နေနေရတာ၊ ဒါထက် ခင်ဗျား စွဲချက်တွေ တင်ပြီးပြီလား'

'ပေးလိုက်ပြီ၊ အဲဒါကို သူတို့ စုံစမ်းကြည့်နေတယ်၊ သူတို့ အဘွားကြီးကို နည်းလမ်းတကျ ကိုင်ကြလိမ့်မယ်၊ ဒီကိစ္စ ပေါ်သွားရင် ဘယ်လို ဖြစ်မလဲ ကြည့်ရအောင်၊ သူ့အဖွဲ့ ပြိုသွားပြီ ဆိုတာနှင့် မက်ဒိုဗာ ဘယ်လောက် အထိ အလန့်တကြား ဖြစ်သွားမယ်လို့ ခင်ဗျား ထင်လဲ'

'ဒီမိန်းမကြီးကတော့ ဖြုမယ် မထင်ဘူး၊ သူက သွေးအေးတယ်၊ လည်တယ်' ကူးလေးက ပြောနေသည်။ သူက ဆက်၍ 'သူ့ရှေ့နေတွေဆီ သူ ဖုန်းဆက်မယ်၊ ရှေ့နေတွေက ပြင်ဆင်ကြမယ်၊ ဒူဘိုဲ့ဆီလည်း သူ ဖုန်းဆက်မယ်၊ ဒီတော့ ဒူဘိုဲ့က လှည့်ရမ်းတော့မယ်၊ စွဲချက် တင်တာက ခင်ဗျား နာမည်ကြီးနှင့်နော်၊ ဘယ်လို လုပ်မလဲ'

'ကျုပ်နာမည်က ခြေရာခံဖို့ မလွယ်ပါဘူး၊ နောက်ပြီး ကျုပ်က မက်ဒိုဗာနှင့်ရော ဒူဘိုဲ့နှင့်ရော တွေ့ဖူးတာ မဟုတ်ဘူးလေ၊ သူတို့ ကျုပ်ကို မသိကြဘူး၊ ဒီနိုင်ငံမှာ ဂရက် မိုင်ယာ ဆိုတဲ့ နာမည်နှင့် လူပေါင်း ၁၈၀၀ ရှိတယ်၊ သူတို့ အားလုံးမှာ အိမ်လိပ်စာ၊ ဖုန်းနံပါတ်၊ မိသားစုနှင့် အလုပ်အကိုင်တွေ ရှိကြတယ်၊ ဘယ်က စပြီး ရှာရမှန်း ဒူဘိုဲ့ သိမှာ မဟုတ်ဘူး၊ နောက်ပြီး ကျုပ်နောက်ကို လိုက်နေပြီလို့ အရိပ်အယောင် တွေ့တာနှင့် မော်တော်ဘုတ်ကို မောင်းပြီး ပင်လယ်ထဲမှာ ကိုယ်ယောင် ဖျောက်နေလိုက်မှာ၊ ကျုပ်ကို သူ ဘယ်တော့မှ ရှာတွေ့မှာ မဟုတ်ဘူး၊ ပဋ္ဌမံကရော ဘာကြောက်နေစရာ လိုလဲ၊ သူ့နာမည်ကို လုံးဝ သုံးမှာမှ မဟုတ်ဘဲ'



mgyoe.com

mgyoe.com SAMPLE BOOK

'ဒါတော့ မပြောတတ်ဘူး ဂရက်ရယ်၊ သူဟာ အကြမ်းဖက် ဒုစရိုက်လောက အကြောင်းကို ကောင်းကောင်း မသိတဲ့ လူလည်း ဖြစ်ချင် ဖြစ်နေမှာ၊ မက်ဒိုဇာရဲ့ လုပ်ရပ်တွေကို လိုက်ရင်း သူ့အတွက် အန္တရာယ် ရှိလာနိုင်တယ်လို့ စိတ်ပူနေချင် နေမှာ'

ဂရက်က 'အဲဒါဆိုလည်း သိပ်နောက်ကျသွားပြီ၊ စွဲချက်တွေက ပေးလိုက်ပြီ၊ လမ်းကြောင်း အတိုင်း သွားနေပြီ'

'ဒါတွေကို ခင်ဗျား မကြာခင် သုံးတော့မှာလား' ကူးလေးက စာရွက်အချို့ကို ကိုင်ပြကာ ပြောသည်။

'မသိသေးဘူး၊ စဉ်းစားရဦးမယ်၊ ဒါတွေက တရားသူကြီးဟာ အဖော်ခေါ်ပြီး သီးသန့် ဂျက်လေယာဉ်နှင့် ခရီး သွားတတ်တယ် ဆိုတာကို သက်သေပြဖို့ပဲ၊ ဒါပေမဲ့ မက်ဒိုဇာရဲ့ ရှေ့နေတွေက အဲဒီ ကုန်ကျစရိတ်တွေကို ဖစ်လစ်က ရှင်းသွားတာမို့ ဒါကို အပြစ်လို့ ယူဆလို့ မရဘူး ဆိုပြီး ငြင်းသွားနိုင်တယ်၊ နောက်ပြီး မက်ဒိုဇာရဲ့ တရားရုံးမှာ ဖစ်လစ်ရဲ့ အမှု လက်ကျန် အကြွေး မရှိဘူး၊ ကဲ ဘာအပြစ် ပြောလို့ ရမလဲ'

'ဖစ်လစ် ဘာတန်ဟာ မိုဘိုင်း မြို့မှာ လုပ်ငန်းငယ် တစ်ခု ထောင်ထားတယ်၊ သူက ကြေးကြီးကြီး သေတမ်းစာတွေ လုပ်ပေးနေတာ၊ ကျုပ် ပြောရဲတယ်၊ အဲဒီ လုပ်ငန်းကနေ သူ တစ်နှစ်ကို ဒေါ်လာ သန်း ၁၅၀ လောက် ဝင်နေတယ်၊ သူတို့ ဂျက်လေယာဉ် ငှားတာက တစ်နာရီကို ဒေါ်လာ သုံးထောင်ကျတယ်၊ သူတို့ တစ်နှစ်ကို နာရီ ရှစ်ဆယ်လောက် လေယာဉ် ငှားတာ၊ တွက်ကြည့်လေ၊ လေယာဉ် ငှားစရိတ်ချည်းပဲ ဒေါ်လာ နှစ်သိန်းခွဲလောက် ရှိတယ်၊ ဒါတောင် ကျုပ်တို့ သိတာပဲ ရှိသေးတယ်၊ မက်ဒိုဇာရဲ့ လစာက ဒေါ်လာ ၁၄၆၀၀၀၊ ဒီလစာနှင့် လေယာဉ်ဆီဖိုးတောင် တတ်နိုင်မှာ မဟုတ်ဘူး'

'ဖစ်လစ် တာဘန်ကို စုံစမ်းတာတော့ မရှိသေးဘူး၊ သူ့ကိုလည်း စုံစမ်းထောက်လှမ်းသင့်တယ်၊ ဒီအမှုကနေ ကျုပ်တို့ ငွေရဖို့ ဆိုရင် တရားသူကြီးကို ချည်ပြီးတုပ်ပြီး ဖြစ်အောင် လုပ်ရလိမ့်မယ်'

'ဟုတ်တယ်'

'ခင်ဗျား ပဋ္ဌမံနှင့် ဘယ်နှခါ တွေ့သလဲ' မိုင်ယာက မေးလိုက်သည်။

'ခဏ ခဏတော့ မတွေ့ဘူး၊ ခုတလော သူလည်း အတော် သတိထားနေတယ်၊ အတော်လည်း ကြောက်နေတယ်'

'ဒါဆိုလည်း ဘာလို့ ဒါကို လုပ်နေတာလဲ'



mgyoe.com

mgyoe.com SAMPLE BOOK

'မက်ဒီဗာကို မကျေနပ်လို့၊ ငွေလည်း လိုချင်လို့ပေါ့၊ ဒီအမှုကနေ ကျုပ်တို့ ချမ်းသာနိုင်တယ်လို့ ကျုပ်ကလည်း သူ့ကို ပြောထားတယ်လေ၊ ကျုပ်တို့ ထဲကနေ မသေကြပါစေနှင့်လို့ပဲ ကျုပ် ဆုတောင်းနေတယ်'

လေစီမှာ ဖလော်ရီဒါ တက္ကသိုလ် ဝင်းခြံ အနီးမှ အိပ်ခန်း နှစ်ခန်းပါ တိုက်ခန်း တစ်ခုတွင် နေထိုင်သည်။ အိမ်မှ ငါးမိနစ်ခန့် ကားမောင်းသွားလိုက်သည်နှင့် ရုံးသို့ ရောက်သည်။ အဖေ ထားခဲ့သော အာမခံ ငွေကို အမေက ပေးသဖြင့် သည်တိုက်ခန်းကို လေစီ ဝယ်နိုင်ခဲ့ခြင်း ဖြစ်သည်။ မိဘ အမွေမှာ သည်မျှနှင့် ပြီးမည်ဟု လေစီ ထင်သည်။ ဖခင် ဆုံးသွားသည်မှာ ငါးနှစ် ရှိပြီ။ မိခင် အန်း စတို့ဗ်ကတော့ အသက် ကြီးလာလေ ကပ်စေးနှဲလေ။ အမေကလည်း အသက် ခုနစ်ဆယ် နီးနေပြီ။ အမေသည် ကားကို သူမ အိမ်မှ ငါးမိုင်ထက် ပိုမမောင်းတော့သဖြင့် သားအမိ နှစ်ယောက် အတွေ့ နည်းလာခဲ့ကြသည်။

လေစီတွင် အဖော် ဆို၍ ဖရန့်ကီသာ ရှိသည်။ ပြင်သစ် ခွေးဘီလူးကလေး ဖြစ်သည်။ အသက် ၁၈ နှစ် အရွယ် တက္ကသိုလ်က ထွက်ကတည်းက သူမ ဘယ်ယောကျ်ားနှင့်မျှ အတူ မနေခဲ့။ နေဖို့လည်း အားမထုတ်ခဲ့။ နောက်ဆယ် နှစ် ကြာသော အခါ သူမ တကယ် ချစ်သော လူတစ်ယောက်နှင့် တွေ့ကာ အတူ နေထိုင်ခဲ့သည်။ သို့သော် နောက်တော့ သူက အိမ်ထောင်ရှိ မိန်းမ တစ် ယောက်နှင့် လိုက်ပြေးသွားသည်။ သူက သည်လိုမျိုး ပြဿနာလေးတွေ လုပ် ရမှ ကျေနပ်တတ်သည်မျိုး။

အသက် ၃၆ နှစ် ရောက်ပြီ ဆိုတော့ လေစီလည်း ခုတင်တွင် တစ် ယောက်တည်း ဆန့်ကားကာ အိပ်ရသည်ကို ကျေနပ်လာသည်။ ကိုယ့်ငွေ ကိုယ် ရှာ၊ ကိုယ့်ဟာကိုယ်သုံး၊ သွားချင်ရာ သွား၊ လာချင်ရာ လာ၊ နောက်ဆံတင်း စရာ မလိုဘဲ ကိုယ့်အလုပ် ကိုယ်လုပ်၊ ညနေကျတော့လည်း မည်သူ့ကိုမျှ ငံ့ နေစရာ မလို၊ ချက်ချင် ချက်၊ မချက်ချင် နေ။

သူမ၏ မိန်းကလေး သူငယ်ချင်း သုံးပုံတစ်ပုံမှာလည်း ငယ်ငယ်ရွယ်ရွယ် နှင့် တစ်ခုလပ် ဖြစ်နေသူတွေ။ စိတ်ဒဏ်ရာတွေ ကိုယ်စီနှင့် ဘယ်ယောကျ်ား နှင့်မျှ ခဏမျှပင် မပတ်သက်လိုသူတွေ။ နောက်သုံးပုံတစ်ပုံကလည်း စိတ်မချမ်း သာစရာ အိမ်ထောင်မှ ရုန်းမထွက်နိုင်ကြသူတွေ။ ကျန်သူငယ်ချင်းများကတော့ အချစ်ရေး အဆင်ပြေကြသည်။ အလုပ် ရှိသူရှိ၊ ကလေး ရသူလည်း ရကြ။

mgyoe.com

mgyoe.com
SAMPLE BOOK

လေစီ ဘာမဆို ချင့်ချိန် တွက်ချက်နေရသည်ကို မကြိုက်။ သင့်တော်သည့် ယောကျ်ား မတွေ့သေး၍ သူမ မပျော်နိုင် ဖြစ်နေသည်ဟု လူတွေ ထင်နေမည်ကိုလည်း သူမ မကြိုက်။ မိမိ ဘဝကို ဘာကြောင့် မိမိနှင့် လက်ထပ်သူက ဆုံးဖြတ်ရမည်နည်း။ မိမိကိုယ်ကို အထီးကျန် ဖြစ်နေသည်ဟု မခံယူလို။ ထိုသို့သော မိမိ၏ ကိုယ်ရေးကိုယ်တာကို ဆွေမျိုးများ လာစပ်စုသည်ကိုလည်း မကြိုက်။ အထူးသဖြင့် အမေနှင့် အမေ့ ညီမ အန်း ထရူဒီတို့ ဖြစ်သည်။ သူတို့ နှစ်ယောက်စလုံး မိမိနှင့် စကား ပြောတိုင်း သင့်တော်သည့်လူ မတွေ့သေးဘူးလား ဆိုသည်ကို မမေးဘဲ မပြီး။

'ကျွန်မက သင့်တော်တဲ့လူ ရှာနေလို့လား' ဟူ၍ လေစီ ပြောပစ်လိုက်မိသည်။ သည်လိုမျိုး ပြောနေရ၍ အမေနှင့် အဒေါ်ကို မဆုံချင်ခြင်း ဖြစ်သည်။ မိမိ တစ်ယောက်တည်း နေရသည်မှာ စိတ်ချမ်းသာသည်။ မည်သည့် မစ္စတာ သင့်တော်ကိုမျှ မရှာချင်။ အမေက ဖြေသိမ့်နေရသည့် မုဆိုးမ။ အဒေါ်ကလည်း လင်ဆိုးမယား။ သို့သော် သူတို့က သူတို့ ဘဝ သာယာနေသည်ဟု ထင်နေကြသည်။

သြော် တစ်ယောက်တည်း နေရတာများ လူတွေရဲ့ အမျိုးမျိုး အထင်ခံရပါလားနော်။

ကဖိန်းဓာတ် မပါသည့် ရေနွေးကြမ်း နောက်တစ်ခွက် ထည့်လိုက်ရင်း ကြည့်ခဲ့ဖူးသည့် ရုပ်ရှင်ကား တစ်ကားကို အမှတ်ရမိ၏။ ညဆယ်နာရီ ထိုးတော့မည်။ သီတင်းပတ် ကြားရက် ဖြစ်သဖြင့် အိပ်မှ ဖြစ်မည်။ ဆက်ဒဲလီက မှတ်တမ်း နှစ်ခု အီးမေးဖြင့် ထပ်ပို့လိုက်သည်။ လေစီက အိပ်ရင်း ဝတ်သည့် ဘောင်းဘီပွ (ပဂျားမား) ကို မလဲမီ မှတ်တမ်းများအား တစ်ချက် ကြည့်လိုက်မည်ဟု ဆုံးဖြတ်လိုက်၏။ ဆက်ဒဲလီ၏ မှတ်တမ်းများမှာ အိပ်ဆေးထက် ထိရောက်ကြောင်း အတွေ့အကြုံ အရ လေစီ သိနေသည်လေ။

ခပ်ပါးပါး မှတ်တမ်းတွင် ခေါင်းစဉ်က 'တက်ပါကိုလာ လူမျိုးစု၏ အချက်အလက်နှင့် ကိန်းဂဏန်းများ' ဟု တပ်ထားပြီး အောက်တွင်-

လူဦးရေ - အတိအကျ မသိရ။ အမေရိကန် ဒေသခံ လူမျိုးစု ဖြစ်သည်။ (သူတို့ကိုယ် သူတို့တော့ အင်ဒီးယန်း လူမျိုးဟု ခံယူကြသည်။) အင်ဒီးယန်း ရေးရာ ဗျူရို၏ မှတ်တမ်း အရ လူဦးရေ ၂၀၀၀ ပြည့်နှစ်တွင် ၄၀၂ ဦး ရှိခဲ့ရာမှ ၂၀၁၀ ပြည့်နှစ်တွင် ၄၄၁ ဦး ရှိလာသည်ဟု ဆိုသည်။ ကက်စီနို လုပ်ငန်းကြောင့် ချောင်လည်လာကြသည် ဖြစ်၍ တက်ပါကိုလာ လူမျိုးစု ဖြစ်ချင်

mgyoe.com

mgyoe.com SAMPLE BOOK

သူ များလာရာမှ လူဦးရေ တိုးပွားလာခြင်း ဖြစ်သည်။ ယင်းမှာ အမြတ်ခွဲဝေမှုဟု ခေါ်သော ထောက်ပံ့ကြေးများကြောင့် ဖြစ်သည်။ အသက် ၁၈ နှစ်နှင့် အထက် ဆိုလျှင် လစဉ် ဒေါ်လာ ငါးထောင် ရသည်။ လူမျိုးစု အစီရင်ခံစာ မရှိသဖြင့် ယင်းကို အတည်ပြုနိုင်ခြင်းတော့ မရှိ။ အမျိုးသမီး တစ်ယောက် အိမ်ထောင်ပြုလျှင် ထောက်ပံ့ငွေကို တစ်ဝက် ဖြတ်သည်။

အမေရိကန်တွင် အသိအမှတ်ပြု အလားတူ လူမျိုးစုပေါင်း ၅၆၂ စု ရှိရာ ကက်စီနို ထောင်သူ နှစ်ရာသာ ရှိသည်။ အသိအမှတ်ပြု ခံလိုသူ အခြား လူမျိုးစု ၁၅၀ ခန့်လည်း ရှိသေးသည်။ ထိုသို့ အသိအမှတ်ပြု ခံလိုသည်မှာ ကက်စီနို ထောင်လို၍ ဖြစ်သည်ဟုလည်း ဝေဖန်နေကြသည်။ အင်ဒီးယန်း လူမျိုးအများစုမှာ ထိုအကျိုးကို မခံစားရဘဲ ဆင်းရဲနေကြရသည်။

မှတ်တမ်းမှာ စိတ်ဝင်စားစရာ ကောင်းသော်လည်း လေစီ အိပ်ချင်လာသည်။ ထို့ကြောင့် ညဝတ် ဘောင်းဘီကို လဲကာ မအိပ်မီ ရေချိုးခန်းထဲ ဝင်ကာ ပြုဖွယ်ရာများကို ပြုသည်။ ရေချိုးခန်း တံခါးကို ဖွင့်လျက်သား လုပ်ကိုင်နေသည်။ တစ်ယောက်တည်း ရှိနေသည်မို့ မည်သူ့ကိုမျှ ရှက်နေရလည်း မရှိ။ ည ၁၁ နာရီ ထိုးခါနီး သူမ အိပ်ပျော်လု အချိန်တွင် ဖုန်းဝင်လာသည်။ ဟူဂို ထံမှ ဖြစ်၏။ သူက ထုံးစံ အတိုင်း အမောတကြီးနှင့်။

'ဘာအပူတိုက်ဦးမလို့လဲ' လေစီက မေးလိုက်သည်။

'မဟုတ်ပါဘူး၊ ကျုပ်တို့ ဒီည အကူအညီ လိုနေလို့ပါ၊ ဗာနာလည်း တစ်ချိန်လုံး မတ်တတ်၊ ပစ်ပင်က ဂျီတိုက်နေလို့၊ တစ်အိမ်လုံး ပွက်လောရိုက်နေတယ်၊ ကျုပ်တို့ လုံးဝ မအိပ်ရသေးဘူး၊ ဗာနာကလည်း ကျုပ်အမေကို မခေါ်ချင်ဘူး၊ ကျုပ်ကလည်း အမေ့ကို ဒုက္ခ မပေးချင်ဘူး၊ ဘယ့်နှယ် ကူညီနိုင်မလား'

'ကောင်းပါပြီ၊ အခု လာခဲ့မယ်'

သည်ကလေး မွေးပြီးကတည်းက ညကြီးသန်းခေါင် ကလေးထိန်းတာဝန် ကျသည်မှာ သည်တစ်ကြိမ်ပါနှင့် ဆိုလျှင် သုံးကြိမ် ရှိပြီ။ ဟူဂိုနှင့် ဗာနာတို့ ထမင်း ဖြောင့်ဖြောင့် စားရအောင် သူတို့ ကလေး လေးယောက်စလုံးကို သူမ သွားထိန်းပေးခဲ့ရသည်။ ထိုအထဲတွင် နှစ်ကြိမ် ညပင် အိပ်ခဲ့ရသည်။

လေစီ ဂျင်းဘောင်းဘီ၊ တီရှပ်တို့ကို ကပျာကယာ လဲကာ ထွက်လာခဲ့သည်။ ကားကိုလည်း ကမန်းကတန်း မောင်းလာရာ ဟူဂိုတို့ အိမ်သို့ မိနစ်နှစ်ဆယ်နှင့် ရောက်လာခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဗာနှာက ပစ်ပင်ကို ချီလျက် တံခါးဝတွင် ထွက်ကြိုသည်။ ကလေးက ခဏတော့ ငြိမ်နေ၏။

'ကလေးက ဗိုက်နာလို့များလား မသိဘူး၊ ဒီတစ်ပတ်ထဲ ဆရာဝန် ပြတာလည်း သုံးခါ ရှိပြီ၊ တခြား ကလေးတွေလည်း အိပ်လို့ ရဟန် မတွေ့ဘူး' ဗာနှာက ဆီးပြောသည်။

'နို့ဘူး ဘယ်မှာလဲ' လေစီက ကလေးကို အသာ ပွေ့ယူရင်း မေးလိုက်သည်။

'ကော်ဖီ စားပွဲပေါ်မှာ၊ တစ်အိမ်လုံးလည်း ရှုပ်ပွနေတာပဲ၊ အားနာလိုက်တာ' ဗာနှာမှာ နှုတ်ခမ်းများ တဆတ်ဆတ် တုန်ကာ မျက်ရည်များလည်း ဝဲနေ၏။

'ရပါတယ် ဗာနှာရယ်၊ တခြားလူမှ မဟုတ်တာ၊ သွားအိပ်တော့၊ မနက်ကျရင် အဆင်ပြေသွားမှာပါ'

ဗာနှာက လေစီ၏ ပါးကလေးကို ပွတ်လျက် 'ကျေးဇူးတင်လိုက်တာ'

ဗာနှာ ထွက်သွားတော့ လေစီ ကလေးကို ချီကာ လျှောက်နေသည်။ သီချင်းကလေး ညည်း၍လည်း ကျောကလေးကို ပုတ်ပေးနေ၏။

အားလုံး တိတ်ဆိတ်နေရာမှ သားချော့တေးပင် မဆုံးလိုက် ပစ်ပင် ထငိုပြန်သည်။ ထို့ကြောင့် လေစီ ကလေး ပါးစပ်ကို နို့ဘူး တပ်ပေးပြီး လှုပ်ကုလားထိုင်တွင် ထိုင်လိုက်သည်။ နာရီဝက်ခန့် ကြာတော့ ကလေး အိပ်မောကျသွားသည်။

လေစီလည်း ကလေး အနီးရှိ ဆိုဖာပေါ်တွင် လှဲနေလိုက်ရာ ခဏ ကြာတော့ အိပ်ပျော်သွားတော့သည်။



mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ၈

ဝီလ်တန် မာစီမှာ ကက်စီနိုနှင့် နှစ်မိုင် အကွာ တိုက်နီကလေးတွင် နေထိုင်သည်။ ဖုန်းထဲတွင်တော့ သူက တွေ့ရန် တွန့်ဆုတ်နေဟန် ရှိပြီး သူ့အစ်ကိုကို မေးဦးမည်ဟု ဆိုသည်။ နောက်နေ့ကျတော့ သူ ဟူဂိုထံ ဖုန်းဆက်ကာ တွေ့မည် ဖြစ်ကြောင်း စကားပြန်သည်။

သူက ကားထားသည့် နေရာ အနီးရှိ သစ်ပင် အောက်တွင် ကုလားထိုင်ဖြင့် ထိုင်ကာ လက်ဖက်ရည်အေးကို သောက်ရင်း သူတို့ကို စောင့်နေသည်။ ထိုနေ့တွင် တိမ်ထူကာ သိပ်မပူလှ။ သူက လေစီနှင့် ဟူဂိုတို့အား ကော်ဖီချိုချို တိုက်သော အခါ သူတို့က ငြင်းလိုက်ကြသည်။ လေစီတို့လည်း အခြားခေါက်ကုလားထိုင်များတွင် ထိုင်လိုက်ကြ၏။

နောက်ဖေးခြံထဲတွင် လမ်းလျှောက်စ ကလေးလေး တစ်ယောက် အနီးဘောင်းဘီဖြင့် ပလတ်စတစ် ရေကန်ငယ်ကလေးထဲတွင် ဆော့နေသည်။

ကလေးကို သူ့အဘွားက စောင့်ကြည့်နေသည်။

ဝီလ်တန်မှာ ဂျူနီယာ မာစီထက် သုံးနှစ် ငယ်သော ညီ ဖြစ်သည်။ သို့သော် အရွယ် တင်သည်။ အသားက မည်းသည်။ မျက်လုံးက အနက်။ ပခုံးထိ ရှည်သော သူ့ဆံပင်များမှာ ဖြူနေပေပြီ။

ဂျူနီယာကဲ့သို့ပင် အသံသြပြီး စကားလုံးတိုင်းကို ချင့်ချိန် ပြောနေဟန်ရှိသည်။

'ဟိုဟာက ရှင့်မြေးလား' စိတ်မပါ့တပါ ဖြစ်နေသော ဝီလ်တန်ကို စကားစသည့် အနေဖြင့် လေစီက မေးလိုက်သည်။

'မြေးမလေးပါ၊ မြေးဦးပေါ့၊ ဟိုဟာက ကျွန်တော့် မိန်းမ နဲလ်လေ'

'ပြီးခဲ့တဲ့ အပတ်က ကျွန်တော်တို့ ဂျူနီယာနှင့် တွေ့ခဲ့သေးတယ်' ဟူဂိုက ပြောလိုက်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

'သူ့ကို သွားတွေ့တဲ့ အတွက် ကျေးဇူးပါ၊ ကျွန်တော်လည်း တစ်လကို နှစ်ခါ ထောင်ဝင်စာ သွားတွေ့ပါတယ်၊ သူ ဒီလို မနေရသင့်ဘူး၊ ဂျူနီယာကို သူ့လူမျိုးတွေက မေ့ထားကြပြီ၊ ဒါဟာ လူတစ်ယောက် အတွက်တော့ အတော် ခံစားရမှာ၊ အထူးသဖြင့် သူ့လို လူကောင်း တစ်ယောက် အဖို့ပေါ့'

'သူက ပြောတာတော့ တက်ပါကိုလာ လူမျိုးစုတွေက သူ့ဇနီးနှင့် ဆန် ရာဇကိုကို သူ သတ်တယ်လို့ ယုံကြည်နေကြတယ်တဲ့' လေစီက ထောက်လိုက် သည်။

သူ အတန်ကြာအောင် ခေါင်းညိတ်နေသည်။ ပြီးမှ 'အမှန်ပါပဲ၊ ပြန်ပြော ဖို့ ကောင်းလောက်အောင် ကောင်းတဲ့ အဖြစ်အပျက်ကလေးပေါ့၊ ယုံလည်း ယုံလောက်တယ်၊ အဲဒီ နှစ်ယောက်ကို သူ ခုတင်ပေါ်မှာ ပက်ပင်း မိပြီး ပစ် သတ်လိုက်တာ'

'ကျွန်တော်တို့ သူ့ဆီ ရောက်ပြီးတဲ့နောက် ခင်ဗျား သူနှင့် စကား ပြော ဖြစ်သေးလား' ဟူဂိုက မေးသည်။

'မနေ့က သူ့ဆီကို ဖုန်းဆက်လိုက်တယ်၊ သူ တစ်ရက်ကို ဖုန်းပြောခွင့် မိနစ် နှစ်ဆယ် ရတယ်လေ၊ ခင်ဗျားတို့ ကိစ္စကို သူ ပြောပြတယ်'

'သူ ပြောတော့ ရှင် ကက်စီနီမှာ အလုပ် လျှောက်တာ မရဘူးဆို၊ အဲဒါ ရှင်းပြနိုင်မလား'

'ဒါက ရှင်းပါတယ်၊ လူမျိုးစုက နှစ်ခြမ်း ကွဲနေတာ၊ နှစ်ခြမ်းစလုံးက ကိုယ့်စည်းရိုးကို ကိုယ်လုံအောင် လုပ်နေကြတာ၊ လောင်းကစား လုပ်ငန်း လုပ် သင့် မလုပ်သင့် မဲခွဲကတည်းက ကွဲကြတာ၊ နိုင်တဲ့ဘက်က ကက်စီနီ ထောင် ပြီး သူတို့ အကြီးအကဲက အားလုံးကို စီမံ ကွပ်ကဲတာ၊ ဝန်ထမ်း ခန့်တာ ဖြုတ် တာ အထိပေါ့၊ ကျွန်တော်က တစ်ဖက်ခြမ်းကလူ ဆိုတော့ ဘယ် အလုပ်ရ မလဲ၊ ကက်စီနီမှာ အလုပ် လုပ်နေတာ လူနှစ်ထောင် ရှိတယ်၊ အပြင်က လူတွေ များတယ်၊ အဲဒီမှာ အလုပ် လုပ်ချင်တဲ့ တက်ပါကိုလာတွေကတော့ သူတို့ သဘောထားနှင့် ကိုက်ညီရမယ်'

'ဒါဆိုတော့ အကျိတ်အခဲတွေ ရှိနေမှာပေါ့'

ဟူဂိုက မေးသည်။

ဝီလ်တန်က ဟင်းခနဲ အသံပြုကာ ပြုံးလိုက်ပြီး 'ကျွန်တော်တို့က မဟာ ရန်သူ လူမျိုးစု နှစ်ခု ဖြစ်နေပြီ၊ ပြန်လည် ရင်ကြားစေ့ရေးလည်း မလုပ်ကြ ဘူး၊ ဘယ်သူမှလည်း မလုပ်ချင်ကြဘူး'



mgyoe.com

mgyoe.com SAMPLE BOOK

လေစီက 'ဂျုန်ိယာ ပြောတာကတော့ သူနှင့် ဆန်တို့ ကက်စီနီကို ဆန့်ကျင်တာ မှားသွားတယ်တဲ့၊ ဘာကြောင့်လဲ ဆိုတော့ ဒါဟာ လူမျိုးစု ကောင်းစားရေး ဖြစ်နေတယ်တဲ့၊ ဒါကို ရှင်ရော လက်ခံလား'

တွေးဆနေဟန်ဖြင့် သူ အတန်ကြာအောင် စကား မပြောသေးပြန်။ သူ့မြေးကလေး ငိုနေသဖြင့် အိမ်ထဲသို့ ခေါ်သွားသည်။ လက်ဖက်ရည်ကို တစ်ငုံသောက်လိုက်ကာ ဆက်ပြောသည်။ 'ခင်ဗျားတို့ ထင်တာ မှားတယ်လို့ ပြောဖို့တော့ ခက်တယ်၊ ဒါပေမဲ့ ကျွန်တော်တို့ကတော့ ဒီလို မဟုတ်ဘူး၊ ကက်စီနီဟာ ကျွန်တော်တို့ကို အများကြီး အကျိုးပြုတယ်၊ ကျွန်တော်တို့ စိတ်လည်းချမ်းသာ၊ ကိုယ်လည်း ကျန်းမာ၊ လူမှု ဖူလုံတယ်၊ အပြင်က လူတွေ ဒီမှာ လာပြီး သူတို့ ရတဲ့ ငွေတွေ ကျွန်တော်တို့ကို ခွဲပေးနေတာ ကျေနပ်စရာပါ၊ ဒါပေမဲ့ နောက်ဆုံးကျရင် ကျွန်တော်တို့ အဲဒီ အတွက် အစား ပြန်ပေးရလိမ့်မယ်လို့ ထင်နေတယ်၊ အခုလို ပေါ့ပေါ့နေ ပေါ့ပေါ့စား နေရတဲ့ အပေါ် စိုးရိမ်နေတဲ့ လူတွေ ရှိတယ်၊ လူတွေ ပေါ့လာရင် ပျက်စီးလာတတ်တယ်၊ ကျောင်းတွေ အများကြီး တိုးလာတယ်၊ မူးယစ်ဆေးဝါးတွေလည်း ပိုသုံးလာတာ တွေ့ရတယ်'

ဟူဂိုက 'လူတွေ ချောင်လည်လာရက်သားနှင့် ဘာဖြစ်လို့ ကလေးတွေ ပိုတိုးမလာတာလဲ'

'အဲဒါ မဟုတ်တာပေါ့၊ ကောင်စီမှာ အသုံးမကျတဲ့ ကောင်တွေ ဦးစီးနေတော့ မဟုတ်တဲ့ စည်းမျဉ်းတွေ ချတော့တာပေါ့၊ မိန်းမ တစ်ယောက် အသက် ၁၈ နှစ် ပြည့်ရင် လစဉ် ထောက်ပံ့ကြေး ဒေါ်လာ ငါးထောင် ရတယ်၊ အဲဒီလို ရနေတာ ကြာပြီ၊ ဒါပေမဲ့ အဲဒီ မိန်းမ အိမ်ထောင်ပြုလိုက်ရင်တော့ ထောက်ပံ့ကြေးကို တစ်ဝက် ဖြတ်တယ်၊ အခုဆို ကျွန်တော်က တစ်လ ဒေါ်လာ ငါးထောင် ရတယ်၊ ကျွန်တော့် မိန်းမက ၂၅၀၀ ပဲ ရတယ်၊ ဒီတော့ မိန်းကလေးတွေ အိမ်ထောင်မပြုရဲကြတော့ဘူးပေါ့၊ ယောကျ်ားတွေကလည်း အရက်သောက်၊ ပြဿနာရှာနှင့်၊ ဒီတော့ ယောကျ်ားဆိုးကို မယူတော့ဘဲ ငွေကိုပဲ ပိုယူတော့မှာပေါ့၊ နောက်ပြီး လူဦးရေ နည်းလေ အမြတ်ခွဲ ငွေက ပိုများလာနိုင်လေ မဟုတ်လား၊ နောက်ပြီး ကိုယ့်သားသမီးကို ကျန်းမာတဲ့ လူမှု အသိုင်းအဝိုင်းမှာ ပျိုးထောင်ရဖို့ကလည်း ရှိသေးတယ်'

လေစီက ဟူဂိုအား တစ်ချက် ကြည့်လိုက်ပြီး 'မက်ဒိုဗာ အကြောင်း မေးချင်တယ်'


mgyoe.com

mgyoe.com SAMPLE BOOK

'အဲဒီ တရားသူကြီး အကြောင်းကို ကျွန်တော် သိပ်မသိဘူး၊ ကျွန်တော် ထင်တာကတော့ သူဟာ သိပ်ငယ်ပြီး အတွေ့အကြုံ သိပ်နုတယ်၊ ကျွန်တော့် အစ်ကိုရဲ့ အမှုကို သူ အမှန် ဖော်ထုတ်မပေးနိုင်ဘူး၊ အယူခံမှာ သူ့ကို အတိုက် အခံ လုပ်ကြသေးတယ်၊ ဒါပေမဲ့ သူ ချမှတ်တဲ့ အမိန့်ပဲ ကပ်ပြီး နိုင်သွားတယ်'

'အယူခံလွှာတွေကို ခင်ဗျား ဖတ်ခဲ့ရလား' ဟူဂိုက မေးသည်။

'ကျွန်တော် အကုန် ဖတ်ရတယ် မစ္စတာ ဟက်ချ်၊ အကြိမ်ကြိမ်လည်း ဖတ်ရတယ်၊ ကျွန်တော့် အစ်ကိုဟာ သူ မကျူးလွန်တဲ့ လူသတ်မှုနှင့် သေဒဏ် ပေးခံရတာ၊ ကျွန်တော့် အနေနှင့်ကတော့ အသေးစိတ်ကို သိအောင် လုပ်ပြီး သူ့ဘက်က ရပ်တည်ပေးရုံလောက်ပဲ၊ အဲဒီ အတွက် ကျွန်တော် အချိန်ကုန်ခံ ပြီးလည်း လုပ်ခဲ့တယ်'

'ဆန် ရာဇကိုဟာ ဂျူနီယာရဲ့ မိန်းမနှင့် မလွတ်မကင်း ဖြစ်ခဲ့သလား' ဟူဂိုက မေးသည်။

'လုံးဝ မဖြစ်နိုင်ဘူး၊ ဆန်ဟာ သီလ သမာဓိ ရှိတဲ့လူ၊ သူ့အိမ်ထောင် ရေးလည်း သာယာတယ်၊ သူ ကျွန်တော့် မရီးနှင့် ငြိစွန်းမယ်လို့ ကျွန်တော် ဘယ်တော့မှ မယုံဘူး'

'ဒါဆို ဘယ်သူ သတ်သွားတာလဲ'

'ဒါတော့ ဘယ်သိမလဲ၊ ကက်စီနို ဖွင့်ပြီး သိပ်မကြာခင်မှာ ကျွန်တော် တို့ အမြတ် ခွဲဝေငွေ စရတယ်၊ အတော်တော့ နည်းသေးတယ်၊ အဲဒီ အချိန်မှာ ကျွန်တော်က ထရပ်ကား မောင်းနေတယ်၊ အလုပ်သမား သမဂ္ဂဝင်တော့ မဟုတ် ဘူး၊ ကျွန်တော့် မိန်းမကလည်း ထမင်းချက် လုပ်တယ်၊ ဒီတော့ ရတဲ့ ထောက် ပံ့ကြေးနှင့် ဆိုရင် ဒေါ်လာ ၂၅၀၀၀ တောင် စုမိတယ်၊ အဲဒီငွေနှင့် ပင်ဆာကိုလာ မြို့က အလွတ် စုံထောက်ကို ငှားတယ်၊ သူလည်း လူတော် စုံထောက် တစ် ယောက်ပဲ၊ တစ်နှစ် နီးပါး သူ လိုက်စုံထောက်လိုက်တာ ဘာမှ အဖြေ ထွက် မလာဘူး၊ အစ်ကို့ ရှေ့နေကလည်း ညံ့လိုက်တာ၊ တရားရုံးကို ဘယ်က သွား ရမှန်းတောင် မသိဘူး၊ ဒါပေမဲ့ အယူခံကျတော့ သူ ရှေ့နေကောင်း တွေ့ရ တယ်၊ သူတို့လည်း နှစ်အတော် ကြာအောင် နှိုက်နှိုက်ချွတ်ချွတ် စုံစမ်းတာပဲ၊ ဘာမှ ထူးမလာဘူး၊ လူသတ်မှု ကျူးလွန်ဖွယ် ရှိတဲ့ တရားခံကိုတော့ ကျွန်တော် မပြောနိုင်ဘူး မစ္စတာ ဟက်ချ်၊ ကျွန်တော်လည်း သိရင် ပြောချင်ပါတယ်၊ ဒါ ပေမဲ့ ကျွန်တော့် အစ်ကိုဟာ ပိပိရိရိ ထောင်ချောက်ဆင် ခံခဲ့ရတာတော့ အမှန် ပဲ၊ အဲဒီလူကို နောက်ဆုံးတော့ ဖလော်ရီဒါ ပြည်နယ်က သေဒဏ် ပေးမှာပါ'



mgyoe.com

mgyoe.com SAMPLE BOOK

'ဖွန်း ဒူဘို့ ဆိုတဲ့ လူကိုရော ရှင် သိသလား'

'နာမည်တော့ ကြားဖူးတယ်၊ လူတော့ မတွေ့ဖူးသေးဘူး'

'ဘယ်လိုကြောင့် နာမည် ကြားဖူးရတာလဲ'

ဝီလ်တန် သူ့ဖန်ခွက်ထဲမှ ရေခဲတုံးကလေးများကို လှုပ်ခါ၍ မွှေနေသည်။ ပြီးတော့ ရုတ်တရက် နှမ်းရိသွားဟန် ဖြစ်သွားသည်။

လေစီ သူ့ကို ကြည့်ကာ သနားသွားမိသည်။ အပြစ် မရှိဘဲ သေဒဏ် ပေးခံထားရသည့် အစ်ကို တစ်ယောက် ရှိနေခြင်း အတွက်လည်း စာနာသွားမိသည်။

နောက်ဆုံးတွင် သူက 'သူ့အကြောင်း ပြောနေတာတွေတော့ ကြားတယ်၊ ဒူဘို့ ဆိုတဲ့ လူဟာ ကက်စီနို လုပ်ငန်းကိုရော၊ ဒီကနေ ပင်လယ် ကမ်းခြေ အထိ အလျှို အလျှို ပေါ်လာတဲ့ ဆောက်လုပ်ရေး လုပ်ငန်းတွေကိုရော သူ ခြယ်လှယ်နေတာတဲ့၊ ပြောတာတွေကတော့ ဆန်နှင့် ကျွန်တော့် မရီးကို သူ သတ်တာလို့တောင် ပြောနေကြတာ၊ အဲဒီ အသံတွေ အခုတော့ ငြိမ်သွားပါပြီ၊ ဒါတွေကို အပန်းဖြေ ပန်းခြံတွေ၊ ကက်စီနိုတွေ၊ ဖဲဝိုင်းကြီးတွေ၊ ရေလျှော ကစားကွင်းတွေက ဖုံးလွှမ်းသွားပြီလေ၊ စိုပြည်တဲ့ အသိုက်အဝန်းကလေး ဖြစ် လာတာက ပိုလို့တောင် လွှမ်းမိုးသွားသေးတယ်၊ ဒါတွေက အခု အရေးမကြီး တော့ဘူးလေ၊ ဘဝတွေ သာယာနေကြပြီပဲ၊ အဲဒီလူ တကယ် ရှိပြီး အခုလို အားလုံးကို ခြယ်လှယ်နေတယ် ဆိုရင်လည်း ဒါကို ဘယ်သူမှ ဂရုမစိုက်ကြ တော့ဘူး၊ ဘယ်သူကမှလည်း သူ့ကို ဒုက္ခ မရောက်စေချင်ကြဘူး၊ သူ ကက် စီနိုရဲ့ ရှေ့ဝင်ပေါက်ကနေ ဝင်သွားပြီး သူ အဲဒီလို လုပ်တဲ့ အကြောင်း ပြောင် ဖွင့်ပြောရင်တောင် သူ့ကို သူ့ရဲကောင်း အဖြစ် ကိုးကွယ်နေကြဦးမှာ၊ ဒီလို ဖြစ်အောင် သူ လုပ်ထားတာလေ'

'ခင်ဗျားကရော ဘယ်လို သဘောထားသလဲ'

'ကျွန်တော် ဘယ်လို သဘောထားသလဲ ဆိုတာက အရေး မကြီးဘူး မစ္စတာ ဟက်ချ်'

'ဟုတ်ပါပြီ၊ ဒါက အရေးမကြီးဘူးပဲ ထားပါ၊ ဒါပေမဲ့ ကျွန်တော်က တော့ သိချင်တယ်'

'ကောင်းပြီလေ၊ ဟုတ်တယ်၊ ကက်စီနို လုပ်ငန်းမှာ ရာဇဝတ်ဂိုဏ်း တစ် ဂိုဏ်း ပါနေတယ်၊ အဲဒီ လူတွေဟာ နာမည် မရှိ၊ ဘယ်သူမှန်း မသိတဲ့ လူ တွေ၊ ဝေစုကိုလည်း သူတို့ ရနေတယ်၊ သူတို့က သေနတ်တွေနှင့်၊ ကျုပ်တို့



mgyoe.com

mgyoe.com SAMPLE BOOK

လူမျိုးစု ခေါင်းဆောင်နှင့် အပေါင်းပါတွေကိုလည်း သူတို့ အနိုင် ကိုင်ထားတယ်'

လေစီက 'ကက်စီနို အတွင်းလူထဲက ကျွန်မတို့ မေးလို့ ရမယ့်လူ မရှိဘူးလား'

သူက ရယ်နေသည်။ ခဏ ကြာတော့မှ 'ခင်ဗျားတို့ တယ်နားဝေးပါလား' ပြောရင်း သူက ရေခဲတုံးများကို မွှေကာ လမ်းဟိုမှာဘက်ဆီသို့ လှမ်းကြည့်နေသည်။ လေစီနှင့် ဟူဂိုတို့ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ကာ စောင့်နေကြသည်။ အတန်ကြာမှ သူက 'လူမျိုးစု တစ်စု၊ လူမျိုး တစ်မျိုး အနေနှင့် ကျုပ်တို့ဟာ အပြင်လူတွေကို မယုံကြည်ဘူး၊ အပြင်လူတွေနှင့် စကားလည်း မပြောဘူး၊ အခု ကျွန်တော် ခင်ဗျားတို့နှင့် ထိုင် စကား ပြောနေတာတောင် အကြောင်းအရာက ယေဘုယျ သဘောမို့ ပြောနေတာ၊ ကျွန်တော်တို့ဟာ ဘယ်သူ့ကိုမှ လျှို့ဝှက်ထားတာတွေကို ဘယ်အခြေအနေမျိုးမှာပဲ ဖြစ်စေ ပြောမပြဘူး၊ ဒီအကျင့်က ကျွန်တော်တို့ သွေးထဲမှာကို ပါလာတာ၊ တစ်ဖက်ခြမ်းက လူမျိုးစုတွေကို ကျွန်တော် သဘောမကျဘူး၊ ဒါပေမဲ့ သူတို့နှင့် ပတ်သက်သမျှ ခင်ဗျားတို့ကို ကျုပ် ဘာမှ ပြောပြမှာ မဟုတ်ဘူး'

လေစီက 'ကက်စီနို ဝန်ထမ်းထဲက မကျေမနပ် ဖြစ်နေပြီး ရှင့်လို နှုတ်စည်းစောင့်တာမျိုး မရှိတဲ့ လူမျိုးပေါ့၊ အခုလို လူမျိုးစု နှစ်ခြမ်း ကွဲနေပြီး အချင်းချင်း မယုံမကြည် ဖြစ်နေတဲ့ အခါမျိုးမှာ လူမျိုးစု ခေါင်းဆောင်နှင့် အပေါင်းပါတွေကို မကျေနပ်နေတဲ့ လူလည်း ရှိမှာပဲ'

'ခေါင်းဆောင်ကို မကျေနပ်တဲ့ လူမျိုးတွေတော့ ရှိနိုင်တယ်၊ ဒါပေမဲ့ ပြီးခဲ့တဲ့ ရွေးကောက်ပွဲမှာ သူ မဲ ခုနစ်ဆယ် ရာခိုင်နှုန်း ရခဲ့တယ်၊ သူ့ အတွင်းစည်းကတော့ ခိုင်မာတယ်နော်၊ သူတို့ အားလုံးက စားသာနေတော့ ပျော်နေကြတာ၊ အဲဒီ အတွင်းကနေ သတင်းပေး လုပ်မယ့် လူတော့ တွေ့ဖို့ ခက်တယ်'

သူက စကားကို ဖြတ်၍ အတန်ကြာအောင် နားနေသဖြင့် စောင့်နေကြရပြန်သည်။ နောက်တော့ သူက ဆက်ပြန်သည်။ 'အဲဒါတွေနှင့် ကင်းအောင်နေဖို့ ခင်ဗျားတို့ကို အကြံပေးချင်တယ်၊ တကယ်လို့ တရားသူကြီး မက်ဒိုဗာဟာ ဒီအထဲမှာ ပတ်သက်နေတယ်သာ မှန်ရင် သူ့ကို လူမိုက်တွေက အကာအကွယ် ပေးထားမှာ အမှန်ပဲ၊ ဒါဟာ အင်ဒီးယန်းတွေရဲ့ နယ်မြေပါ၊ လူမျိုးစုကို ကွပ်ကဲ အုပ်ချုပ်ထားတဲ့ စည်းမျဉ်းတွေ ရှိတယ် မစ္စ စတိုဇ်၊ ခင်ဗျားတို့ သိထားတဲ့ နည်းစနစ်တွေဟာ ဒီနေရာမှာ အသုံး မဝင်ဘူး၊ ကျွန်တော်တို့က



mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ့်ဘာသာကိုယ် အုပ်ချုပ်ကြတာ၊ ကိုယ့်ဥပဒေနှင့်ကိုယ်၊ ပြည်နယ် အစိုးရကရော ပြည်မ အစိုးရကရော ဘာလုပ်ပါ ညာလုပ်ပါလို့ လာပြောလို့ မရဘူး၊ အထူးသဖြင့် ကက်စီနိုနှင့် ပတ်သက်လို့ပေါ့'

တစ်နာရီခန့် ကြာတော့ ဘာမျှ ရေရေရာရာ မသိရဘဲ သူတို့ ပြန်လာခဲ့ကြသည်။ သတိပေး စကားများသာ ကြားခဲ့ရ၏။ လေးလမ်းသွား တက်ပါကိုလာ လမ်းခွန် ဆောင်လမ်းမှ မဖြစ်စလောက် အခွန်ငွေတော့ ဝင်နေကြသည်။ သီးသန့် နယ်မြေ အဝင်ဝ ဂိတ်တဲကလေး ရှေ့တွင် ကားကို ရပ်ကာ ဆက်သွားရန် ဒေါ်လာ ပေးလိုက်ရသည်။

ဟူဂိုက 'ဒီနေရာ ထင်တယ်၊ တရားသူကြီး မက်ဒိုဇာက ယာဉ်ကြောကို ပိတ်ပစ်ဖို့ အမိန့် ထုတ်တယ် ဆိုတာ'

'အဲဒီ အမှုတွဲကို ရှင် ဖတ်ပြီးပြီလား' လေစီက လီဇာကို နှင်းရင်း မေးလိုက်သည်။

'ဆက်ဒဲလီ ပေးတဲ့ အစီရင်ခံစာတော့ ဖတ်တယ်၊ မက်ဒိုဇာက ယာဉ်ကြောကြောင့် အများပြည်သူ ကျန်းမာရေး ထိခိုက်နိုင်တယ် ဆိုပြီး အမိန့် ထုတ်လို့ ခြောက်ရက် ပိတ်ခဲ့ရတယ်တဲ့၊ ၂၀၀၁ ခုနှစ်က ဆိုတော့ ကျန်ခဲ့တဲ့ ဆယ်နှစ်ကပေါ့'

'မက်ဒိုဇာနှင့် ဗွန်း ဒူဘိုတို့ ဘယ်လို ညှိလိုက်ကြမယ် ထင်လဲ'

'ဒီမိန်းမ ကျည်ဆန်စာ မမိတာ အတော် ကံကောင်းတယ်'

'ဘယ်မိမလဲ၊ သူက လူလည်ပဲဟာ၊ ဒူဘိုကလည်း လည်တာပါပဲ၊ သူတို့နှစ်ယောက် ဘုံအကျိုးစီးပွားကို မြင်တော့ အမိန့်ကို ပြန်ရုပ်သိမ်းလိုက်တာ'

ဂိတ်တဲလေးကို ကျော်လာတော့ တက်ပါကိုလာ နယ်မြေထဲ ရောက်ပြီဖြစ်ကြောင်း ဆိုင်းဘုတ်များကို တွေ့လိုက်ကြသည်။ ယုန်ပြေး အပန်းဖြေ ပန်းခြံသို့ သွားရာ လမ်းဆိုင်းဘုတ်ကိုလည်း တွေ့ရ၏။ ခပ်လှမ်းလှမ်းဆီတွင် ကွန်ဒိုတိုက်များ ဂေါက်ကွင်း တစ်လျှောက် တန်းစီနေသည်။ ဤတစ်ပိုက်မှ အဆောက်အအုံ အများစုကို ဒူဘို၏ ကုမ္ပဏီက ပိုင်သည်။ ကက်စီနိုကိုလည်း သူ ပိုင်သည့် မြေယာများနှင့် နီးအောင် စီမံထားသည်။ တော်ပါပေ့။

သူတို့ ကွေ့ပတ် မောင်းလိုက်သည်တွင် နီယွန်မီးများ စပေါ့လိုက်များ ဆင်ထားသည့် ကက်စီနို ဝင်ပေါက်သို့ ရောက်လာသည်။



mgyoe.com

mgyoe.com SAMPLE BOOK

ကက်စီနို၏ တစ်ဖက်တစ်ချက်တွင် အထပ်မြင့် ဟိုတယ်များ ရှိသည်။ ရပ်ထားသည့် ကားများသော ကားရပ်ရာ နေရာတွင် ကားကို ထားခဲ့ပြီး ဝင်ပေါက်ဆီသို့ လျှောက်လာခဲ့ကြ၏။ ပြီးတော့ နှစ်ယောက် ခွဲကာ လောင်းကစားထပ်တွင် တစ်နာရီခန့် လျှောက်ကြည့်ကြသည်။

ညနေ လေးနာရီတွင် ဘားခန်းတွင် ပြန်ဆုံကာ ကော်ဖီ သောက်ကြသည်။ ဆိုင်ပေါ်မှ ငုံ့ကြည့်လိုက်လျှင် ၂၁ ပေါက် ဝိုင်းကို မြင်နေရ၏။ တေးဂီတသံ ကြားမှ လောင်းကစားစက်၏ လည်သံနှင့် နိုင်သူ နိုင်သဖြင့် အကြွေများ ထွက်ကျလာသံများကို ကြားနေရသည်။ နိုင်သူတို့၏ ဝမ်းသာ အော်ဟစ်သံများကလည်း ဆူညံနေသည်။ အရက် မူးနေသူများ၊ အော်ဟစ် ပြောဆိုနေသံများကလည်း မရှား။ ငွေများ တစ်လက်နှင့် တစ်လက် လက်ပြောင်းနေသည့် နေရာပေတည်း။



mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၉

ဖလော်ရီဒါ ပြည်နယ် လောင်းကစား ဆိုင်ရာ ကော်မရှင်၏ ဒါရိုက်တာမှာ အက်ဒီ နေလာ ဖြစ်သည်။ ယခင်က ပြည်နယ် အထက် လွှတ်တော် အမတ် ဖြစ်သည်။ ကက်စီနို ထောင်ကတည်းက ကော်မရှင်မှ ရသည့် လစာမှာ အတော် ကောင်းလာသဖြင့် အမတ် နေရာကို အသာတကြည် ထွက်ပစ်ခဲ့သည်။ သူ့ ရုံးမှာ လေစီ၏ ရုံးမှ သုံးဘလောက်သာ ဝေးသည်။ သူ့ကို တွေ့ခွင့် ရရန်လည်း သိပ်မခက်လှ။

သူ့ရုံးမှာ တရားရေး လုပ်ငန်း စိစစ်ရေး ဘုတ်အဖွဲ့ရုံးများနှင့် တခြားစီ။ အဆောက်အအုံနှင့် ပရိဘောဂတွေက ခေတ်မီကာ ဝန်ထမ်းတွေကလည်း ပျားပန်းခပ် လှုပ်ရှားနေကြ၏။ ဘတ်ဂျက်ကိုလည်း ဖြတ်တောက်သည် မရှိ။ ဖလော်ရီဒါ ပြည်နယ်တွင် လောင်းကစား လုပ်ငန်း ဖွံ့ဖြိုးလာသည်နှင့်အမျှ အခွန် စည်းကြပ်ရေး အလုပ်ကလည်း စည်ပင်လာသည်။

လေစီကို တစ်ချက် ကြည့်လိုက်သည်နှင့် နေလာမှာ မိမိ စားပွဲကြီးမှ ထကာ ဆက်တီ စားပွဲတွင် ထိုင်ကာ စကား ပြောမှ ဖြစ်မည် ဖြစ်ကြောင်း သိလိုက်သည်။ ကော်ဖီများ လာမချမီ သူ မိမိ ခြေထောက်များကို ခိုးကြည့်နေကြောင်း နှစ်ကြိမ်မျှ လေစီ မြင်လိုက်သည်။ မိမိ ခြေထောက်များကလည်း စကတ် တိုတို အောက်တွင် အထင်းသား ဖြစ်နေသည်။

ပဋိသန္ထာရ စကား အနည်းငယ် ပြောပြီးနောက် လေစီက 'ကျွန်မတို့ ဌာနက ပြည်မခန့် မဟုတ်တဲ့ တရားသူကြီးတွေ အပေါ် တိုင်ကြားချက်တွေ ရှိရင် စုံစမ်း စစ်ဆေးရပါတယ်၊ အဲဒီ အမှုတွေကလည်း သိပ်များတော့ ကျွန်မ တို့လည်း မအားရဘူး၊ ကျွန်မတို့ စုံစမ်း စစ်ဆေးမှုတွေက လျှို့ဝှက်ထားရပါ တယ်၊ ဒါကြောင့် အဲဒီ အချက်ကို လေးစားပေးဖို့ ပြောချင်ပါတယ်'

'စိတ်ချပါ' နေလာက ပြောသည်။



mgyoe.com

mgyoe.com SAMPLE BOOK

မူမမှန်သည့် မျက်လုံးတွေ၊ စပ်ဖြီးဖြီး မျက်နှာတို့ကြောင့် လူကတော့ ယုံကြည်နိုင်စရာ မရှိချေ။

သူ့ ဝတ်စားဆင်ယင်ပုံကို ကြည့်ရုံဖြင့် သူ အတော် ငွေသုံးနိုင်ကြောင်း သိသာသည်။

နေလာကလည်း သူ့ကော်မရှင်၏ လုပ်ငန်း တာဝန်တွေကို လေတစ်လုံး မိုးတစ်လုံး ကြွားနေသည်။ ပြည်နယ် တစ်ခုလုံးမှ လောင်းကစား လုပ်ငန်းတွေကို ကြီးကြပ်နေပြီး ထိုကော်မရှင်တွင်လည်း သူက အကြီးအကဲ ဖြစ်ကြောင်း ပြောနေသည်။

'အင်ဒီးယန်းတွေရဲ့ ကက်စီနိုကို ရှင် ဘယ်လောက် အထိ ကြီးကြပ်ရသလဲ'

'ဖလော်ရီဒါမှာ ကက်စီနိုတွေကို အင်ဒီးယန်း လူမျိုးစုတွေကချည်း လုပ်တာ၊ အဲဒီ အထဲက ဆယ်မင်နိုလက်က အကြီးဆုံး လူမျိုးစု ဖြစ်ပြီး အများဆုံးလည်း လုပ်တယ်၊ အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောရရင် အင်ဒီးယန်းတွေ လုပ်တဲ့ ကက်စီနိုတွေကို ကျွန်တော်တို့ သိပ်ပြီး မကြီးကြပ်ဘူး၊ သူတို့တွေကို အစိုးရက အသိအမှတ်ပြုထားပြီး ကိုယ်ပိုင် ဥပဒေနှင့် ကိုယ်ပိုင် အုပ်ချုပ်နေတဲ့ လူတွေ၊ ဖလော်ရီဒါမှာ ကက်စီနိုတွေ အားလုံးနှင့် ချုပ်ထားတဲ့ စာချုပ် ရှိတယ်၊ အဲဒီ စာချုပ် အရ သူတို့ ရတဲ့ အမြတ်ထဲကနေ ကျွန်တော်တို့ အခွန်ငွေ နည်းနည်းပဲ ရတယ်၊ သိပ်ကို နည်းတယ်၊ ဒါပေမဲ့ ပေါင်းလိုက်တော့လည်း များလာတာပေါ့၊ အခုဆို ကက်စီနို ကိုးခု ရှိတယ်၊ သူတို့ လုပ်ငန်းတွေ အောင်မြင်ကြပါတယ်'

'ကက်စီနို တစ်ခုကို ရှင် သွားပြီး စစ်ဆေးလို့ ရမလား'

သူက ခေါင်းကို ယမ်းလျက် 'ဟင့်အင်း၊ သူတို့ စာရင်းတွေကို ကျွန်တော်တို့ သွားစစ်လို့ မရဘူး၊ ကက်စီနိုတိုင်းက သုံးလ တစ်ကြိမ် ကုန်ကျစရိတ်က ဘယ်လောက်၊ အသားတင် အမြတ်က ဘယ်လောက် ဆိုပြီး ငွေစာရင်း ရှင်းတမ်း ပို့တယ်၊ အဲဒီ အထဲကမှ ကျွန်တော်တို့က အခွန် ကောက်တာ၊ သူတို့ ပြောသလောက် အမြတ်ကို ကျွန်တော်တို့ လက်ခံလိုက်ရတာပဲ'

'ဒါဆိုတော့ ကက်စီနိုတွေက သူတို့ တင်ချင်သလောက် တင်တာပေါ့'

'ဟုတ်တယ်၊ အဲဒါက လက်ရှိ အခြေအနေပဲ၊ ဒါက ပြောင်းလဲသွားမှာလည်း မဟုတ်ဘူး'

'ဒါဆို ကက်စီနိုတွေက အစိုးရကို ဘာအခွန်မှ မပေးဘူးပေါ့'

mgyoe.com

mgyoe.com SAMPLE BOOK

'အမှန်ပဲ၊ စာချုပ် ချုပ်တုန်းက အစိုးရကို တစ်နည်းတစ်ဖုံ အခွန် ပေးဖို့ ထည့်ထားတယ်၊ လမ်းတွေ ဖောက်ပေးတယ်၊ အရေးပေါ် ဆေးကုသမှုလို၊ ပညာရေး ထောက်ပံ့မှုတို့လို ဝန်ဆောင်မှုတွေ လုပ်ပေးတယ်၊ မဟုတ်ရင် ဒါတွေ လုပ်ပေးဖို့ သူတို့ အစိုးရကို တောင်းဆိုကြမှာလေ၊ ဒါတွေကို သူတို့ဘာသာ လုပ်ပေးတာ၊ လူမျိုးစု တစ်စုက အခွန် လုံးဝ မပေးဘူးလို့ ငြင်းရင်လည်း ကျွန်တော်တို့ ဘာမှ မတတ်နိုင်ဘူး၊ သူတို့က အဲဒီလို မဟုတ်လို့ တော်သေးတယ်'

'သူတို့ဆီက ဘယ်လောက် ရသလဲ'

'အမြတ်ရဲ့ နှစ်ပိုင်းတစ်ပိုင်း ရာခိုင်နှုန်း၊ အဲဒါတောင် ပြီးခဲ့တဲ့ နှစ်က ဒေါ်လာ သန်းလေးဆယ် ရှိတယ်၊ အဲဒီ အထဲက ကျွန်တော်တို့ ကော်မရှင်ကို ထောက်ပံ့ကြေး ပေးတယ်၊ ကျန်တာက ဖလော်ရီဒါ ပြည်နယ် မိုးရာသီ ရန်ပုံငွေ ထဲ ရောက်သွားတယ်၊ မေးပါရစေဦး၊ အဲဒါတွေ သိတော့ ဘာဖြစ်မှာလဲ'

'ပြည်နယ် တရားသူကြီး တစ်ယောက်နှင့် ပတ်သက်ပြီး မမှန်မကန် လုပ်တယ် ဆိုပြီး စွဲချက် တင်ထားတာ ရှိလို့၊ အဲဒီ အထဲမှာ ဆောက်လုပ်ရေး လုပ်ငန်းရှင် တစ်ယောက်ဟာ အင်ဒီးယန်းတွေနှင့် အလွမ်း သင့်ပြီး ကက်စီနို လုပ်ငန်းမှာလည်း ပါနေတယ်တဲ့၊ တရားသူကြီး တစ်ယောက်ကလည်း အဲဒီ ကနေ အမြတ်ဝေစု ရနေတယ်လို့ ဆိုတယ်'

နေလာက ကော်ဖီခွက်ကို အောက်သို့ ချလိုက်ပြီး ခေါင်းကို ယမ်းကာ 'ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်တော် အဲဒါကို မအံ့သြဘူး မစ္စ စတိုဗ်၊ တကယ်လို့ ကက်စီနို တစ်ခုဟာ ဝင်ငွေ ကောင်းဖို့ အတွက် အထက်ကို ပေး ကမ်းတာတို့ လာဘ်ထိုးတာတို့ လုပ်မယ် ဆိုရင် ဒါ မဆန်းဘူး၊ ဒါကို တား လို့လည်း ရမှာ မဟုတ်ဘူး၊ ပထမတော့ စားရကောင်းမှန်း မသိတဲ့ လူတွေပဲ၊ နောက်တော့ ထင်မထားလောက်အောင် စားလာရတော့ ဒါကို မသမာတဲ့ နည်း နှင့် လုပ်လာတော့မှာပဲ၊ ဆက်ပြီး စားရဖို့လည်း အားကိုးရမယ့် လူကို ဆွယ် မှာပဲ၊ နောက်ပြီး ဒီလုပ်ငန်းထဲက ငွေတွေဟာ ခြေရာပျောက် ငွေတွေပါ၊ ကျွန် တော်တို့ ကော်မရှင်ထဲက လူတွေကလည်း ကက်စီနိုတွေ အပေါ် ကြီးကြပ်မှု ပေါ့လျော့နေရတဲ့ အတွက် အားမလိုအားမရ ဖြစ်နေကြရတယ်'

'အဲဒီတော့ အဂတိမှု ရှိတယ်ပေါ့'

'ရှိတယ်လို့တော့ ကျွန်တော် မပြောဘူး၊ ရှိနိုင်တယ်လို့သာ ပြောတာ'

'ဒါကို ဘယ်သူမှတော့ စောင့်ကြည့်မနေဘူးပေါ့နော်'



mgyoe.com

mgyoe.com SAMPLE BOOK

သူက ခြေထောက်များကို ပြင်၍ ချိတ်လိုက်ရင်း စဉ်းစားနေသည်။ ပြီးမှ 'အင်ဒီးယန်း နယ်မြေမှာ မဟုတ် မမှန်တာတွေကို စုံစမ်း စစ်ဆေးနိုင်ခွင့် ရှိတာ အက်ဖ်ဘီအိုင်ပဲ၊ ဒါပေမဲ့ ဒီလူမျိုးစုတွေက ခေတ်နောက်ကျနေကြတာ ဆိုတော့ အက်ဖ်ဘီအိုင်ကလည်း ထိန်းထားပေးတဲ့ သဘောလောက်ပဲ လုပ်နေတယ်၊ ကက်စီနိုကို စာချုပ်နှင့် အစုစပ် ဝင်ထားတဲ့ ကုမ္ပဏီတွေကတော့ အပြင်က လာကြတာ၊ ကက်စီနို လုပ်ငန်းကိုလည်း ကျွမ်းကြတယ်'

'အက်ဖ်ဘီအိုင် အနေနှင့် အဲဒီက စာရင်းတွေကို ဝရမ်း ထုတ်ပြီး ဝင်စစ်လို့ ရနိုင်မလား'

'အဲဒါတော့ မပြောတတ်ဘူး၊ ကျွန်တော် သိသလောက် အဲဒါမျိုးလည်း တစ်ခါမှ မရှိခဲ့ဖူးဘူး၊ နှစ်ပေါင်း နှစ်ဆယ် ရှိပြီ၊ အင်ဒီးယန်း အရေးကို အက်ဖ်ဘီအိုင်က စိတ်ဝင်စားတဲ့ ဟန်ကို မရှိခဲ့ဘူး'

'အဲဒါ ဘာဖြစ်လို့လဲ'

'မသိဘူးလေ၊ ကျွန်တော် ထင်တာကတော့ လူသား အရင်းအမြစ်နှင့် ဆိုင်လိမ့်မယ် ထင်တယ်၊ အက်ဖ်ဘီအိုင်က အကြမ်းဖက် ဝါဒနှင့် ဆိုက်ဘာ လုံခြုံရေးကို အာရုံစိုက်နေတာ၊ အင်ဒီးယန်း ကက်စီနိုတွေမှာ နည်းနည်းလေး မမှန်မကန် ဖြစ်တာလေးလောက်ကို စိတ်မဝင်စားကြဘူး၊ ဘာဂရုစိုက်နေစရာ လိုလို့လဲ၊ အင်ဒီးယန်းတွေဟာ နှစ်ပေါင်း နှစ်ရာလောက် ရှိပြီ သိပ်ကောင်းတယ်လို့မှ မရှိခဲ့တာ'

သူက သူ့ကော်ဖီခွက်ထဲသို့ နောက်ထပ် ရေခဲ နှစ်တုံး ထည့်ကာ လက်နှင့် မွှေနေရင်း 'တက်ပါကိုလာတွေလည်း ဒီလိုပဲပေါ့'

'အင်းပေါ့လေ'

'ကျွန်တော်ကတော့ ဒါကို မအံ့ဩပါဘူး'

'ဘာဖြစ်လို့လဲ'

'ဒီမှာ သတင်းတွေ ဖြစ်နေတာ ကြာပြီပဲ' သူက ကော်ဖီကို တစ်ကျိုက် သောက်လိုက်သည်။

'ဘာသတင်းတွေလဲ'

'ပြင်ပ ပယောဂတွေလေ၊ အစကတည်းက မမှန်မကန် လူတွေ ပါနေကြတာ၊ ကက်စီနို တစ်ပိုက်မှာလည်း လူသတ်မှုတွေ ဖြစ်နေကြတာပဲ၊ ဒါပေမဲ့ လူသတ်မှုလို့ မသင်္ကာ ရတယ် ဆိုတာလောက်နှင့် ပြီးသွားတာပါ၊ ကျွန်တော်တို့မှာလည်း ဒါတွေကို သွားစစ်ဆေးရမယ့် တာဝန် ရှိတာ မဟုတ်တော့ အနား

mgyoe.com

mgyoe.com SAMPLE BOOK

တောင် မသွားဘူး၊ မမှန်မကန် လုပ်တယ်လို့ သိရရင် ကျွန်တော်တို့ အက်ဖ်ဘီအိုင်ကို သတင်း ပေးလိုက်ရုံပဲ'

'ငွေတွေကို အပျောက်ရိုက်နေတဲ့ သတင်းမျိုးရော မထွက်ဘူးလား'

သူက ခေါင်းကို ယမ်းကာ 'ဟင့်အင်း၊ တစ်ခါမှ မကြားမိဘူး'

'တရားသူကြီးနှင့် ပတ်သက်တဲ့ သတင်းမျိုးရော'

သူက ခေါင်းကို ယမ်းပြန်ရင်း 'ဟင့်အင်း၊ အဲဒါ အမှန် ဆိုရင်တောင် ကျွန်တော် အံ့ဩမိမှာ'

'အံ့ဩရမှာပဲ၊ ကျွန်မတို့ သတင်း ရထားတယ်'

'ငွေတွေက သိပ်များတော့ ထူးဆန်းတာတွေတော့ ရှိမယ်၊ ကျွန်တော် ဂရုစိုက်မှ ဖြစ်တော့မယ် မစ္စ စတိုဇ်၊ အတော်ကို ဂရုစိုက်ရမယ်'

'ရှင့်ကို ကြည့်ရတာ ရှင်ပြောချင်တာထက် ပိုသိနေပုံပဲ'

'မဟုတ်ပါဘူး'

'ကောင်းပါပြီ၊ ကျွန်မတို့ရဲ့ စုံစမ်း စစ်ဆေးမှုဟာ လူသိခံလို့ မဖြစ်ဘူး ဆိုတာတော့ မမေ့ပါနှင့်'

'စိတ်ချပါ'

ဖလော်ရီဒါ လောင်းကစား လုပ်ငန်း ဆိုင်ရာ ကော်မရှင်သို့ လေစီ စပြီး ဖုန်းဆက်နေချိန်တွင် ဟူဂိုမှာလည်း ဂေါက်ကွင်းကို သွားရောက် လေ့လာနေသည်။ မိုက်ကယ် ဂေဆမာ၏ အကြံပြုချက် အရ မိမိတို့ ဌာနမှ လုပ်ဖော်ကိုင်ဖက် ဂျပ်စတင် ဘာရီးနှင့် သွားရောက် ဟန်ပြ ဂေါက်ရိုက်ခြင်း ဖြစ်သည်။

ဂျပ်စတင်ကတော့ စနေ၊ တနင်္ဂနွေ ဂေါက်ရိုက်နေကျ ဆိုတော့ မိမိတို့ကို မရိပ်စားမိအောင် ကွင်း အထာကို သိနေသည်။ ဟူဂိုကတော့ ဂေါက်သီးကို ဝါသနာ ပါသူ မဟုတ်။ သူ့အတွက်တော့ ဂေါက်သီး ဆိုသည်မှာ လူဖြူများ၏ အားကစား ဖြစ်၍ လူဖြူ ကလပ်များတွင်သာ ကစားကြသည်ဟု အသိဖြင့် ကြီးပြင်းလာခဲ့သူ ဖြစ်သည်။

ပထမဆုံး တီးဘောက်စ် (ဂေါက်သီး စတင် ရိုက်သည့် ကွင်းငယ်) မှာ ကားလမ်းနှင့် ကလပ် အသင်း အဆောက်အအုံတို့၏ ထောင့်တွင် ဖြစ်သည်။ ဂျပ်စတင်က စရိုက်သည်။ ဟူဂိုကတော့ မရိုက်။ အချိန်မှာ သြဂုတ်လ နံနက် ဆယ်နာရီခွဲ ဖြစ်သဖြင့် အပူချိန်မှာ ကိုးဆယ် ဒီဂရီ ကျော်နေသည်။ ဂေါက်



mgyoe.com

mgyoe.com SAMPLE BOOK
ကွင်းမှာလည်း လူသူ ကင်းနေ၏။ ဟူဂိုမှာ ဂေါက်သီး လှည်းကို တွန်းလာသော်လည်း ကစားတတ်သည် မဟုတ်။ ထို့ကြောင့် ဂျပ်စတင် ရိုက်ချက်ညံ့သည်ကိုလည်း သူ မသိ။ ဂျပ်စတင် သုံးချက် ရိုက်သည်မှာ တလွဲစီ ဖြစ်တော့မှ ဟူဂို ရယ်တော့သည်။

ငြိမ်ဟတ်တု ဖုန်းကို သုံးကာ တရားသူကြီး ကလော်ဒီယာ မက်ဒိုဗာ ပိုင်သည်ဟု ဆိုသော ကွန်ဒို လေးလုံးကို သူတို့ ရှာကြည့်သည်။ ဂေဆမာက နေရာကို ကြည့်လာကာ ဓာတ်ပုံများ ရိုက်ခဲ့ရန် မှာလိုက်သည်။ စတုတ္ထမြောက် တီးဘောက်စ်ကို ရောက်တော့ သူတို့နှင့် ကိုက် ၂၅၀ အကွာ၊ ဂေါက်ကွင်း၏ လက်ယာဘက် အပြင်တွင် ကွန်ဒိုလှလှကလေးများကို တွေ့လိုက်ရသည်။

ဟူဂိုက 'မင်း ရိုက်လိုက်ရင် ကွင်းအပြင်ကိုချည်းပဲ ရောက်ကုန်တယ်၊ ဒီတော့ ဒီတစ်ခါ ကွင်းအပြင်ဘက် ကွန်ဒိုတွေဆီ ရောက်အောင် ရိုက်လိုက်ပါဦး၊ မင်းရဲ့ ကျွမ်းကျင်မှုကို ပြတဲ့ အနေနှင့် ခပ်ပြင်းပြင်းလေး ရိုက်စမ်းပါ'

ဂျပ်စတင်က 'မင်း ရိုက်ကြည့်ပါလား၊ လွယ်တယ် မှတ်လို့'

'မင်း ကြည့်လိုက်' ဟူဂိုက တီတိုင်ကို မြေမှာ စိုက်၊ တီတိုင်ပေါ် ဂေါက်သီး တင်၊ တအား လွှဲရိုက်လိုက်ရာ ဂေါက်သီးမှာ မိုးပေါ် မြောက်တက်သွားပြီး ကွေ့သွားကာ တောအုပ်ကလေးထဲ ကျကာ ပျောက်ကွယ်သွားတော့သည်။ ထို့နောက် ဘာမျှ မပြောဘဲ အိတ်ထဲမှ ဂေါက်သီး နောက်တစ်လုံး ထုတ်ကာ ထပ်ရိုက်ပြန်သည်။ ဂေါက်သီးမှာ ခပ်နိမ့်နိမ့် ထွက်သွားရာမှ မြောက်တက်သွားကာ ကွန်ဒိုများပေါ် ကျော်တက်သွားသည်။

ဂျပ်စတင်က 'မင်း ရိုက်တာတွေက တစ်လုံးနှင့် တစ်လုံး တစ်မိုင်လောက် ဝေးတယ်၊ ကွင်းအပြင်မှာချည်းပဲ'

'အခုမှ ငါ စရိုက်ဖူးတာလေ'

'သိပါတယ်' ဂျပ်စတင်က တီတိုင်ကို စိုက်ကာ လမ်းကြောင်း ကြည့်လိုက်ပြီး 'ငါ သေချာ ချိန်ပြီး ရိုက်ပြမယ်၊ ကွန်ဒိုထဲ ဝင်အောင်တောင် ရိုက်လို့ရတယ်၊ ပြတင်းမှန်တွေ မကွဲစေချင်ဘူး မဟုတ်လား'

'ရောက်အောင်သာ ရိုက်ပါ၊ အဲဒီ ဂေါက်သီး ငါ သွားရှာမယ်'

ရိုက်ချက်မှာ ရည်ရွယ်သည့် အတိုင်း ရောက်သွားသည်။ ဂေါက်သီးမှာ ဂေါက်ကွင်း အပြင်ဘက် ကွန်ဒိုများကို ပတ်ထားသည့် ချုံစည်းတန်းများ အကြား ကျသွားသည်။

'ကွက်တိပဲ' ဟူဂိုက ချီးကျူးလိုက်၏။


mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ယောက်သား ဂေါက်ကွင်းစီး ကားကလေးပေါ်သို့ တက်ကာ ဂေါက်လမ်းကြောင်း အလယ်မှ တစ်ဆင့် ကွန်ဒိုများ ရှိရာ လက်ယာဘက်သို့ ကွေ့မောင်းလာသည်။ ဂျပ်စတင်က ဂေါက်သီး တစ်လုံးကို သူ ရိုက်လိုက်၍ ရောက်လာသည့်ဟန် မြက်များထဲသို့ ပစ်ချလိုက်၏။ နောက်ပြီး ဂေါက်သီး ရောက်သည့် နေရာနှင့် ကျင်းရှိရာ အကွာအဝေးကို တိုင်းသည့် ကိရိယာကလေးနှင့် တူသော ပစ္စည်း တစ်ခုကို ထုတ်လိုက်သည်။ ယင်းမှာ ဗီဒီယို ကင်မရာကလေး ဖြစ်သည်။ ဟူဂိုက အိမ်ရှေ့ မြေကွက်လပ်တွင် ဂေါက်သီး ရှာဟန် လုပ်နေစဉ် ဂျပ်စတင်က ထိုကင်မရာကလေးဖြင့် ကွန်ဒိုများကို အသေးစိတ် ရိုက်နေသည်။ ဟူဂိုတွင်လည်း ခါးတွင် ချိတ်ထားသည့် ဒစ်ဂျစ်တယ် ကင်မရာကလေး ပါသည်။

သူတို့ နှစ်ယောက်မှာ ဂေါက်သီး ပျောက်သွားသဖြင့် ရှာနေသည့် ဂေါက်သမား နှစ်ယောက် ပုံစံတည်း။ သည်လိုလည်း ဂေါက်သီးသမားများ နေ့တိုင်း ပျောက်၍ ရှာရတတ်သည်ချည်း။

ပျောက်သွားသည့် ဂေါက်သီး အတော်များများကို သုံးနာရီခန့် ရှာပြီးသည့်နောက် သူတို့ လှည့်ပြန်လာကြသည်။ ထိုသို့ ပြန်လာပြီးနောက် မည်သည့် ဂေါက်ကွင်းကိုမျှ နောက်ထပ် ခြေမချတော့ရန် ဟူဂို သန္နိဋ္ဌာန် ချလိုက်တော့သည်။

တယ်လာဟက်စီမြို့သို့ ပြန်ရောက်တော့ အက္ကမန် ဆိုသော မြို့ငယ်လေးကို သွားကာ အယ်လ် ဘန်းနက် ဆိုသူ ရှေ့နေနှင့် စကား ပြောရပြန်သည်။ ရှေ့နေ ရုံးခန်းမှာ အတော်လေး ကောင်းပြီး မိန်းလမ်းပေါ်တွင် ဖြစ်သည်။ ရှေ့နေက ဟူဂိုအား ပျူငှာစွာ ခရီးဦးကြိုပြုသည်။ ဂျပ်စတင်ကတော့ ကော်ဖီဆိုင် တစ်ဆိုင်တွင် သွားထိုင်နေ၏။

ဘန်းနက်သည် လွန်ခဲ့သည့် ငါးနှစ်က မက်ဒိုဗာနှင့် ပြိုင်ကာ တရားသူကြီးဝင် အရွေးခံခဲ့သည်။ မဲဆွယ်ပွဲတွင် အကုန်အကျ များခဲ့သော်လည်း မဲ ၃၁ ရာခိုင်နှုန်းသာ ရခဲ့သည်။ ထို့ကြောင့် စိတ်ပျက်ကာ အက္ကမန် မြို့သို့ ပြန်လာခဲ့သည်။ ဖုန်းထဲတွင် ဟူဂိုက အတိအကျ မပြောဘဲ ဒေသခံ တရားသူကြီးများအကြောင်း နည်းနည်းပါးပါး မေးလိုသည်ဟုသာ ပြောထားသည်။

လူချင်း တွေ့တော့မှ မိမိတို့ တရားရေး လုပ်ငန်း စိစစ်ရေး ဘုတ်အဖွဲ့က တရားသူကြီး ကလော်ဒီယာ မက်ဒိုဗာ အပေါ် တိုင်ချက် ရှိသဖြင့် စုံစမ်း စစ်ဆေးနေကြောင်း ပြောပြလိုက်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

စွဲချက်များမှာ ဟုတ်ချင်မှလည်း ဟုတ်မည်ဟုလည်း ပြောလိုက်သည်။

ဘန်းနက်ကလည်း စိတ်အား ထက်သန်မှု ရှိသည်။ ဘန်းနက်မှာ စကား ပြော မြန်ပြီး အသံကလည်း စူးကာ စကားပြော ညံ့သူ ဖြစ်သည်။ မဲ ၃၁ ရာခိုင်နှုန်း သူ ဘယ်လိုများ ရခဲ့ပါလိမ့်ဟု ဟူဂို တွေးနေမိသည်။

ဟူဂိုက သိပ်မတွေ့ချင်။ ရှေ့နေများသည် သူတို့ အမှုသည်များနှင့် ပတ်သက်သည်လောက်သာ နှုတ်လုံတတ်ပြီး ကျန်သည့် ကိစ္စများတွင် နှုတ်ဖွာတတ်သူများ ဖြစ်သည်။ များများ တွေ့လေ သတင်း မြန်မြန် ပေါက်လေ ဖြစ်ကာ မက်ဒိုဗာနှင့် အပေါင်းပါတို့ သူတို့ကို လိုက်စုံစမ်းနေကြောင်း သိကုန်တော့မည်။ လေစီကလည်း ထိုအတိုင်း သဘောရသည်။ သို့သော် ဂေဆမာက ဘန်းနက်ကိုလည်း မေးကြည့်သင့်သည်ဟု တိုက်တွန်းခဲ့ခြင်းကြောင့် ဖြစ်သည်။

ဟူဂိုက 'မဲဆွယ်ပွဲက အဆင်မပြေဘူးလား'

'အဖြေကတော့ အဆင်မပြေဘူးလို့ ပြောရမှာပေါ့၊ ကျွန်တော် သောင်ပြိုကမ်းပြို ရှုံးခဲ့တယ်လေ၊ အတော် စိတ်နာတယ်၊ အခုတော့ ဖြေနိုင်သွားပါပြီ' ဘန်းနက်က ပြောနေသည်။

'ညစ်ပတ်တာတွေ ရှိလို့လား'

ခဏမျှ သူ စဉ်းစားနေသည်။ ပြိုင်ဘက်ဟောင်း မကောင်းကြောင်း ပြောချင်သည်ကိုလည်း သူ့ကိုယ်သူ ထိန်းနေရဟန် ရှိသည်။ 'ကျွန်တော့်မှာ တရားသူကြီး အတွေ့အကြုံ မရှိဘူးလို့ ပြောပြီး သူက စည်းရုံးတယ်၊ ဒါကို ကျွန်တော်လည်း ငြင်းလို့ မရဘူး၊ ဒါပေမဲ့ သူလည်း အရွေးခံပြီးတော့မှ အတွေ့အကြုံ ရှိလာတာပါ၊ ဒါက အရှည်ကြီး ရှင်းပြရမှာ၊ မဲဆန္ဒရှင်တွေကလည်း သိပ်ရှည်ရှည်ဝေးဝေး စဉ်းစားချင်တာ မဟုတ်ဘူး၊ နောက်ပြီး သူက နာမည်လည်း ရနေပြီလေ'

'သူ့ကို ခင်ဗျား တိုက်ခိုက် ပြောတာမျိုး ရှိသေးလား'

'မလုပ်ပါဘူး၊ တိုက်ခိုက် ပြောစရာ အကြောင်းလည်း ရှာမတွေ့ပါဘူး'

'သူ့ကို ကျင့်ဝတ် ပျက်ပြားမှုနှင့် ပတ်သက်ပြီး စွပ်စွဲတာမျိုးရော ရှိဖူးလား'

သူက ခေါင်းခါပြီး 'မရှိပါဘူး၊ ခင်ဗျားတို့ စုံစမ်းနေတာ ဘယ်လို ကျင့်ဝတ် ပျက်ပြားမှုမျိုးလဲ'

ထိုအကြောင်းများနှင့် ပတ်သက်၍ ဘာမျှ မပြောရန် ဟူဂို ချက်ချင်းဆုံးဖြတ်လိုက်သည်။ ဘန်းနက် ရွေးကောက်ပွဲတွင် မက်ဒိုဗာကို ရှုံးခဲ့ရပြီး သူမ

mgyoe.com

mgyoe.com SAMPLE BOOK

နှင့် ပတ်သက်သည့် မကောင်း သတင်း တစ်စုံတစ်ရာ မသိဟု ဆိုလျှင် ယခု စွဲချက်များကို သူ့အား ပြောပြရန် အကြောင်း မရှိ။ ထို့ကြောင့် 'ခင်ဗျား ဘာမှ မကြားဘူးပေါ့နော်'

ဘန်းနက်က ဘာမျှ မကြားဘူး ဆိုသည့် အနေဖြင့် ပခုံး တွန့်ပြသည်။ ပြီးတော့ သူက 'မကြားပါဘူး၊ အရင်တုန်းကတော့ အိမ်ထောင်ရေး အဆင် မပြေလို့ လင်မယား ကွဲတယ် ဆိုတာလောက်ပဲ၊ အိမ်ထောင် မပြုဘူး၊ တစ် ယောက်တည်း နေတယ်၊ ကလေး မရှိဘူး၊ ဘယ် အသင်းအဖွဲ့မှ မဝင်ဘူး ဆိုတာတွေလောက်ပါပဲ၊ ကျွန်တော်တို့ကလည်း သူများ မကောင်း သတင်း လိုက်စပ်စုတာမှ မဟုတ်တာ၊ ဘာမကောင်း သတင်းမှ ထွက်မလာပါဘူး'

'ဟုတ်ပါပြီ၊ အခုလို အချိန်ပေး ဖြေကြားတဲ့ အတွက် ကျေးဇူးပါ'

သူ့ထံမှ ပြန်လာတော့ အခြား တစ်နေရာ ဝင်စုံစမ်းရသေးသည်။ ထိုနေ့ အဖို့ အချိန် ပုပ်သွားသည်ဟု ဟူဂို တွေးလိုက်မိသည်။

ဆန် ရာဇကို၏ ကျွန်ရစ်သူ ဇနီးကို လေစီ သွားတွေ့သည်။ မုဆိုးမမှာ ဖို့ဝေါ်လ်တန် ပင်လယ် ကမ်းခြေ အနီး အိမ်ကလေး တစ်လုံးတွင် နေထိုင်သည်။ နောက်ထပ် အိမ်ထောင်လည်း ပြုထားသဖြင့် သိပ်အမေးမခံချင်တော့။ ဒုတိယ အကြိမ် ဖုန်းဆက်တော့မှ တွေ့ခွင့် ပေးသည်။ သူမက အလုပ် လုပ်နေသဖြင့် အလုပ်က ပြန်မှ တွေ့ရသည်။ သုံးနာရီခန့် ကားမောင်းသွားရပြီး ညနေ ခြောက် နာရီမှ သူမနှင့် တွေ့သည်။ ထိုအချိန်တွင် ဟူဂိုလည်း ဂေါက်ကွင်းတွင် ဂေါက် သီး ရှာနေချိန် ဖြစ်သည်။

မှတ်တမ်း ဖိုင်များထဲတွင် ခင်ပွန်းသည် ဆန် ရာဇကို အသတ်ခံရချိန်တွင် သူမ အသက်မှာ ၃၁ နှစ်ဟု ဆိုသည်။ ဆန် ရာဇကိုနှင့် ကလေး နှစ်ယောက် ရခဲ့ပြီး ကလေးများမှာ အရွယ် ရောက်ကုန်သဖြင့် ဖလော်ရီဒါတွင်ပင် မရှိကြ တော့။ သူမ၏ အမည်မှာ လူးဝစ် ဖြစ်ပြီး မကြာသေးမီက အိမ်ထောင်ကျကာ သီးသန့် နယ်မြေမှ ပြောင်းလာခဲ့ခြင်း ဖြစ်သည်။

လူးဝစ်မှာ အသက် ငါးဆယ် နီးပါး ရှိနေပြီး ဆံပင်တွေ ဖြူကာ ပုအိုင့် အိုင့် ဖြစ်သည်။ သူမ၏ ဘဝ ခရီးက မကောင်းခဲ့။

လေစီက အခြေအနေကို ရှင်းပြလိုက်သည်။ သို့သော် လူးဝစ်က စိတ် ဝင်စားဟန် မရှိ။



mgyoe.com

mgyoe.com SAMPLE BOOK

'ဒီလူသတ်မှုနှင့် ပတ်သက်တာတွေကို ကျွန်မ မပြောချင်ဘူး'

'ဟုတ်ပါပြီ၊ ဒါဆိုလည်း တရားသူကြီး မက်ဒိုဗာနှင့် ပတ်သက်ပြီး မှတ်မိတာတွေ ရှိလား'

လူးဝစ်မှာ ရေခဲစိမ် လက်ဖက်ရည်ကို စုတ်တံဖြင့် စုပ်နေရင်း သည်နေရာမှ ထွက်ပြေးသွားချင်စိတ် ဖြစ်နေဟန် ရှိနေသည်။ နောက်ဆုံးတွင် သူမက 'တရားခွင်နှင့် ပတ်သက်ပြီးပဲ မှတ်မိတယ်'

'ဒါဆို တရားခွင်ကို တက်နားထောင်ခဲ့တယ်ပေါ့နော်'

'တက်တာပေါ့၊ အမှု စစ်တိုင်း ကျွန်မ ရောက်တယ်'

'အဲဒီ တရားသူကြီးနှင့် ပတ်သက်ပြီး ရှင် ဘယ်လို မြင်သလဲ'

'အခုမှ အဲဒါက ဘာ အရေးကြီးတော့လို့လဲ၊ အမှု စစ်တာတွေက နှစ်ပေါင်း ကြာခဲ့ပြီပဲ၊ အဲဒီ တရားသူကြီး အဲဒီတုန်းက လုပ်ခဲ့တာတွေနှင့် ပတ်သက်ပြီး ရှင်တို့ သိချင်တာလား'

'မဟုတ်ပါဘူး၊ အဲဒီ တရားသူကြီးဟာ လာဘ်စားဖို့ အကြံအစည် တစ်ခုမှာ ပါနေတယ် ဆိုပြီး တိုင်တန်းထားတာ ရှိလို့ ကျွန်မတို့ စုံစမ်းနေတာပါ၊ အဲဒါကလည်း ကက်စီနိုနှင့် ပတ်သက်နေတယ်'

'ကက်စီနို အကြောင်းတော့ ကျွန်မ မပြောချင်ဘူး၊ ကက်စီနိုဟာ ကျွန်မတို့ လူမျိုးစုထဲမှာ ပြဿနာ တစ်ခု ဖြစ်နေတာ'

လေစီက မှတ်စု စာအုပ်တွင် ရေးမှတ်လိုက်ပြီး 'ရှင့်အမျိုးထဲကရော ကက်စီနိုမှာ အလုပ် လုပ်တဲ့လူ ရှိလား'

'ဘာဖြစ်လို့ မေးတာလဲ'

'ကက်စီနိုနှင့် ပတ်သက်တဲ့ သတင်းတွေကို ကျွန်မတို့ သိချင်တာ၊ အဲဒါ အခက်အခဲ ရှိနေလို့၊ အဲဒီ အထဲက အတွင်းလူ တစ်ယောက်ကို မေးလို့ ရရင် သိပ်အဆင်ပြေမယ်'

'ဒါဆို အဲဒါမျိုးကို မမျှော်လင့်ပါနှင့်တော့၊ ဘယ်သူကမှ ပြောကြမှာ မဟုတ်ဘူး၊ အဲဒီမှာ လုပ်နေတဲ့ လူတွေဟာ အလုပ်အကိုင်လည်း ရှိနေကြပြီး ထောက်ပံ့ကြေးလည်း ရနေကြတော့ ပျော်နေကြတာ၊ အဲဒီမှာ အလုပ် မရကြတဲ့ လူတွေကတော့ အဲဒါကို မနာလိုနေကြတယ်၊ နာကြည်းနေကြတယ်၊ ဒါပေမဲ့ သူတို့လည်း ထောက်ပံ့ကြေး ရနေကြတယ်လေ၊ ဒီတော့ ကက်စီနို ထိခိုက်အောင် ဘယ်သူမှ လုပ်မှ မဟုတ်ဘူး'

'ဗွန်း ဒူဘို့ ဆိုတဲ့ နာမည်ကိုရော ကြားဖူးလား'

mgyoe.com

mgyoe.com SAMPLE BOOK

'ဟင့်အင်း၊ သူက ဘယ်သူလဲ'

'အဲဒီလူဟာ ကက်စီနို ထောင်ချင်လို့ ရှင်ယောကျ်ားကို လမ်းရှင်းတဲ့ အနေနှင့် သတ်ပစ်တာ ဆိုရင် ရှင် ယုံနိုင်မလား' လေစီကတော့ ထိုအတိုင်း ယုံနေသည်၊ သက်သေ ပြစရာတော့ မရှိ။ သို့သော် လူးဝစ်အား ပြောချင်လာအောင် စွတ်ပြောချလိုက်ခြင်းသာ ဖြစ်သည်။

လူးဝစ်မှာ ကော်ဖီကို တစ်ကျိုက် ထပ်သောက်ရင်း ပြတင်းပေါက်ကို ကြည့်နေသည်။ တက်ပါကိုလာ လူမျိုးစု အကြောင်းကို လေစီ လေ့လာကြည့်သည်။ သူတို့က အပြင် လူများကို မယုံတတ်။ ထို့အတွက်လည်း သူတို့ကို အပြစ်တင်ရန် မရှိ။ နောက်တစ်ချက်က သူတို့သည် မည်သည်ကို ဆွေးနွေးသည် ဖြစ်စေ အလောသုံးဆယ် မရှိကြ။ ဖြည်းဖြည်းချင်း စဉ်းစားကာ စကားကို နားနားပြီး ပြောတတ်သည်။

နောက်ဆုံးတွင် လူးဝစ်က လေစီကို ကြည့်လျက် 'ကျွန်မ ယောကျ်ားကို ဂျူနီယာ မာစီ သတ်တာပါ၊ တရားရုံးမှာလည်း အဲဒီ အတိုင်း သက်သေပြခဲ့ပြီးပြီ၊ ကျွန်မဖြင့် ရှက်လိုက်တာလေ'

လေစီက 'ရှင့်ယောကျ်ားကို ဂျူနီယာ သတ်တာ မဟုတ်ဘူး ဆိုရင်ရော၊ ရှင့်ယောကျ်ားနှင့် အိလင်း မာစီကို သတ်တဲ့ ရာဇဝတ်ကောင်တွေဟာ တက်ပါကိုလာ လူမျိုးစုတွေကို ကက်စီနို ထောင်ချင်အောင် သိမ်းသွင်းတဲ့ လူတွေ၊ ကက်စီနို တစ်ဝိုက်က ဆောက်လုပ်ရေး လုပ်ငန်းတွေက အကျိုးအမြတ်တွေ အများကြီး ရနေတဲ့ လူတွေ၊ အဲဒီ လုပ်ငန်းတွေကနေ ငွေတွေ အများကြီး သိမ်းကျုံးယူနေတဲ့ လူတွေ ဆိုရင်ရော၊ အဲဒီအထဲက လူတွေနှင့် တရားသူကြီး ပတ်သက်နေတယ်၊ အဲဒါ ဆိုရင် ရှင် မအံ့သြဘူးလား'

လူးဝစ် မျက်ရည်တွေ ဝဲလာကာ မျက်ရည်များ ပါးပြင်ပေါ်သို့ စီးကျလာကာ 'ရှင် ဘယ်လိုလုပ် သိလဲ' တစ်စုံတစ်ခုကို နှစ်ပေါင်း များစွာ ယုံကြည်လာခဲ့သူ အဖို့ အခြား တစ်စုံတစ်ခုကို ပြောင်းလဲ ယုံကြည်ရန် ခက်နေမည် ဖြစ်သည်။

'ကျွန်မတို့ စုံစမ်းကြည့်လို့ သိတာပေါ့၊ ကျွန်မတို့ အဲဒါကို စုံစမ်းနေတာ'

'ဒီအမှုကို စုံစမ်းပြီးခဲ့တာ ကြာပြီပဲ'

'အဲဒါက မတရားတဲ့ တရားခွင်နှင့် မမှန်မကန် ဆုံးဖြတ်ခဲ့တာပါ၊ အကျဉ်းသား သတင်းပေး နှစ်ယောက်ကို ရဲတွေက ခုံသမာဓိ အဖွဲ့ ရှေ့မှောက်မှာ မမှန်မကန် ထွက်ဆိုဖို့ အကျပ်ကိုင်ခဲ့ကြတာ'



mgyoe.com

mgyoe.com SAMPLE BOOK

'လူသတ်မှု အကြောင်း ကျွန်မ မပြောချင်ဘူးလို့ ပြောထားပြီးသားပါ'

'ဟုတ်ပြီ၊ ဒါဆို ကက်စီနို အကြောင်း ပြောမယ်၊ ရှင် ဒီအကြောင်းကို သေသေချာချာ မတွေးမိရင် ပြောပြမှာ မဟုတ်ဘူးလို့ ကျွန်မ ထင်တယ်၊ ဒီတော့ ဒီအကြောင်းကို သိတဲ့ ရှင်တို့ လူမျိုးစုထဲက လူတွေ နာမည်ကို ကျွန်မ သိချင်တယ်၊ ရှင် နာမည် တစ်ခု နှစ်ခုလောက် ပြောရုံနှင့် ဘယ်သူမှ ရိုပ်မိမှာ မဟုတ်ပါဘူး၊ ကျွန်မတို့ အလုပ်က သက်သေတွေရဲ့ နာမည်တွေကို မဖော်ထုတ်ရပါဘူး'

'ကျွန်မ ဘာမှ မသိပါဘူး မစ္စ စတိုဇ်၊ ကက်စီနိုထဲကိုလည်း တစ်ခါမှ မရောက်ဖူးဘူး၊ ဘယ်တော့မှလည်း သွားမှာ မဟုတ်ဘူး၊ ကျွန်မရဲ့ ဆွေမျိုးသားချင်းတွေလည်း ဒီလိုပဲ၊ ကျွန်မတို့ ဆွေမျိုးသားချင်းတွေလည်း တခြားကို ပြောင်းကုန်ကြပြီ၊ ကျွန်မတို့ ထောက်ပံ့ကြေးတော့ ယူနေကြတယ်၊ ဒါ ကျွန်မတို့ရဲ့ နယ်မြေမို့လေ၊ ဒါပေမဲ့ ကက်စီနိုဟာ ကျွန်မတို့ လူမျိုးစုရဲ့ စိတ်ဓာတ်ကို ဖျက်ဆီးလိုက်တယ်၊ ကျွန်မ ဘာမှ မသိဘူး၊ ကက်စီနိုကို ကျွန်မ မုန်းတယ်၊ အဲဒီမှာ လုပ်နေတဲ့ လူတွေကိုလည်း ကျွန်မ မုန်းတယ်'

ဆွေးနွေးမှု အဆုံးသတ်သွားပြီဟု လေစီ နားလည်အောင် လူးဝစ် အပြတ်ပြောလိုက်သည်။

နောက်တစ်နေရာ ဝင်ရဦးတော့မည်။

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၁၀

မိုက်ကယ် ဂေဆာမာမှာ သူ့ရုံးခန်း နံရံ တစ်ခု ရှေ့တွင် လူးလာခေါက်တုံ့ လျှောက်နေသည်။ လည်စည်းကိုလည်း လျှော့ထားသည်။ အင်္ကျီ လက်ကိုလည်း မတင်ထားသည်။ ဘာမျှ စုံစမ်း၍ မရသော စုံထောက် တစ်ယောက်၏ အသွင် မျိုးတည်း။ လေစီမှာ မက်ဒိုဗာ၏ ကွန်ဒိုများကို ရိုက်ထားသော ဓာတ်ပုံ တစ်ပုံ ကို ကိုင်လျက် ဘာလုပ်ရမည် မသိ ဖြစ်နေသည်။ ဟူဂိုကတော့ ထုံးစံအတိုင်း ကဖိန်းဓာတ် ပါသော အချိုရည် တစ်ခုကို သောက်ကာ မအိပ်ချင်အောင် ကြိုး စားနေသည်။ ဆက်ဒဲလီကမူ သူမ၏ လက်ပတော့တွင် ရိုက်ကာ အချက်အလက် များကို ရှာနေသည်။

မိုက်ကယ်က 'ငါတို့ ဘာမှလည်း မသိရသေးဘူး၊ ကွန်ဒို လေးလုံးကို ပြည်ပ ကုမ္ပဏီ တစ်ခုက ပိုင်တယ်၊ အဲဒီ ကုမ္ပဏီကို နောက်ကွယ်က ငါတို့ မသိတဲ့ မထင်မရှား လူတစ်ယောက်က ပိုင်တယ်၊ တရားသူကြီး မက်ဒိုဗာကို သူ့ဥပဒေ အဖွဲ့က တစ်ဆင့် မေးမယ် ဆိုရင်လည်း ဒီကွန်ဒိုတွေကို သူ ပိုင်တယ် လို့ ပြောမှာ မဟုတ်ဘူး၊ ဒါမှမဟုတ် ရင်းနှီး မြှုပ်နှံတဲ့ အနေနဲ့ သူ ဝှယ် ထားတာပါလို့ ပြောကြမယ်၊ အဲဒီလို ရင်းနှီး မြှုပ်နှံတာဟာ သူ့လစာနဲ့ ကြည့်ရင် မသက်ဆိုင်ရာ ရှိပေမဲ့ သူ တရားရေး လုပ်ငန်းမှာ ကျင့်ဝတ် ဖောက် ဖျက်တယ်လို့ ပြောဖို့ ခက်တယ်၊ သူဟာ ဥပဒေကို ကျွမ်းကျင်တယ် ဆိုတာ မင်းတို့ကို ပြောပြဖို့ လိုမယ် မထင်ဘူး၊ ငါတို့ နောက်ထပ် အချက်အလက် တွေ ရမှကို ဖြစ်မယ်'

ဟူဂိုက 'ကျွန်တော်တော့ နောက်ထပ် ဂေါက်မရိုက်တော့ဘူးနော်၊ ဘာ မဟုတ် ညာမဟုတ်နဲ့ သက်သက် အချိန် ပုပ်တာ'

မိုက်ကယ်က 'ဟုတ်ပါတယ်၊ ငါ့ဘက်က မှားတာပါ၊ မင်းမှာရော အကြံ ကောင်း ရှိလို့လား'



mgyoe.com

mgyoe.com SAMPLE BOOK

လေစီက 'ကျွန်မတို့ လက်လျှော့လို့တော့ မဖြစ်ဘူး မိုက်ကယ်၊ ဂရက် မိုင်ယာ ပြောတာတွေဟာ အမှန်တွေပဲ ဆိုတာလောက်တော့ ကျွန်မတို့ သိကြပြီ၊ အကုန် မမှန်ခဲ့တောင် အတော် နီးစပ်တယ်၊ ဒါကို ကျွန်မတို့ လက်လျှော့လို့ မဖြစ်ဘူး'

'လောလောဆယ်တော့ မဟုတ်ဘူးပေါ့၊ သုံးပတ် အတွင်း ငါတို့ မက်ဒိုဗာ အပေါ် စွဲချက်ကို ဆက်လိုက်နိုင်ရင် လိုက်၊ မလိုက်နိုင်ရင် ဂရက် မိုင်ယာကို ငါတို့ရဲ့ ကနဦး စုံစမ်းမှုတွေ အရ သူ့စွဲချက်တွေဟာ မခိုင်မာဘူး ဆိုတာ ပြောလိုက်ရုံပဲ၊ ခိုင်မာမယ်လို့ ငါတို့ လက်ခံထားတယ် မဟုတ်လား၊ ဒါကြောင့် စွဲချက်တွေကို လက်ခံပြီး မက်ဒိုဗာရဲ့ ဖိုင်တွေ မှတ်တမ်းတွေကို ကြည့်ခွင့် အမိန့် တောင်းမယ်၊ အဲဒီမှာ သူဟာ သူ့ရှေ့နေတွေ အားကိုးနှင့် ကာတာ ဝှက် တာတွေ လုပ်လိမ့်မယ်၊ ဒါကြောင့် ငါတို့ တောင်းကြည့်တာတွေဟာ စေ့စေ့ စပ်စပ် ရှိဖို့ လိုတယ်၊ ဆိုပါတော့၊ သူ့ရဲ့ တရားရုံးဖိုင်တွေ၊ ဥပဒေဖိုင်တွေ၊ အမှုတွဲဖိုင်တွေ ကြည့်ရဖို့ လိုတယ်၊ သူ ခိုးတာ၊ လာဘ်စားတာ၊ မတော်မတရား လုပ်တာတွေ မတွေ့ရင် သူ့ရဲ့ ကိုယ်ပိုင် ငွေကြေး မှတ်တမ်းတွေ တောင်းကြည့် နိုင်တဲ့ အထိ အမိန့် ထုတ်ရမယ်'

'ဥပဒေ လုပ်ငန်းစဉ်ကို ကျွန်တော်တို့ သိပါတယ်' ဟူဂိုက ဝင်ပြောသည်။

'အေး ဟုတ်ပါတယ်၊ မင်းက ငါ့ကို သရော်တာလား ဟူဂို၊ ငါတို့ အခြေအနေကို ပြောပြနေတာ၊ ငါက အကြီးအကဲ၊ ငါ့မှာ လုပ်ပိုင်ခွင့် ရှိတယ်၊ ဂေါက်ကွင်းကို ပြန်သွားရမယ်'

'အောင်မယ်လေး၊ မလုပ်ပါနှင့်တော့'

'အဲဒီလို ဟန်ပြ ကုမ္ပဏီနှင့် နောက်ကွယ်ကနေ လုပ်နေလောက်အောင် ကျွမ်းကျင်တဲ့ လူဟာ ငွေကြေး မှတ်တမ်းတွေကို ငါတို့ ရှာတွေ့မယ့် နေရာ မျိုးမှာ ထားမှာ မဟုတ်ဘူး၊ ဟုတ်တယ် မဟုတ်လား'

လေစီနှင့် ဟူဂိုတို့က ခေါင်းညိတ်ကြသည်။ ထို့နောက် စကား မပြော ဖြစ်ကြ။

မိုက်ကယ်မှာ ခေါင်းကုတ်ရင်း လမ်း ဆက်လျှောက်နေသည်။ ဟူဂိုမှာ ကဖိန်းရည်ကို သောက်ကာ ခေါင်းကြည်အောင် လုပ်နေသည်။ လေစီကမူ မှတ်စု စာအုပ်ပေါ်တွင် တောင်ခြစ် မြောက်ခြစ် လုပ်ရင်း စဉ်းစားနေသည်။ ဆက်ဒဲလီ ၏ ကွန်ပျူတာ ခလုတ်များ အသံကိုသာ ကြားနေရ၏။

နောက်ဆုံးတွင် မိုက်ကယ်က 'ဆက်ဒဲလီ ငြိမ်လှချည်လား'



mgyoe.com

mgyoe.com SAMPLE BOOK

'ကျွန်မက ဥပဒေ ကျွမ်းကျင် အဆင့်မှ မဟုတ်တာ' ထို့နောက် သူမ ချောင်းဆိုးကာ အနိမတတ် ဖြစ်ပြီးနောက် 'ကျွန်ခဲ့တဲ့ ၁၁ နှစ်က ဘရန်းဆွစ် ခရိုင်ရဲ့ ဆောက်လုပ်ရေး ၃၃ ခုကို ကျွန်မ လိုက်ရှာနေတာ၊ ဂေါက်ကွင်း၊ ဈေးဝယ် စင်တာတွေ၊ ဆီးစတော အရပ်မှာ ရှိတဲ့ ကုန်တိုက်ငယ်တွေ၊ ရုပ်ရှင်ရုံတွေက အစပေါ့၊ အဲဒီ အထဲမှာ ဘဟားမားကျွန်း အခြေစိုက် နိုင်လန် တိုင်တဲ ကုမ္ပဏီက အများဆုံး ပါနေတယ်၊ ပြည်ပ ကုမ္ပဏီတွေ လက်အောက်ခံ တခြား ကုမ္ပဏီတွေလည်း ပါတယ်၊ နိုင်ငံခြား ကော်ပိုရေးရှင်းတွေက ပိုင်တဲ့ အယ်လ်အယ်လ်စီ ဆိုတဲ့ ကုမ္ပဏီ တစ်ခုလည်း ပါတယ်၊ ကျွန်မ အနေနှင့်တော့ ဒါတွေကို တစ်ယောက်ယောက်က လျှို့ဝှက် လုပ်ကိုင်နေတယ်လို့ ထင်တယ်၊ မူမှန်တဲ့ သဘော တွေ့ရတယ်၊ ဘရန်းဆွစ် ခရိုင်လို ခေတ်နောက်ကျနေတဲ့ နေရာကို ပင်လယ်ရပ်ခြား ကုမ္ပဏီတွေက ဒီလောက် မျက်စိကျတာ အရင်က မဖြစ်ဖူးတဲ့ ကိစ္စပဲ၊ ဒီခရိုင်ထက် ဆောက်လုပ်ရေး လုပ်ငန်း များတဲ့ တခြား ခရိုင်တွေကို ကျွန်မ လိုက်ရှာကြည့်တယ်၊ သူတို့ဆီမှာ ဒီမှာလောက် ကုမ္ပဏီ များများ မပါဘူး'

'နိုင်လန် တိုင်တဲနှင့် ပတ်သက်လို့ ထပ်မတွေ့ရဘူးလား' ဟူဂိုက မေးလိုက်သည်။

'မတွေ့ဘူး၊ ဘဟားမားရဲ့ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းတွေက ထိုးဖောက်ရှာဖို့ မလွယ်အောင် လုပ်ထားတာ၊ အက်ဖ်ဘီအိုင် မပါရင် ရှာလို့ လွယ်မှာ မဟုတ်ဘူး'

'ဒါဆိုတော့ စောင့်ရဦးတော့မှာပေါ့' မိုက်ကယ်က ပြောပြီး လေစီကို ကြည့်ကာ 'မင်း မိုင်ယာနှင့် မကြာသေးခင်က တွေ့ခဲ့သေးလား'

'ဟင့်အင်း၊ သူက သူ တွေ့ချင်မှ သွားတွေ့လို့ ရတာ'

'အခု တွေ့ဖို့ လိုလာပြီ၊ သူ့ရဲ့ တိုင်ချက်တွေက အခက်အခဲ ရှိနေတယ်၊ သူ့ဆီက နောက်ထပ် သိသင့်တာတွေကို ထပ်ပြောမပြရင် ဒါကို ငါတို့ လက်လျှော့လိုက်တော့မယ်လို့ ပြောလိုက်'

'ဆရာ တကယ် ပြောတာလား' လေစီက မေးလိုက်သည်။

'တကယ်တော့ မဟုတ်သေးပါဘူး၊ သူ့ကို ဖိအား ပေးမှ ရမယ်၊ သူ့မှာ အတွင်း သတင်း ရနိုင်တဲ့ နေရာ ရှိနေတယ်လေ'

mgyoe.com

mgyoe.com SAMPLE BOOK

မိုင်ယာနှင့် အဆက်အသွယ် ရရန် နှစ်ရက်လုံးလုံး ဖုန်းနံပါတ် သုံးမျိုးကို အကြိမ် တစ်ဒါဇင်ခန့် ဆက်ရသည်။ လေစီထံ သူ ဖုန်းပြန်ဆက်တော့ သူ ဝမ်းသာနေပုံ ရသည်။ နောက်ထပ် တွေ့ရန် သူလည်း စဉ်းစားနေသည်ဟု ဆိုသည်။ သူ့တွင် ပြောစရာတွေ ထပ်ရထားသည်ဟု ဆို၏။ လေစီက ပိုမို အဆင်ပြေသည့် နေရာတွင် တွေ့ရန် တောင်းဆိုလိုက်သည်။ စိန့်ဩဂတ်စတင်းမြို့မှာ သာယာပါသည်။ သို့သော် မိမိတို့ အဖို့ သုံးနာရီခွဲခန့် ကားမောင်းသွားရသည်။

နောက်ပြီး မိမိတို့တွင် အလုပ်တွေက များသည်။ သူ့တွင် သည်လောက် ရှိသည် မဟုတ်။ သူက ပန်ဟာန်းဒဲ အရပ်သို့ မလာချင်ခြင်းသာ ဖြစ်သည်။ 'ရန်သူဟောင်းတွေ ရှိနေတယ်' ဟု သူက ဆို၏။ မက္ကဆီကို ကမ်းခြေ ဆိုသည့် မြို့ကလေးတွင် တွေ့ရန် သဘောတူကြသည်။ ပင်လယ်ကွေ့ အနီးမှ မြို့ကလေး ဖြစ်၍ တယ်လာဟက်စီ မြို့မှ အရှေ့တောင်ဘက်သို့ နှစ်နာရီခန့် ကားမောင်း သွားရသည်။ ပင်လယ် ကမ်းခြေ အနီး ညကလပ် တစ်ခုတွင် တွေ့ကြရာ နေ့လယ်စာ အတွက် ပုစွန်ကင်များ မှာစားကြသည်။

မိုင်ယာက သူ ငါးမျှားသည့် အကြောင်းများ၊ ရေငုပ်သည့် အကြောင်းများ ပြောပြနေသည်။ သူ့အသားမှာ ပို၍ပင် ညိုသွားသည်။ အနည်းငယ်လည်း ပိန်သွားသည်။ အပျံစား မော်တော်ဘုတ်ကလေးနှင့် လွတ်လွတ်လပ်လပ် မပူမပင် သွားလာနေသော မိုင်ယာကို ဟူကို အားကျမိသည်။ လေစီကတော့ အားကျဖို့ နေနေသာသာ ထိုလူကို ကြည့်၍ပင် မရချင်။ သူ ပြောနေသည့် စွန့်စားခန်းတွေကို သူမ စိတ်မဝင်စား။ လိုရင်း ကိစ္စကိုပင် ခိုင်မာမှု ရှိ မရှိ ထပ်သိချင်နေ၏။

မိုင်ယာက ပုစွန်တွေ ပလုတ်ပလောင်းနှင့် မေးသည်။ 'ခင်ဗျားတို့ စုံစမ်းတာ ဘယ်အခြေအနေ ရှိလဲ'

'သိပ်အဆင်မပြေသေးဘူး၊ ကျွန်မတို့ အထက် လူကြီးက နောက်ထပ် ခိုင်မာတဲ့ အချက်အလက်တွေ ထပ်ရရင် ရ၊ မရရင် ဒီအမှုကို လက်လျှော့လိုက်ဖို့ ပြောတယ်၊ အချိန်ကလည်း သိပ်မရှိတော့ဘူး'

သူက တပြက်ပြက် ဝါးနေသည်ကို ရပ်ကာ ပါးစပ်ကို လက်ခုံဖြင့် သုတ်လိုက်ပြီး နေကာ မျက်မှန်ကို ချွတ်လျက် 'ခင်ဗျားတို့ ဒီအမှုကို လက်လျှော့လိုက်လို့တော့ မဖြစ်ဘူး၊ ဒါတွေ အမှန် ဆိုတာ ကျွန်တော် ကျမ်းကျိန်


mgyoe.com

mgyoe.com SAMPLE BOOK

ပြောနိုင်တယ်၊ ဒီကွန်ဒို လေးလုံးဟာ မက်ဒိုဇာ ပိုင်တာ၊ သူ့ကို လာဘ်ထိုးတဲ့ အနေနှင့် ပေးထားတာပါ'

ဟူဂိုက 'ဒါတွေကို ပြည်ပမှာ လက်စ ဖျောက်ထားတာ ဆိုတော့ ခင်ဗျား ဘယ်လို သ[illegible]ပြမှာလဲ၊ အဲဒါကို ကျုပ်တို့ ဘယ်လိုမှ ဖော်[illegible]လို့ မ[illegible] မှုပဲ ဓမ်းတွေ အကုန်ကို ဘာဘောဒိတို့၊ ဂရင်းဂေးမင်းကို [illegible] ထားတာ၊ ကျုပ်တို့မှာ အထောက်အထား မရှိဘဲ လိုက်နေရသလို ဖြစ်နေဟာ[illegible] ဒီမိန်းမဟာ ဒီကွန်ဒိုတွေကို ပိုင်တဲ့ ကုမ္ပဏီကို ပိုင်တယ်ပဲ ထား၊ ဘယ်မလဲ အထောက်အထား'

သူက ပြုံးကာ ဘီယာကို ကွတ်ခနဲ သောက်လိုက်ပြီး 'ကျွန်တော့်မှာ ရှိပါတယ်၊ ခဏပဲ စောင့်'

လေစီနှင့် ဟူဂို တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်လိုက်သည်။ ဂရက်မှာ ပုစွန် တစ်ကောင်ကို ခက်ရင်းနှင့် ထိုးယူကာ အချဉ်ရည်ထဲ နှ[illegible] လိုက်ရင်း 'ခင်ဗျားတို့ စားကြလေ'

သူတို့လည်း ပလတ်စတစ် ခက်ရင်းဖြင့် ပုစွန်ကို ထိုးယူလိုက်ကြသည်။ စားချင်စိတ်တော့ မရှိကြ။ မိုင်ယာ ကိုယ်တိုင်လည်း သိပ်မစားသေး။ သူက ဘီယာသာ သောက်ချင်နေ၏။ သူလည်း မစားသေးဘဲ ရပ်နေသည်။ အကဲမရ သည့် စုံတွဲ တစ်တွဲ သူတို့နှင့် ကပ်လျက် စားပွဲတွင် ထိုင်လိုက်ကြသည်။ ထို့ ကြောင့် စားပွဲထိုးက မိုင်ယာ အတွက် နောက်ထပ် ဘီယာ တစ်လုံး ယူလာ ချိန်တွင် သူတို့ စားပွဲမှ ထလာခဲ့ကြသည်။

'ကျွန်မတို့ စောင့်နေတယ်' လေစီက ပြောလိုက်သည်။

'ဟုတ်ပါပြီ' သူက ဘီယာကို တစ်ကျိုက် သောက်ကာ ပါးစပ်ကို လက်ခုံဖြင့် သုတ်ရင်း 'လစဉ် ပထမဆုံး ဗုဒ္ဓဟူးနေ့တိုင်း တရားသူကြီး မက် ဒိုဇာဟာ တစ်နာရီလောက် ရုံးကြိုဆင်းပြီး ယုန်ပြေးမှာ ရှိတဲ့ ကွန်ဒို တစ်လုံး ဆီကို ကားမောင်းသွားတယ်၊ သူ့ရဲ့ လက်ဖပ် အမျိုးအစား ကားကို အဝင် လမ်းပေါ်မှာ ရပ်ထားခဲ့ပြီး လျှောက်လာတယ်၊ ပြီးခဲ့တဲ့ နှစ်ပတ်က သူဟာ ရေတပ်ပြာရောင် လက်တို အင်္ကျီ၊ ဂျင်မီချူး ဆိုင်ထုတ် ဖိနပ်တွေနှင့်၊ လက် ထဲမှာ ချနယ် လက်ကိုင်အိတ် ပါတယ်၊ သူ ရုံးမှာ ထားခဲ့တဲ့ အိတ်အမျိုးအစား နှင့် အတူတူပဲ၊ သူဟာ ကွန်ဒို အဝင် တံခါးကို ပါလာတဲ့ သော့နှင့် ဖွင့်တယ်၊ ဒါဟာ သူ ပိုင်တယ် ဆိုတဲ့ သက်သေ တစ်ခုပဲ၊ ကျွန်တော့်မှာ ဓာတ်ပုံတွေ ရှိတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

'နောက်တစ်နာရီလောက် ကြာတော့ မာစီဒီးကား တစစ်း ရောကလာပြီး လက်ဖပ် ကားဘေးမှာ ရပ်တယ်၊ ကားထဲက လူတစ်ယောက် ထွက်လာတော့ ဒရိုင်ဘာက ကားထဲမှာ ကျန်နေတယ်၊ ထွက်လာတဲ့ လူဟာ ကွန်ဒို အဝင် တံခါးပေါက်ကို လျှောက်လာတယ်၊ ကျွန်တော် ဓာတ်ပုံ ရိုက်ထားတယ်၊ အဲဒီမှာ တွေ့ရခဲတဲ့ ဖွန်း ဒူဘို့ကို ကျွန်တော် တွေ့လိုက်ရတာပဲ၊ သူမှာ ဘားဧရ လက်ဆွဲအိတ် တစ်လုံး ပါလာတယ်၊ အထဲမှာ တစ်ခုခု အပြည့် ပါသလိုပဲ၊ သူက လူခေါ် ခေါင်းလောင်း ခလုတ်ကို နှိပ်ပြီး ဘေးဘီကို အကဲခတ်လိုက်တယ်၊ မသိမသာ စိုးရိမ်နေဟန်တော့ ရှိတယ်၊ ဟိုမိန်းမကြီးက သူ့ကို ပေးဝင်လိုက်တယ်၊ သူ အထဲမှာ ၃၆ မိနစ် ကြာတယ်၊ သူ ပြန်ထွက်လာတော့ ယူသွားတုန်းက အိတ်မျိုး ပြန်ပါလာတယ်၊ အိတ်ထဲက ပစ္စည်း ထားခဲ့ပုံ ရတယ်၊ ဘာရယ်တော့ မပြောနိုင်ဘူး၊ ပြီးတော့ သူ့ကားနှင့် ပြန်ထွက်သွားတယ်။

'နောက် ၁၅ မိနစ်လောက် ကြာတော့ ဟိုမိန်းမကြီးလည်း ပြန်ထွက်သွားတယ်၊ ကျွန်တော် ပြောသလို အဲဒါ လစဉ် ဗုဒ္ဓဟူးနေ့တိုင်း တွေ့တာပဲ၊ ဒါဟာ ကြိုတင် စီစဉ်ထားတာ ဖြစ်လို့ ဖုန်းတွေ အီးမေးလ်တွေ သုံးစရာ မလိုဘူးပေါ့'

မိုင်ယာက ပုစ္ဆာများ ကုန်သွားပြီ ဖြစ်သော သူ့ခွက်ကို ဘေးသို့ ဖယ်လိုက်ပြီး ကိုင်နေကျ သံလွင်ရောင် သူ့လက်ဆွဲအိတ်ထဲမှ ဖိုင်နှစ်ခုကို ဆွဲထုတ်လိုက်သည်။ ထို့နောက် ဟိုကြည့် သည်ကြည့် လုပ်ကာ လေစီနှင့် ဟူဂိုတို့အား တစ်ယောက် တစ်ဖိုင် ပေးလိုက်သည်။ ဓာတ်ပုံများမှာ ရှစ်လက်မ ဆယ်လက်မ အရွယ် ရောင်စုံ ဓာတ်ပုံများ ဖြစ်သည်။ လမ်း၏ တစ်ဖက်မှ ရိုက်ထားဟန်လည်း ရှိ၏။ ပုံ ၁ မှာ လက်ဖပ် ကားကို နောက်မှ ရိုက်ထားသည့်ပုံ ဖြစ်ပြီး ကားနံပါတ်ကို အထင်အရှား တွေ့နေရသည်။

ဂရက် မိုင်ယာက 'အဲဒါကို ကျွန်တော် စုံစမ်းကြည့်တော့ ဒီကားကိုတော့ ကလော်ဒီယာ မက်ဒိုဗာ နာမည်နှင့် မှတ်ပုံတင်ထားတယ်၊ ပြီးခဲ့တဲ့ နှစ်ကမှ ပင်ဆာကိုလာ မြို့ကနေ ဝယ်ထားတာ'

ပုံ ၂ မှာ ကလော်ဒီယာ၏ ဓာတ်ပုံ ဖြစ်သည်။ သူမ မျက်နှာပေါ်တွင် နေကာ မျက်မှန်ကြီးက နေရာယူထားသည်။ လေစီက ကလော်ဒီယာ၏ လေးလက်မ ဒေါက်မြင့် ဖိနပ်ကို ကြည့်ကာ 'ဖိနပ် ဒီဇိုင်းကို ရှင် ဘယ်လို သိတာလဲ'

'ပဥ္စမံ ပြောတာပါ' မိုင်ယာက ထိုမျှသာ ပြောသည်။

ဓာတ်ပုံ အမှတ် ၃ မှာ ကလော်ဒီယာ ကင်မရာကို ကျောခိုင်းကာ အိမ်တံခါးကို ဖွင့်နေသည့်ပုံ ဖြစ်သည်။ ဖွင့်နေသည့် သော့တံကိုမူ မမြင်ရ။ ပုံ ၄

mgyoe.com